www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး

★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး

★ ဖွံ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေအဍ္ဍလီ

## အပြာရောင်စက်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - L လင်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း။
အုံ့မြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

ရွှေအဥ္စလီ
အပြာရောင်စက်ကွင်း / ရွှေအဥ္စလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အပြာရောင်စက်ကွင်း

## အခန်း (၁)

"အပြာရောင်"

အော်ခေါ်သံက ဟိန်းခနဲ ထွက်သွားသည်။ အပြာရောင်က လုပ်လက်စ ကွန်ပျူတာကိုပိတ်၏။

"ရက်(စ်)...မာမား"

အသံပြန်ပေးကာ အိပ်ခန်းထဲမှထွက်သည်။ အပေါ်ထပ် အတွင်းဝရန်တာက ငုံ့ကြည့်လျှင် မေမေ့ကို ဧည့်ခန်းဖလယ်၌ တွေ့ရတာမို့ အပြာရောင်က လှေကားထစ်တွေကို တဒိုင်းဒိုင်း ပြေးဆင်းသွားရင်းက မြန်ဆန်မှုကို အားမလိုအားမရဖြစ်လာသည်။ ထို့ကြောင့် ကျွန်းဝါရောင်ပေါ်လစ်(ရှ်) ပြောင်နေသည့် လှေကား



www.burmeseclassic.com

www.burmeseclassic.com

လက်ရန်းတွေပေါ် လွှားခနဲတက်ခွကာ လျှောတိုက်ဆင်းတော့ အောက်ထပ် ဧည့်ခန်းမှ လည်ပြန်မော့ကြည့်သော ဒေါ်သုဇာ ဟယ်ခနဲ ဖြစ်သွားသည်။

"အပြာရောင်...ဆင်း၊ အခု ဆင်းစမ်း၊ ဘာလုပ်တာလဲ၊ ဒါ... ဒါ...ဘာလုပ်တာလဲ"

ဒေါ်သုဇာက အော်လည်းအော်အပြီး အပြာရောင်ကလည်း အောက်ထပ်သို့ ရောက်လာအပြီးမို့ အပြာရောင်က လည်ကုပ်ပွတ်ရင်း ပခုံးတွန့်ပြသည်။

"အဟီး...မစီးရ အမိန့်ထုတ်ထားတာ အပြာရောင် မေ့သွားလို့ မေမေ"

"မေ့စရာလား၊ ဒါ မေ့စရာလား"

"အား...မေမေ နာတယ်"

"နာပလေ့စေ...မိန်းကလေးတဲ့ ဟွန်း"

"လာစမ်း"

လက်မြန်မြန်နှင့် နားရွက်လှမ်းဆွဲတဲ့ မေမေ့ကြောင့် အပြာရောင်မှာ ရှောင်လင်သိုင်းကွက်တောင် နင်းချိန်မရဘဲ





စစ်တလင်း၌ အနိုင်ရသွားသော စစ်သူကြီးလက်ထဲ ပါသွားသည့် သုံ့ပန်းအလား ကုပ်ကုပ်လေး ပါသွားသည်။

"မိန်းကလေးတန်မဲ့ ဒါကြီး ခွမစီးရ၊ အပင်တွေပေါ် မတက်ရ၊ အိမ်ခေါင်မိုးပေါ် မတက်ရနဲ့၊ ငါပြောပေါင်းများပြီ၊ အပြာရောင်...ညည်းက အမှတ်မရှိတာလား၊ မအေ့စကား အလေးမထားတာလား"

"အပြာရောင်က အမှတ်မရှိတာမဟုတ်ပါဘူး မေမေရယ်၊ အလေးထားပါတယ် မေမေရဲ့"

"ဒါလားအလေးထားတာ အခုပဲကြည့်စမ်း"

"အဲဒါက ဟိုဟာပါ"

"ဘာဟိုဟာလဲ ညည်းနော်"

"အလေးမထားတာလည်း မဟုတ်ဘူး၊ အပြာရောင် တကယ်မေ့သွားတာပါ၊ နောက်မလုပ်တော့ပါဘူး၊ အပြာရောင် ကတိပေးပါတယ် မေမေရဲ့၊ တကယ်ပါ၊ နားကိုဆွဲထားတာကြီး လွှတ်တော့နော်၊ မေမေနော်"

မျက်နှာကိုရှုံ့မဲ့ရင်း မေမေ့ကို အသနားခံတော့ မေမေက



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ကို မျက်စောင်းထိုးသည်။

"ဟွန်း…တောင်းပန်တော့လည်း မျက်နှာငယ်လေးနဲ့"

ဒေါ်သူဇာက လက်ကို ဆောင့်ဖြုတ်ရင်း မျက်နှာကို မဲ့သည်။

"ညည်းကတိနဲ့ ညည်းနော် အပြာရောင်"

"ဟုတ်"

"ဘာဟုတ်လဲ"

"မေမေပြောတာ ဟုတ်ပါတယ်လို့ပြောတာ မေမေရဲ့၊ ဘယ်တုန်းကများ အပြာရောင်က ပေးပြီးသားကတိကို တည်ဖူးလို့လဲ"

"အေးလေ…ပေးလိုက် ဖျက်လိုက်နဲ့ ညည်းက"

ဒေါ်သူဇာက အပြာရောင် ပြောတဲ့စကားကို ယောင်၍ ခေါင်းညိတ်ထောက်ခံပြီးမှ သတိရသွားသလို ရှုံးရှုံးရွဲရွဲဖြစ်သွား၏။

"အပြာရောင်…ညည်း"

"ကြောက်ပါပြီမေမေရဲ့၊ နောက်ကို အပြာရောင် လိမ်လိမ်မာမာနေပါ့မယ်"

"ညည်းကြောင့် ငါစိတ်ညစ်တယ်အပြာရောင်"

လက်ကြီးက တရွယ်ရွယ်ဖြစ်လာကာ ခေါင်းပဲခေါက်တော့မလို၊ နားရွက်ပဲ ထပ်ဆွဲတော့မည့်ဟန် ရှိတာမို့ အပြာရောင်က မေမေနဲ့ဝေးရာသို့ ခြေတစ်လှမ်းရွှေ့ရပ်သည်။

"အပြာရောင် လိမ္မာပါပြီမေမေရဲ့၊ တကယ်ပါ အပြာရောင်ကိုယုံပါ"

"ဟွန်း…ပြောလိုက်ရင်တော့ ချောနေတာပဲ ပြီးမှ"

"မေမေကလည်း"

"ဘာမေမေကလည်း"

"ကိုယ့်ဘာသာ…လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြောပြီးမှ၊ အဲဒီသွားအကုန်ပေါ်အောင် ရယ်ပြတဲ့အကျင့်ကိုဖျောက်စမ်း"

"အပြာရောင်က မေမေ့ကိုချစ်လို့ပါ"

"ချစ်ရင် မိဘစကားနားထောင်"

"နားထောင်သားပဲလို့"

"ဘာနားထောင်တာလဲ၊ ညည်းကိုမြင်တာနဲ့ ပြောနေ







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရတာချည်းပဲ၊ အခုလည်း ဆူဖို့လာတာ၊ လာရင်းကိစ္စတောင် မေ့သွားပြီ"

"မေ့လက်စနဲ့ မေ့ထားလိုက်တော့နော် မမေ၊ အပြာရောင်လည်း လုပ်စရာရှိသေးလို့"

"ဟဲ့…ဒါကဘယ်လဲ နေဦး"

"အာ…မမေကလည်း အပြာရောင်အင်္ကျီကိုလွှတ်ပါ"

ပြောပြေး ပြေးမည့် အပြာရောင်အင်္ကျီစကို ဒေါ်သူဇာက လှမ်းဆွဲထားသည်။

"မလွှတ်ဘူး၊ ကိုယ့်သမီးအကြောင်းကိုယ်သိပြီးသား"

"မြန်းမြန်းလုပ်ပါမမေရဲ့"

"လာစမ်း ဒီမှာလာထိုင်"

ဒေါ်သူဇာက သမီးကို ဆောင့်ဆွဲကာ ခေါ်သည်။ အပြာရောင်က နားရွက်အောက်နားသာသာရှိသော လှိုင်းတွန့်ခွေခွေနှင့် ဆံပင်အကုပ်အား တမင်ပွအောင် ဆွဲဖွရင်း မမေချရာ ဆိုဖာမှာဝင်ထိုင်ရ၏။

လည်ပင်း ပြပြတီရှပ်က ပန်းဆီရောင်လက်ပြတ်ကိုမှ





ပေါင်လယ်လောက်ထိရှည်တာကို အနီရဲရဲ အသားကပ်ဘောင်းဘီက ဒူးအထက်ထိ တိုကပ်ကပ်မို့ ဖြူသောအသားက နှစ်နေအောင်ဝင်းသည်။

သွယ်တန်းသွားတဲ့ ခြေသလုံးအလှနဲ့ ခြေခုံဖောင်းဖောင်းမှာ ခြေချောင်းတွေနီရဲနေတာ၊ ခြေသည်းတွေ တိတိရိရိ ဖြတ်ညှပ်ထားတာကြောင့် ပန်းနုရောင်သမ်းနေတာ၊ ခြေဖနောင့်တွေ နီရဲနုထွေးနေတာတွေက ဘေးပတ်ဝန်းကျင်အား ဒီမှာကြည့်ပါဟူ၍ ရှိသမျှအလှတရားအား အလှူကြီးပေးနေသလိုရှိသည်။

"မိန်းမပီပီသသ လုံခြုံတာလေးဝတ်စမ်းပါ အပြာရောင်ရယ်၊ ခေတ်လည်းမီရမယ်၊ ဘောင်းဘီရှည် စကတ်ရှည်တွေများ ဒီဇိုင်းတွေလည်း ဆန်းမှဆန်း၊ လှမှလှ"

မအေက ပြောဖူးပါရဲ့။ ဝယ်လည်း ဝယ်ပေးဖူးပါရဲ့။ မအပြာရောင်က ဒါတွေကိုချောင်ထိုးသည်။

"လှပေမယ့် မလွတ်လပ်ဘူး မမေရဲ့၊ အတိုတွေက လွတ်လပ်တယ်၊ ပေါ့ပါးတယ်"

ဖအေရော သူ့မမိခင် ဒေါ်ပန်းဝေကပါ အပြာရောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးရသည်။

"ကလေးက အိမ်မှာနေရင်းဝတ်တာပဲ သူဇာရဲ့၊ ထား လိုက်ပါ"

"ဟုတ်ပါ့…မင်းမိန်းမ သူဇာက ငါ့မြေးကို အပျိုစိတ် သွင်းနေတာ မောင်ပြေရေ၊ တကတည်း ကလေးဆန်ဆန်နေတာ ကိုပဲ ဒင်းက ဆွဲချနေတာ ခုနစ်အို ရှစ်အို၊ ဟဲ့….ဒီခေတ်က ကိုးရိုးယားခေတ်၊ တိုလေ ခေတ်မီလေ၊ ညည်း ဒါတောင်မသိ ဘူးလား"

"ဒါဆိုလည်း အမေ့မြေး ခေတ်အမီလွန်သွားအောင် ဘာမှဝတ်ခိုင်းမနေနဲ့၊ ဒီအတိုင်းထား"

အဖေရော အဘွားပါ အပြာရောင်ဘက်ကဆိုတော့ စိတ်ပေါက်ပေါက်နှင့် ရွဲ့ပြောရတာ အကြိမ်ပေါင်းမနည်းတော့။ ဒီအိမ်မှာ ဒေါ်ပန်းဝေက သူမအမေပေမယ့် ပြဿနာဖြစ်ကြပြီ ဆိုလျှင် အပြာရောင်တို့အဖေ ဘက်တော်သား။

"ငါ့သမက်ပြောတာ မှန်တယ်"

"ငါ့သမက်က သမာသမတ်ကျတယ်"





"သူဇာက တယူသန်၊ တစွတ်ထိုးသမား"

သမီးဘက်က ဘယ်အခါမှမရှိခဲ့။ မြေးကျပြန်တော့လည်း အမေနှင့်တစ်ဖွဲ့တည်းဖြစ်သွားကာ ကိုးရိုးယောက် မြန်မာတွေအဖြစ် စည်းစည်းလုံးလုံး ရှိကြပြန်၏။ အပြာရောင် ဘာလုပ်လုပ် အမေ မသိတာမရှိကာ အပြာရောင်လုပ်သမျှ တက်တက်ကြွကြွ အားပေး တတ်တာလည်း အမေပဲဖြစ်၏။

ဒေါ်သူဇာက ဒီအိမ်ရာဇဝင်ထဲ စိတ်တို့ တစ်ပတ်လောက် ခြေဆန့်ပြီးမှ ရှေ့တွင်ထိုင်နေသော အပြာရောင်ထံ အကြည့်ရောက် သည်။ အောင်မာ…ဆူပူမလို့ ထိုင်ခိုင်းထားတာကို ဒင်းက တီဗီတွေ ဘာတွေ ထဖွင့်ပြီး ချန်နယ်(လ်)တွေ တစ်လိုင်းပြီးတစ်လိုင်း ပြောင်းကြည့်နေတာက အေးဆေးသက်သာစွာဖြစ်သည်။

"အပြာရောင်"

"ဟုတ်…မေမေ"

ပြန်ထူးပေမယ့် မျက်လုံးက တီဗီမှမခွာ။

"ညည်း ဘာအဖြစ်လုပ်ထားလဲ သိလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



တီဗီရှေ့ပိတ်ရပ်ကာမေးသော မေမေ့အား အပြာရောင်က ခေါင်းရမ်းသည်။

"ဒီမနက် အပြာရောင် မျက်နှာလည်းသစ်တယ်၊ ရေလည်းချိုးထားတယ်၊ မေမေမကြိုက်တာ ဘာမှမလုပ်ရသေးဘူး"

"တစ်လမှာ တစ်ခါလောက် နီးနီးချင်း မျက်နှာသစ်တာ လာပြောမနေနဲ့၊ ငါပြောမှာ ညည်း ရည်းစားထားတဲ့အကြောင်း"

"ဩော်…အဲဒါအပြစ်မှမဟုတ်တာ မေမေရဲ့၊ အပြာရောင် ရည်းစားထားတာ ဖွားတောင်သိတယ်"

"အေး…ရည်းစားက တစ်ယောက်ဆိုတော်ပေါ့၊ အခု ညည်းထားထားတာ သုံးယောက်"

"အဲ"

အဲခနဲဖြစ်ကာ အပြာရောင်က ပါးစပ်လည်းပြဲ၊ မျက်လုံးတွေပြူးသွားသည့်ကြားမှ မျက်ဆန်နက်တွေ ချာချာလည်အောင် ထောင့်ကပ်ပြီး စဉ်းစားတာက တရားခံဘယ်သူလဲဆိုတာ။

ရည်းစားသုံးယောက်ထားတာကို သိတဲ့သူဆိုလို့ ဖွားပဲရှိတာမို့ ဖွားက အတို့အထောင်လုပ်တာတော့ မဖြစ်နိုင်။ ဒါဆို





မယ်ကဲတို့ ဒေါ်ဖြိုးတို့ဆိုရင်ရော…။

"မေမေ့ကို ချွန်တွန်းလုပ်သွားတာ ငကဲတို့လား၊ ဟွန်း… ဒါဆိုရင်တော့ တွေ့ကြပြီပေါ့၊ အလကားဟာမတွေ၊ အလိုတူ အလိုပါ ခင်းတို့က ထောက်ခံပြီးမှ"

ပြောရင်း အပြာရောင် နှုတ်ခမ်းစူသည်။

"တော်စမ်း…သူများကို လျှောက်ရမ်းမနေနဲ့၊ ဘယ်သူမှပြောတာမဟုတ်ဘူး၊ ညည်းရဲ့ အဲဒီရည်းစားသုံးယောက်က အိမ် အထိရောက်လာတာ"

"ရှင်"

ဒီတစ်ခါတော့ အပြာရောင် မျက်လုံးပြူးကာ ရင်ဘတ်ဖိပြတာလည်း ကိုးရိုးယားကားတွေနဲ့ သဏ္ဍာန်လုပ်သရုပ်တူ။ ဒေါ်သူဇာက သမီးဖြစ်သူ ရဲ့ အကယ်ဒမီရှော့(ခ်)ကို မဲ့ကြည့်သည်။

"ပုလုံး…ပစ္စည်းတွေအားလုံးယူခဲ့"

"ဟုတ်ကဲ့ မေမေကြီး"

"ဘာတွေလဲမေမေ"

"သိချင်ရင် ကိုယ့်ဘာသာကြည့်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သူဇာ နောက်လှည့်အမိန့်ပေးလိုက်သည်နှင့် အမည်နှင့်လိုက်အောင် ပုလည်းပု လုံးလည်းလုံးသည့် ပုလုံးက ချောကလက်၊ ပန်းစည်းနှင့် တစ်တောင်ခန့်ရှိသည့် ဘူးရှည်ရှည်ကြီး၊ ကြိမ်လုံးကိုပါ တစ်ခါတည်းယူလာခဲ့၏။

အပြာရောင်က မှန်စားပွဲပေါ် စုပြုံချသည့် လက်ဆောင်တွေအား လည်ပင်းရှည်ကြည့်သည်။

"ရည်းစားသုံးယောက်ဆိုတော့ မေကြီးက သမီးကို စိတ်ပူသွားမှာပေါ့၊ အဟိ…တကယ်တော့ အပြာရောင်တို့ တစ်ခါမှ အပြင်မှာမမြင်ဖူးဘူး မေကြီးရဲ့"

ချွဲနွဲ့ခါနီးတိုင်း အဆူအပူမခံရအောင် လှည့်ပတ်ပြောတော့မယ့် အခါတိုင်း အပြာရောင်တို့က အဲဒီလိုအခေါ်အဝေါ်ပါ ပြောင်းပစ်တာ ထုံးစံ။ ဒေါ်သူဇာက ခါးလာဖက်ပြီး ကန္တကလျ လုပ်လာတဲ့ သမီးအား ခပ်တင်းတင်း မျက်လုံးစွေကြည့်သည်။

"တကယ် မေရဲ့၊ မယုံရင် ဘွားကိုမေးကြည့်၊ အပြာရောင်တို့ အင်တာနက်မှာ ရည်းစားဖြစ်တာ၊ အဲဒါ အပြာရောင် လိပ်စာပေးမိတာနဲ့ ဒီနေ့ ဗယ်လင်တိုင်းဆိုတော့ လက်ဆောင်





ထားပေးတာ နေမှာပေါ့"

"အင်တာနက်မှာ ရည်းစားဖြစ်တာ"

ဒေါ်သူဇာက သံယောင်လိုက်ရွတ်သည်။ ဒါကြောင့် ဘွားအေရော မြေးရောက အားတိုင်း ခေါင်းချင်းဆိုင်ပြီး ဒီလက်(ပ်)တော့ကို အသဲအမဲ ကြည့်ကြတာကိုး။ နေနှင့်ဦး··တွေ့မယ်လို့ စိတ်ထဲက တိတ်တိတ်ကြုံးဝါးသမျှ အပြာရောင်ကတော့ မရိပ်မိ။

"အဲဒါကြောင့် မေမေ တအားကြီးစိတ်မပူနဲ့လို့၊ စိတ်ချ… မေ့သမီးလေး ဘာမှမထိခိုက် မပွန်းပဲ့ဘူး၊ တွေ့လား၊ လက်ဆောင် တောင် အချောင်ရလိုက်သေး"

အပြာရောင်က လက်ဆောင်တွေတင်ထားသော စားပွဲရှေ့ ဒူးထောက်ထိုင်ချရင်း ပစ္စည်းတွေကိုကြည့်သည်။

"ချောကလက်က ဘွားကိုပေးရမယ်၊ ဘွားအကြိုက်၊ ရည်းစားစာပြန်ရေးတော့ ဘွားရဲ့ဒိုင်တွေ ထည့်ရေးထားတာကိုး မေမေရ၊ နှင်းဆီပန်းတွေက မေမေ ဘုရားအိုးထိုးလိုက်၊ ဒီရေမွှေးဘူးက အပြာရောင်အကြိုက်၊ ဒီ ကြိမ်လုံးက…"

အပြာရောင်က ခွဲတမ်းချ၍ ကျန်သောကြိမ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com

လက်တစ်ဖက်က ဆကြည့်ပြီး မေးခွန်းထုတ်သည်။

"ဒါကဘာလဲ"

"အချစ်နဲ့ကြိမ်လုံး ဘာမှလည်းမဆိုင်ဘူး"

"အေး…ညည်းနဲ့ကြိမ်လုံးကတော့ အဆိုင်ကြီး ဆိုင်တယ် အပြာရောင်၊ ဒီလောက်စပ်ဆော့တဲ့ကလေးမ လာစမ်း"

"ရှီ"

"အမလေး…နာတယ်မေကြီးရဲ့"

မေမေက ဆတ်ခနဲဆွဲယူပြီး ရှတ်ခနဲ ရိုက်တော့ ဝင်းမွတ်သော ခြေသလုံးသားမှာ ဖျင်းခနဲစပ်သည်။ နာကျင်ခြင်းနှင့်အတူ အပြာရောင် သတိဝင်လာကာ လှည့်ပြေးသည်။

"ဒါကဘယ်လဲ လာခဲ့…လာခဲ့စမ်း"

"အား…မေမေ မလုပ်နဲ့၊ နာတယ် မေမေရဲ့"

"နာအောင်ရိုက်တာလေ၊ ထားချင်ဦးဟဲ့ ရည်းစား၊ အဲဒီ အင်တာနက်လည်း ငါဖြတ်မယ်၊ လက်(ပ်)တော့လည်း ရောင်းပစ်မယ်၊ အပြာရောင် ညည်းမပြေးနဲ့နော်"

"မေမေ့ကြိမ်လုံးကြီးက နာတယ်လို့ဆို"





"ဘွားရေ…ဘွား"

"ဘာဘွားလဲ"

"ကဲဟယ်"

"ရှမ်း"

"အမလေး"

ဒေါ်သူဇာက ကြိမ်လုံးကြီးတယမ်းယမ်းနှင့် လိုက်သည်။ အပြာရောင်က ပစ္စည်းတွေ ဆိုဖာတွေကို လွှားခနဲ လွှားခနဲ ခုန်ပျံ ကျော်လွှားကာ လွတ်အောင်ပြေးရင်း ပါးစပ်ကလည်း အငြိမ်မနေ။

"ဘွား…ဘယ်ရောက်နေလဲ၊ မြေးရဲ့အဖြစ်ကို မြင်လှည့် ဘူလှည့်ပါဦး ဘွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သနားစရာပဲ"

"ဆက်စမ်းပါဦး၊ နင် အဆော်ပလော်ခံရတဲ့အကြောင်း"

"ဆက်ရုံဘယ်ရမလဲ၊ ချွတ်ပြ"

"ဟွဲ...ဘာလဲ"

"ဘောင်းဘီလေ၊ အရှိုးရာကြည့်မလို့ပါ၊ တလွဲမတွေးနဲ့"

ကဲကဲက နှာခေါင်းရှုံ့၍ ရှပ်ပြောင်လုပ်ပြီးပြောတော့ ဖြိုးဖြိုးက တဟီဟီနှင့် ပခုံးလှုပ်ပြီးရယ်သည်။

ယုယဆိုတဲ့ ချစ်စဖွယ် ကောင်းသော အမည်ကို ပိုင်ထားလာမယ့် ပေါင်နှစ်ရာကျော်၍ ယုဝဖြစ်သွားသော သူမက ဒိုးနပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ပြရင်းက စိတ်ရှုပ်ဆဲရှိ သည့် အပြာရောင်ပန်းကိုခွဲဖက်သည်။

"စိတ်ညစ်ပြီး ဒိုးနပ်တွေ ဖိစားဖို့ကြံမနေနဲ့၊ ပြီးခဲ့တာတွေ မနေ့ကထဲမှာထားခဲ့၊ ဒီနေ့အထိ ယူမလာနဲ့လေ၊ ကဲ...ပြောပါဦး၊ နင်အရိုက်ခံရသေးလား"

အပြာရောင်က မုန့်ဖန်းနှင့် အအေးခွက်ကို သယ်ရင်း သူငယ်ချင်းတွေဘက် လှည့်သည်။

"ငါပဲဟဲ့၊ အဲဒီလောက်ညံ့မလား"

"အေး...ပြောပါဦး၊ တော်ကြောင်းလေး"

"နင့်ကိုရိုက်တုန်းက နင့်အတွားမရှိဘူးလား အပြာရောင်"

"နိုး"

"ဘွားရှိရင် အပြာရောင်ကို မေမေက ဒီလိုလုပ်ပါ့မလဲ၊ သိတယ်မဟုတ်လား၊ အပြာရောင်တို့က ဘွားရဲ့အသည်းနှလုံး၊ ဘွားရင်ထဲ အပြာရောင် တစ်ချက်ဝင်ချုံလိုက်တာနဲ့ အားလုံးအိုကေပဲ"

"နင့်ဘွားက ဘယ်သွားနေလို့လဲ"

မုန့်မှာရှဲပြီးစီးနိုင်သော ကဲကဲက လှမ်းအော်သည်။





အပြာရောင် နောက်လှည့်မျက်စောင်းထိုးလိုက်၏။

"ဘွားကလည်း မနေ့က သူ့ဘော်ဘော်ပို့လိုက်တဲ့ သစ်ခွမျိုးတွေကို လူကြုံအိမ်မှာ သွားယူတာတဲ့ဟေ့၊ အဲဒါနဲ့ ငါ့မှာ ခြံကို နှစ်ပတ်လောက်ပတ်ပြေးပြီး ခြံနောက်က ပုန်းညက်ပင်ကြီးမှာ စောင်းရှောင်နေလိုက်ရတယ်"

"သနားစရာဟယ်"

တကယ်သနားတာလည်း မဟုတ်ဘဲနဲ့ တမင်ကပ်ကြံ ပြောသည့် ကလီကမာပြောတဲ့အသံ ထွက်လာပြန်သည်။

နေ့လယ်ခင်းမို့ ဆိုင်ထဲ စားပွဲပြည့်လူပြည့်။

အပြာရောင်တို့က တစ်ယောက် ဖန်းတစ်ဖန်းစီကိုင်ပြီး စားပွဲလွတ်တွေကို လည်ပင်းရှည်ရှုံမက မျက်လုံးပါပြူးပြီးရှာရသည်။ တွေ့ပြန်တော့လည်း နှစ်ယောက်စာပဲ နေရာလွတ်တာမျိုးမို့ သွားဝင်ထိုင်လို့မဖြစ်။ ကိုယ်တွေက လေးယောက်မို့ လေးယောက် စာနေရာရှိမှ အဆင်ပြေမည်။ ထို့ကြောင့် ဟိုဟိုဒီဒီကြည့်ရင်း မိုးတိုး မတ်တတ် စကားများရသည်။

"နင် ရက္ခစိုးနတ်မင်းကြီးအဖြစ် ဘယ်လောက်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



နေရသလဲ''

ဖြိုးဖြိုးက ဟိုးနောက်ဆုံးမှ လှမ်းမေးသည်။

''ကြာတာပေါ့''

''ဘွားရော ဒယ်ဒီဖားသားရောက မိုးချုပ်မှပြန်လာတာ လေ၊ ငါ့အမေကလည်း ပုန်းညက်ပင်အောက် ကြိမ်လုံးတယမ်း ယမ်းနဲ့ စောင့်နေတာကိုးဟ''

''အန့်တီသူဇာက မရဘူးနော်၊ မျက်နှာတည်ကြီးနဲ့ လုံးဝ အလျှော့ပေးမယ့်ပုံမရဘူး၊ ဘွားနဲ့ သားအမိဆိုတာ မယုံချင်စရာ''

အပြာရောင် သူငယ်ချင်းတွေအားလုံးက ဘွားနှင့် ရင်းနှီးတာထက်ပိုသော ဆက်ဆံရေးတွေ ကိုယ်စီရှိပါသည်။

ဘွားနှင့်ဆို ပွင့်ပွင့်လင်းလင်း ဟေးဟေးဟားဟားရှိသလောက် မေမေ့ရှေ့ဆို အလိုလိုမျက်နှာပိုးလည်းသတ်၊ ကိုယ်ရှိန်လည်းသတ်သွားစမြဲ။ မေမေ့အကြောင်း တွေးမိသောအခါ မနေ့က အရိုက်ခံရသောနေရာက စပ်ဖျင်းဖျင်းဖြစ်လာသည်။

''မေမေတို့များ သိပ်ရက်စက်တာပဲ၊ ကိုယ့်သမီးလေး တစ်ယောက်တည်းရှိတာကို၊ ရိုက်ရက်တယ် တကယ်''





မျက်နှာကိုမဲ့ပြီး အသံမထွက်အောင် တိတ်တိတ်ရွတ်သည်။

''ဟယ်...အပြာရောင်၊ ရှေ့မှာ စားပွဲလွတ်ပြီ''

ယုဝရဲ့ ဝမ်းသာအားရအော်သံနှင့်အတူ လူလေးယောက်ဝါ တစ်ပြိုင်တည်းထရပ်တာ အပြာရောင်က မြင်လိုက်ရတာမို့ ဘာဘီကိုငဲ့မကြည့်အား၊ လွတ်သွားတဲ့စားပွဲဆီ ဝရန်းသုန်းကားခြေလှမ်းတွေနဲ့ ဦးတည်သည်။

''ဒုန်း''

''ဟဲ့...ပလုတ်တုတ်''

''ဟာ...ဟိတ်''

''အင့်''

ကိုယ့်မှန့်ဗန်းက တစ်စုံတစ်ယောက်ကို ကျကျနနဝင်ဆောင့်မိတာ သိသည်။ ရုတ်တရက် ဘယ်သူလဲလို့ရှာရန် ခေါင်းအငုံ့ ကိုယ့်ဗန်းအား အောက်ကပင့်တိုက်သော ခေါင်းတိုက်ချက်က ဒုတိယအကြိမ်။

''ဟာ''



www.burmeseclassic.com

www.burmeseclassic.com



"မစ်(စ်)ရှိုတ်တွေ မှောက်ကုန်ပြီ"

"ဟေး"

"အယ်"

အပြာရောင်က ယောင်ယမ်းအော်သော နှုတ်ခမ်းကို လက်ဖဝါးနှင့်ပိတ်ကာ သူငယ်ချင်းတွေကို စစ်ကူခေါ်ပြီး လှည့်ကြည့်သည်။

"သောရီး"

"ဖယ်စမ်းပါ"

"အိုး"

ကြမ်းကြမ်းတမ်းတမ်း ဆွဲအဖယ်ခံရသောကြောင့် စတော်ဘယ်ရီမစ်(ခ်)ရှိတ်တွေက ဇန်းထဲ စောင်းကျရာမှတစ်ဆင့် ဝှန်းခနဲ ထရပ်သူရဲ့ ရင်ဘတ်ဆီ လျှောတိုက်စီးဆင်းသွားခဲ့သည်။

ဖြစ်ရပ်တွေက ဆက်တိုက်လို ဖြစ်သွားတာမို့ နောက်မှ သုံးယောက်ရော အပြာရောင်ပါ ဘာတစ်ခွန်းမှမပြောနိုင်။ ဒေါသ တွေကြီးနေသည့် ရှေ့မှလူကို အံ့သြတကြီး ကြည့်ရင်းက ခေါင်းကို ဇန်းနှင့် နှစ်ချက် ဆင့်အတိုက်ခံရတာကို တွေးပြီး တောင်းပန်တာ





ထက် ရယ်ချင်စိတ် ပိုများလာ၏။

"ဟို…ဟိုလေ…အပြာရောင်က"

ကြည့်စမ်း…စက်ကွင်းမျက်နှာက ရဲခနဲ ဖြစ်သွားသည်။ ရှက်စိတ်နှင့် ဒေါသက ပူးတွဲချုန်ပီယံ ယှဉ်ပစ်လိုက်သလိုမို့ မျက်လုံးထဲ ဘာဆိုဘာမှမမြင်တော့။ ပျာပျာသလဲ တောင်းပန်ရမည့်အရေးမှာ ပြုံးစိစိဖြစ်နေသော မျက်နှာတွေက မလိမ်မိုး မလိမ္မာရုပ်တွေနှင့်ဖြစ်သည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မင်းမှာ မျက်စိမပါဘူးလားကွဟင်"

"မျက်စိပါတယ်လေ၊ ဒီမှာမတွေ့ဘူးလား"

အောင်မာ…သူမကပဲ တစ်ပြန်စီး။ စက်ကွင်းရှေ့မှာ ခြေဖျားထောက်၍ မျက်လုံးပြူးပြသည်။ ပြီးမှ စပ်ဖြဖြမျက်နှာနှင့် လူကို ပခုံးတွန့်ပြသည်။

"မျက်စိပါရင် ဘာလို့ငါ့ကိုဝင်တိုက်တာလဲ"

"သြော်…ဒါကဒီလိုလေ"

"ဒီဇန်းမှာတော့ မျက်စိမပါဘူး၊ အဲဒါကြောင့် ဝင်တိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသွားတာပေါ့၊ ခစ်…ဗန်းကိုယ်စား အပြာရောင်ကပဲ တောင်းပန်ပါတယ်”

“မင်းတောင်းပန်တိုင်း ငါကကျေနပ်ရမှာလား”

“မတော်တဆဖြစ်တာကို”

“ဘာ…မတော်တဆလဲ၊ လုပ်ချင်ရာလုပ်ပြီးမှ တောင်းပန်တော့ အဆိုပဲ”

အပြာရောင်က မှုန်ကုပ်ကုပ်နှင့် ဗလိုင်းကြီး လာယောက်နေသော ပုဂ္ဂိုလ်အား မမြင်ဖူးတဲ့အတိုင်း မျက်တောင်ကို သုံးလေးချက် ဆတ်တိုက်ပုတ်ခတ်ပြီး ကြည့်ပေးလိုက်သည်။

ထိုလူနှင့် တစ်ဝိုင်းတည်းထိုင်ကာ တစ်ဖွဲ့တည်းဖြစ်ဟန်တူသူတွေကလည်း အလန့်တကြား မျက်ဝန်းတွေနှင့် အပြာရောင်တို့အား စိုက်ကြည့်၏။ ရှေ့မှလူကတော့ ခါးထောက်ကာ ဒေါသမုန်တိုင်း ထန်ကောင်းဆဲဖြစ်သည်။

“ဒီမှာ မင်းလုပ်လိုက်လို့ ငါ့အင်္ကျီစွန်းသွားပြီ၊ တွေ့လား”

“တွေ့သားပဲ”

“ဒီအင်္ကျီ တစ်ထည်ဘယ်လောက်တန်လဲ၊ မင်းသိလား”

“ဟွန့်…မသိချင်ပါဘူး”





အစကတော့ တောင်းပန်မယ့်စိတ်ရင်းနဲ့ပေမယ့် သူကတင်းတော့လည်း ကိုယ်က မာရုံပေါ့၊ အပြာရောင်က မေးဖျားကိုဆတ်ခနဲမော့ရင်း ဆရာကြီးဝိုက်(ဒ်)ဆိုဒ်ဖမ်းနေတဲ့ သူ့အား ခေါင်းစခြေဖျားအထိ မျက်ဝန်းတွေကို အစုန်အဆန်ကြည့်သည်။

“သိချင်လည်း ရှင့်မမေးဘူး၊ ရှော့ပင်း(န်)စင်တာတွေမှာ ဈေးနှုန်းစုံစမ်းလိုက်မယ်၊ ဒီလိုအင်္ကျီတွေ ဘယ်ပုံလို့”

“မင်းကို ငါ ဈေးနှုန်းမေးနေတာမဟုတ်ဘူး”

“ဒါဖြင့်ဘာမေးတာလဲ”

“တန်ဖိုးသိအောင်ပြောတာ”

“ဟွန်း…ဘာထူးလို့လဲ”

ပေတေတေ ဂျစ်တစ်တစ်ရုပ်အား ဆောင့်ဆွဲခါကာ ဝင်လယ်ထဲ လိမ့်ကန်ချင်တဲ့အထိ ဒေါသဖောင်းပွနှုန်း မြင့်တက်လာသည်။ စက်ကွင်းက ဖြူလွလွအင်္ကျီရင်ဘတ်အား တဆတ်ဆတ်ခါသည်။

“ဒီမှာ”

“ပြောပါ”

“ဈေးကြီး၊ အစွန်းအထင်းမခံတဲ့ ငါ့အင်္ကျီ မင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စွန်းသွားပြီ၊ အဲဒါ ဘယ်လိုရှင်းမလဲ ပြော"

"အသစ်တော့ မလျော်ပေးနိုင်ဘူးနော်၊ ရှင်းပေးလို့ရတာက ချုပ်လိုက်"

"ဘာ"

"ရှင့်အင်္ကျီကို ချုပ်လိုက်လို့ပြောတာ"

"မင်းဘာစကားပြောတာလဲ"

"လူစကား"

"ခစ်...ခစ်"

နောက်ပါးက ရယ်သံတွေထွက်လာတာက မကြားကြားအောင် ဝိုင်းရယ်တာမျိုး။ စက်ကွင်းမျက်နှာတွေ တရှိန်ရှိန် နွေးလာတာ သိသာသည်။

လူတွေကြားထဲ တမင်တကာ လက်ညှိုးထိုး လှောင်ပြောင် အရွှက်ခွဲနေတာမျိုး။ စက်ကွင်းရှေ့က ကလေးမကတော့ တမင်တကာပင် လက်ညှိုးလေးနှင့် သူ့အင်္ကျီစကို တို့ထိသွား၏။

"ရှင့်အင်္ကျီတန်ဖိုးကို အပြာရောင်မလျော်နိုင်ဘူးရှင့်"

"ကိုယ့်ကိုယ်ကိုတော့ သိသားပဲ"

"သိပါတယ်တဲ့ရှင်"





"

"သိလို့ စွန်းနေတာတွေ ပျောက်သွားအောင် အိုက်ဒီနဲ့လျှော်ပေးမယ်၊ ဆန္ဒရှိရင် ဟိုဘက်ဝိုင်းကိုလာခဲ့၊ စိတ်မဆိုးတတ်ဘူးဆိုရင် အဟွန်း...အင်္ကျီချုပ်ပေးဖို့တော့လိုမယ်နော်"

"ကျစ်...မိန်းကလေးတဲ့ကွာ"

စကားပြောပုံက အချိုးမပြေရုံတင်မဟုတ် သူမှားကအဖြတ် ဝခုံးတစ်ဖက်ကို တွန်းချိတ်ဖြတ်ထွက်သွားရင်း စက်ကွင်းကို မျက်စိတစ်ဖက်တောင် မှိတ်ပြသွားသေးသည်။

"တောက်"

မချိမဆန့် ဒေါသအား တက်တစ်ချက်ခေါက်၍ ဖောက်ခွဲပစ်ရင်း တွေ့ရသော သူမက တကယ့် ဂျစ်ပစီမ။ ဒါပေမယ့် ရုပ်ကလေးက မှုံနေအောင်ချောလွန်းလှလွန်းတာကိုတော့ ဒေါသဖြစ်နေသည့်ကြားက သတိထားဖြစ်အောင်ထားလိုက်မိတာကိုတော့ ဝန်ခံရမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဩော်…တကယ်ပါဆို၊ ကြည့်…ကျေးဇူးတင်တယ် ဆိုတာ နောက်ပြီးပြောတဲ့စကားလား၊ ဒီနေ့ ဒီအချိန်အထိ ပန်းဝေ အကြိုက်ကို မှတ်မိနေတဲ့အတွက် တကယ်ကျေးဇူးတင်တာ"

ဖုန်းပြောနေသည့်ဘွားက သူ့ကိုယ်သူ ပန်းဝေဆိုပါလား။ ဒေါ်ပန်းဝေ၊ အမေ၊ အဘွား အစရှိသဖြင့် ခေါ်ကြသည့်အထဲ ဘွားက ရွယ်တူချင်းတောင် ကျွန်မက ဘာညာနဲ့ သုံးတတ်တာ ဆို၊ အခုတော့ ပန်းဝေဆိုတော့ အပြာရောင် ဘွားကိုကြည့်ရင်း ခစ်ခနဲအသံထွက်ရယ်လိုက်သည်။

"ခစ်…ခစ်"



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ရှိနေတာ ဘွားကမသိ။

အပြာရောင်က အသံမထွက်အောင် ကျိတ်ရယ်ရင်း ချောင်းနားထောင်နေတဲ့တံခါးကို နည်းနည်းပိုကျယ်အောင် ဖွင့်သည်။ ဘွားက တံခါးဝဘက်ကို ကျောခိုင်းထားတာမို့ အပြာရောင် ဝင်လာတာလည်းမတွေ့၊ အပြာရောင် ချောင်းနေတာလည်း မမြင်။

"ကြိုက်ပါတယ်၊ အရောင်စပ်ထားပုံလည်း လှတာပဲ၊ အို…ထပ်မပို့ပါနဲ့ဦး၊ အားနာစရာ"

အဘွားရဲ့ ကန့်ကလန့်အသံတွေပါ ထပ်ကြားရတော့ အပြာရောင်ရင်ထဲ စိတ်ဝင်စားခြင်းက ရှိရင်းစွဲထက် ပိုလာသည်။ ထို့ကြောင့် ကိုယ်ကိုရှေ့သို့ကိုင်းပြီး ရှိသမျှ အတွင်းအားကုန်ထုတ်ကာ ထပ်နားကိုစိုက်သည်။

"ဒါ ဘာလုပ်နေတာလဲ အပြာရောင်"

နောက်မှ ကုန်းနေသော တင်ပါးကို ဖတ်ခနဲလှမ်းရိုက်၍ အပြာရောင်က လန့်ဖျပ်ပြီး နောက်လှည့်ကြည့်သည်။

"အာ…မေမေ"

"ဘာ မေမေလဲ၊ ဘွားအေအခန်းထဲ မဝင်သေးဘဲ





တုန်းကုန်းကွကွနဲ့ ဘာချောင်းနေတာလဲ"

"အာ…ရှူး…တိုးတိုး၊ ဘွား ကြားသွားတော့မှာပဲ"

အပြာရောင်က ခြေတွေဆောင့် လက်တွေခါရင်း မေမေ့ကို ဝိတ်တော့ ဒေါ်သူဇာ့မှာ ထူးဆန်းခြင်းတွေနှင့် လည်ပင်းရှည်ကြည့်တာ ဒေါ်ပန်းဝေရဲ့အခန်းကိုပါ။

အခု အပြာရောင်လည်း မေမေနှင့်ပြိုင်တူ ဘွားအခန်းဆီ လှည့်ကြည့်တော့ ဘွားက ဖုန်းချလိုက်ဟန်တူသည်။ မချိုမချဉ် မျက်နှာနှင့် အကျီတွေဆွဲဆန့်ပြီး မှန်ကြည့်နေတာ ဆယ်ကျော်သက်လေးနှင့်တူသည်။ အပြာရောင်က ခါးထောက်ကာ သူခိုးဖမ်းသည့် မျက်ဝန်းတွေနှင့် အခန်းထဲဝင်သွား၏။

"ဘွား"

"ဘာလဲ ဒီသားအမိနှစ်ယောက်"

"ဘွား…ခုနက ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

"အမယ်…ရပ်ကိုက ပုလိပ်ရပ် ရဲလေနဲ့၊ ဘယ်သူနဲ့ပြောပြောပေါ့၊ ညည်းအပူလား"

"အပြာရောင်သိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကဘာသိတာလဲ"

"ဒီလိုပဲသိတာပေါ့အဘွားရဲ့"

"ခစ်…ခစ် အပြာရောင်ကို ဒီလိုလာမလိုမ့်နဲ့နော်၊ ဒါမျိုးဒီဇိုင်းက အပြာရောင်တို့ အတည်ပေါက်နဲ့ ဖီဟောက်တဲ့ ဒီဇိုင်း၊ ဒီ ဒီဇိုင်းဖမ်းပြီဆိုတာနဲ့ နောက်ကွယ်မှာ လျှို့ဝှက်ချက်က ရှိပြီးသား၊ ကဲ…ပြော ခုနက အဘွားနဲ့ပြောနေတာ ဘယ်သူလဲ"

"သိပြီးတော့ဘာလုပ်မလို့လဲ"

"လုပ်သင့်တာလုပ်မှာပေါ့ဘွားရဲ့"

မေးဖျားကို လက်ညှိုးလက်မနှင့် ပွတ်ဆွဲပြီး အပြာရောင် မေးပုံက တကယ့်လူကြီးတစ်ယောက်လို။ အိမ်နေရင်းမို့ ကြိုးသိုင်း ဂါဝန် ပန်းဆီရောင်ကြောင့် ဖြူနုသော ကျောပြည့်ပြည့်လေးကို အသည်းတယားယားနှင့် ဒေါ်သူဇာက ဖိတ်ရိုက်ပစ်ချင်သည်။

ကိုယ့်သမီးက ကလေးဆန်တာကို ချစ်ရပေမယ့် တစ်ခါ တလေကျ ကလေးအဆန်လွန်ပြီး ပေါတောတောဖြစ်သွားတာကို လည်း သိပ်မကြိုက်ချင်။ ဒေါ်ပန်းဝေနှင့် အပြာရောင်ကတော့ ထုံးစံအတိုင်းပေါ်တာတွေ ဘာတွေလည်းမသိ။ အပေးအယူ





တည့်နေပုံရသည်။

"အမှန်ပြောရမှာလား၊ လိမ်ရမှာလား"

"ဘွားနော်··အပြာရောင် ကြတော့ အမှန်အတိုင်းပြောရပြီး ဘွားကြမှ ညာမလို့လား၊ အပြာရောင်ကျတော့ ရည်းစားထားတာ အစ ရည်းစားတွေပေးတဲ့ မုန့်အဆုံး ဘွားကိုကျွေးရပြီးတော့၊ သူ့အလှည့်ကျတော့"

"အမယ်လေးအေ…ပြောပါ့မယ်၊ တကတည်း၊ စကား မှာထိုးတာ ဘွားအေကို ချက်ကောင်းထိအောင်ပဲကိုး၊ အခုန ငါနဲ့ မှန်းပြောနေတာ အဲဒါ ဘွားငယ်ချစ်ဦး"

"ဟယ်…တကယ်"

"တကယ်ပေါ့"

"တွေ့လားမေမေ အပြာရောင်ပြောတာ ဘယ်လောက် မှန်လဲ"

သမီးနောက်မှာရပ်နေသည့် ဒေါ်သူဇာ အသက်ရှုရပ် တောက် အံ့သြသွားသည်။ အမေပြောပုံက တကယ့် မာန်ပါပါ ဆန်ပါပါဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဘာလဲမိသူဇာ"

"အမေပြောတာ တကယ်ထင်နေဦးမယ်"

"တကယ်ပြောနေတာပဲ"

"ဟောတော်"

"ခစ်…ခစ်"

သတိပေးသလို လှမ်းဟန့်တာ သမီးဖြစ်သူ ယုံသွားမှာ စိုး၍ပါ။ သို့ပေမယ့် အပြာရောင်ကဖြင့် လက်ဝါးနှစ်ဖက်ကို တဖျပ်ဖျပ်မြည်အောင်တီး၍ အော်ရယ်သည်။

"ဒါမှဘွားကွ"

"အမေနဲ့တော့ခက်နေပြီ"

"ဘာမှမခက်ဘူး တကယ်ပါဆို"

"အခုပဲ အမေ့အသက် ခြောက်ဆယ်ကျော်နေပြီ"

"အဲဒါဘာဖြစ်လဲ"

"ခြောက်ဆယ်ကျော်တာနဲ့ အချစ်မရှိရတော့ဘူးလား"

"ဟေး…ဒါမှ အပြာရောင်အဘွား၊ အဘွားကြီးကွ"





"အပြာရောင် ညည်းပါးစပ်ပိတ်ထား"

"ပျော်လို့ပါမေမေရဲ့"

"ဒါ ပျော်စရာလား"

"လူဆိုရင် အချစ်ရှိတာပဲမေမေရဲ့"

အပြာရောင်က ခါးတစ်ဖက် နွဲ့နွဲ့ထောက်ရင်း လက်ဝါး ခါပြတာ မော်ဒယ်(လ်)စတိုင်(လ်)အတိုင်း။ ဒါကို ဒေါ်ပန်းဝေက လည်း မြေးမနဲ့အပြိုင် ပုံစံတူလိုက်လုပ်သည်။

"မယုံရင် ဘွားက သက်သေတောင်ပြချင်သေးတာ၊ ဒီမှာ ဘွားချစ်သူလက်ဆောင်ပေးတဲ့…"

"အ…မေ.."

သည်းမခံနိုင်တော့သလို ဒေါ်သူဇာက အော်လည်းအော်၊ မြေးအဘွားနှစ်ယောက်ကြား ဝင်ရပ်သည်။

"တော်ပါတော့ အမေရယ်၊ အမေကိုယ်တိုင်က…"

"ညည်း မယုံတာကျတော့ ထည့်မပြောဘူး"

"သူယုံအောင် အမေ့ငယ်ဘဝပါ နောက်ကြောင်းပြန် ခလို့လား၊ အမေကိုက မဆုံးမဘဲဖြစ်နေတော့ မြေးကပါ လျှပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



တုန်တော့တာပေါ့၊ တကယ်ဆို…"

"ဘာလဲ…ငါက တခြားအဘွားကြီးတွေလို ပုတီး လက်ပတ်ပြီး ဘုန်းကြီးကျောင်းပဲ သွားနေရမှာလား၊ အဲဒါ တစ်ခဏ အမြင်ပါအေ၊ ဒီမယ်…ဘုန်းကြီးကျောင်းမှာ တစ်နေကုန် ဥပုသ် ယူပြီး စိတ်က အိမ်ပြန်ရောက်နေတာမျိုး၊ သူများအတင်းအုပ်နေတာ မျိုးကို ညည်းသိသလား၊ ဘုရားဖန်းပြပြီး ဘုရားကို ရင်ထဲမထည့် ထားနိုင်တဲ့သူတွေလို ညည်းအမေကို ပါစေချင်တာလား"

"တော်ပါတော့အမေရယ် အမေ့ကို သူဇာ အရှုံးပေးပါ ပြီ"

"အမှန်ကိုပြောတာ မကြိုက်တာတော့မတတ်နိုင်ဘူး"

"ကဲ…အမေ"

လေသံထဲမှာ လက်မြှောက်အရှုံးပေးဟန်တွေ အများကြီး ပျော်ဝင်သွားခြင်းဖြင့် ဒေါ်သူဇာက ထပ်ခေါ်သည်။

"ထားပါတော့၊ အမေ့ညြဝါဒထဲမှောရင်း သမီး လာရင်း ကိစ္စတောင် မေ့သွားတယ် အမေ"

"ဖြစ်ရမယ်လေ၊ ငါက ညည်းအမေ"





"အဟွန်း…အပြာရောင်ရဲ့အဘွား"

ပေါ်ကြောင်ကြောင်နှင့် ဝင်နေ့ောက်သော အပြာရောင်အား ဒေါ်သူဇာက မျက်စောင်းရှယ်ကြည့်မှ အပြာရောင်တို့ ပါးစပ်ပိတ် သည်။ အမေ့ကို ထိုးမရသောမျက်စောင်းက အပြာရောင်ထံ ကျကျနန ပြေးဝင်သွားပြီးမှ ဒေါ်သူဇာက မြေးအတွားနှစ်ယောက် စလုံးထံ မျက်ဝန်းဝေ့ကြည့်သည်။

"အမေတို့နှစ်ယောက်စလုံးကို သမီးတို့ ပြောစရာရှိ တယ်"

"ဘာပြောမှာလဲ ပြော"

"ဩော်…နေဦး သမီးတို့ဆိုတော့ ငါ့သမက်ပါ ပါသလား"

အမေဖြစ်နေပုံကို ဒေါ်သူဇာက မျက်နှာသေးလွှဲရင်း မြင်အောင် မဲ့သည်။ အမေတို့က အဲဒီလိုပင်။ အရာရာမှာ သူ့သမက်သာ အကောင်းထင်။ သူ့သမက်ပြောမှ အဟုတ်ထင် တတ်သောသူ ဖြစ်သည်။

"ပါတယ် အမေ၊ သမီးပြောမယ့်ကိစ္စကလည်း အမေ့



www.burmeseclassic.com

www.burmeseclassic.com



သမက်ပါ သဘောတူကြည်ဖြူ ခွင့်ပြုတဲ့ကိစ္စ"

"ဘာကိစ္စမို့လို့လဲအေ"

"အားလုံးဆုံတော့ သိရမှာပေါ့ အမေရယ်"

"အပြာရောင်"

"ဟုတ်ကဲ့မေမေ"

စကားအဆုံးမှာ ခပ်ဆတ်ဆတ်ခေါ်တော့ အပြာရောင်က အလန့်တကြားနှင့် ပျာပျာသလဲထူးသည်။

"အမိကကျတာညည်းပဲ"

"ရှင်"

"အခုကိစ္စက ညည်းကိစ္စ"

"ငါ့မြေးဘာကိစ္စလဲ"

"ယောက်ျားပေးစားမလို့"

"ဟယ်"

"ရှင်"

မေမေက သူပြောချင်တာပြောပြီး အခန်းထဲက ထွက်သွားသော မေမေ့ကျောပြင်ကိုကြည့်ပြီး အပြာရောင်နဲ့ အဘွားက ခေါင်း





ချင်းဆိုင်ပြောလိုက်၏။

"ဒီအိမ်မှာ ခေါ်သူစာပဲ ဆရာကြီး"

ာ ာ ာ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"နင်တော့ သေပြီဆရာပေါ့"

"မသေပါဘူး"

ကဲကဲအမေးကို ကားမောင်းကာ ပြန်ဖြေရင်းက မငြိမ်းသော ဒေါသမီးက ပြန်တောက်လောင်လာ၏။ ဒေါသအရှိန်နှင့် လီဗာကိုဖိနင်းတော့ ရွှေအိုရောင်ချယ်ရီကားက ဝေါခနဲ ဦးမော့ကာပြေးသည်။ နောက်ခန်း၌ရှိနေသော မချောနှစ်ယောက် တဟဲ့ဟဲ့နှင့် ဝိုင်းအော်ကြတာ ကြောက်လန့်တကြားဖြစ်သည်။

"ဖြည်းဖြည်းမောင်းပါ အပြာရောင်ရယ်၊ နင်ကလည်း ယောက်ျားယူရမယ်ဆိုတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒေါသထွက်တာ မေမေ့ကို"

"ငရဲတွေတော့ ကြီးကုန်တော့မှာပဲ"

ဖြိုးဖြိုးက ထအော်သည်။ အပြာရောင်ကတော့ စူပုပ်နေ၏။

"ငါ့ဂုဏ်ပုဒ်တွေ ဖော်ပြီးတော့လေ၊ ဟွန်း…ယောက်ျား ပေးစားချင်တာကနည်းနည်း၊ လူကို နှိမ့်ချပြောချင်တာများများ"

ပြောလက်စနှင့် အားမရသလို မဲ့ပစ်လိုက်သည်။

"မဖြစ်ဘူး၊ ဒီလိုဆိုးသွမ်းနေတဲ့ ညည်းကို ဒီအတိုင်း လွှတ်ထားလို့ကိုမဖြစ်ဘူး၊ တစ်နေ့တစ်နေ့ ရည်းစားထား၊ ပိုက်ဆံ ဖြုန်းနဲ့ အလကား ဆန်ကုန်၊ ငွေကုန်ပြီး မြေလေးနေတဲ့ ညည်းကို အိမ်ထောင်ချပေးဖို့ တို့လင်မယား ဆုံးဖြတ်ပြီးပြီ"

ဒါ ဖေဖေ့ပါ ခွဲထည့်ထားတာမျိုး။ မေမေ့ဆုံးဖြတ်ချက်ထက် ဖေဖေ အတည်ပြုခြင်းက ပိုအရေးကြီးကြောင်း မေမေ သဘောပေါက်ထားပုံရသည်။ ဖေဖေ့ကြည့်တော့ အပြာရောင်ဘက်မှ ကူညီနိုင်မည်မထင်သော မျက်နှာကြီးနှင့်။ နောက်ဆုံးတော့ အပြာရောင်က စစ်ကူတောင်းစရာ ဘွားပဲရှိတော့တာမို့ ဘွားနှင့်





မျက်လုံးချင်း အချက်ပေးပြီး အကူအညီတောင်းသည်။

"ငါ့မြေးက ငယ်ပါသေးတယ်အေ"

ဘွားက စကားစရုံရှိသေး မေမေက ထအော်သည်။

"မေမေ့မြေးက ဘာငယ်တာလဲ အမေရဲ့၊ ဘွဲ့က အခုမှရလို့ အသက်က နှစ်ဆယ်ကျော်နေပြီ၊ ဆယ်တန်းမှာချည်း နှစ်နှစ်"

"အဲဒါ အပြာရောင်က စာကြေအောင်လို့ တမင်"

"တိတ်စမ်း…အပြာရောင် ညည်းကို ဘယ်သူမှမမေးဘဲ ဝင်မဖြေနဲ့"

"ဟုတ်"

မေမေတို့ ဒေါသထွက်လျှင် အပြာရောင်ဆိုတဲ့ အမည်ကို အခုလို အပြည့်အစုံခေါ်တတ်သည်။

"အလကားနေရင်း ပါးစပ်က တရွတ်ရွတ်နဲ့ အမိပွာယ်မရှိ ပြောတတ်တာကိုလည်းပြင်"

"အိုအေ…ဒီအပြစ်လောက်နဲ့ ငါ့မြေးကို အိမ်ထောင်ချပေးမှာတော့ မဟုတ်သေးပါဘူး"

ဒေါ်ပန်းဝေက မြေးဘက်မှ အယူခံဝင်ပေမယ့် လေသံ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အားခပ်ပျော့ပျော့။

"မိန်းကလေးတစ်ယောက် အနေအထိုင်မတတ်တာကို စာမဖွဲ့လောက်တဲ့အပြစ်လို့ အမေ ပြောချင်တာပေါ့၊ အဲဒီ အနေအထိုင်မတတ်မှု၊ မိဘစကားနားမထောင်မှုတွေက ဘဝပျက်ဖို့ လမ်းကြောင်းပေါ် ခြေလှမ်းစလှမ်းနေတာ အမေရဲ့၊ ဒီတော့ သမီးစိစဉ်တာကို အမေ ကန့်ကွက်ချင်တယ်ဆိုရင် အမေ့မြေးမကို အမေ တာဝန်ယူမလား၊ မတော်မနန်းတွေ မဖြစ်စေရဘူးလို့ အမေ အာမခံမလား"

အဘွားလည်း တာဝန်မယူနိုင်။

"ငါ့လာမေးလည်း ငါတာဝန်ယူနိုင်မှာမဟုတ်ဘူး"

ယုဝက ပါးစပ်ထဲ အာလူးကြော်တစ်ထွေးကြီး ထိုးထည့်ရင်း ပလုတ်ပလောင်းသံနှင့်ပြောသည်။

"ငါ့ဒေါသ နင့်ဆီရောက်သွားမယ်နော် ဖက်တီးမ"

"ဟုတ်တာပြောတာလေ၊ နင်က မထင်ရင် မထင်သလို ကားချင်းဝင်တိုက်၊ လူချင်းဝင်တိုက်နဲ့၊ လမ်းထွက်ရင်လည်း ဝရမ်းပြေးကမှ ရဲကိုရှောင်ရတာ၊ နင်က လူတိုင်းရှောင်နေရတာ"



"အဟိ..လူတိုင်းတော့ မဟုတ်ပါဘူး၊ ယောကျ်ားလေးတွေကိုပါဟယ်"

ဖြိုးဖြိုးက စပ်ဖြီးဖြီးနှင့် စကားဝင်ထောက်တော့ အကဲမကနှုတ်ခမ်းနီဆိုးမပျက်

"အင်တာနက်ထဲ အဖြေပေးပြီး သွားတွေ့တော့ ရုပ်မချောလို့ လစ်ပြေးရ၊ အပြင်မှာတွေ့ကြ ကြိုက်ကြပြီးတော့ သူ့ကို လက်ဆွဲလို့၊ နားရွက်ဆွဲလို့ ပြေးရနဲ့..."

"အလျော်ဇယားတွေက ပါသေး"

"နင်တို့တော်ပြီနော်"

အပြာရောင်က လှည့်အော်သည်။ အပြောခံရတာက အိမ်မှာရော အပြင်မှာရောဆိုတော့ စိတ်က မကြည်ချင်။

"ဒေါသထွက်မနေနဲ့၊ မဟုတ်လို့လား နင်က"

"အေးလေ၊ ထိန်းသိမ်းမရ ဖြစ်နေတော့လဲ ပေးစားပလေ့စေ၊ ယူလိုက်၊ အဲဒါမှ ယူတဲ့ယောကျ်ားက ခပ်ဆိုးဆိုးနဲ့တွေ့ပြီး နင် အထုခံရမှာ"

"ဒီလောက်တားနေတာ မရဘူး ကောင်စုတ်"





www.burmeseclassic.com

www.burmeseclassic.com



အနားရှိ ကဲကဲကို လှမ်းလိမ်ဆွဲတော့ မချောက တဟီးဟီး ရယ်ကာ ကိုယ်ကိုလိမ်တွန့်ပြီး ရှောင်သည်။ ရှောင်လေလေ အပြာရောင်က အမိအရ လိုက်ဖမ်းချင်လေလေမို့ မရမက လိုက်ဆွဲလိမ်သည်။

"ဟယ်…အပြာရောင်…ရှေ့မှာ ကား…ကား"

"ကျွီး"

"ဟာ"

"ဝုန်း"

အော်သံကြောင့် အာရုံကြောင့် လမ်းမပေါ်ပြန်ရောက်တဲ့ အခါ ဖြူနီတုံးတွေအလယ်မှ ဖြတ်ကွေ့လာတဲ့ကားကြောင့် အပြာရောင်က ကိုယ့်ကားကို ဘေးဘက်ဆွဲကွေ့ချတာ ရှေ့ကားကိုရှောင်ရန်ဖြစ်သည်။

"ကျွီ…"

"ဒုန်း…"

အသံတွေဆူညံပြီး မျက်ဝန်းထဲ ပြာခနဲဖြစ်သွားသည်။

"သွားပြီ"





အသံတွေက ဆက်တိုက်ဖြစ်သွားသည်။ လမ်းမဘေး ကျကျွံ့ တစောင်းထိုးရပ်ထားသည့် အဖြူရောင်ကားလ်ဒီးနားကို ဝင်တိုက်တာ အတိအကျ။

အားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကာ ပုံပျက်ပန်းပျက်ဖြစ်သွားခြင်းတွေကိုလည်း သတိမရ။ ကိုယ်ပေါ်မှာ ဘာဒဏ်ရာရသွားမလဲဆိုတာလည်း စိုးရိမ်ဖို့ သတိမရတော့ဘဲ အားလုံးဝိုင်းကြည့်တာက အပြာရောင်ထံ။ နင် ဘာလုပ်မလဲဆိုတဲ့ မေးခွန်းတွေက မျက်လုံးသုံးစုံစလုံးမှာ ပလုံစီထနေ၏။

အပြာရောင်ကလည်း ထိတ်ထိတ်ပျာပျာနှင့် ဘာလုပ်လို့ လုပ်ရမှန်းမသိခင်မှာဘဲ အတိုက်ခံရသောကားမှာ တွီတွီတော်တော် အသံတွေထွက်လာသည်။

"ငါတို့ ပြေးမှဖြစ်တော့မယ်"

အပြာရောင်က ဘက်ခ်ဂီယာထိုး၍ ပြန်ဆုတ်ကာ ကားခေါင်းကို လမ်းမကြီးပေါ် ဦးပြန်လှည့်သည်။ ထိုအခိုက် ကားရပ်ထားရာရှေ့ရှိ စိုက်ပျိုးရေးခြံထဲမှာ လူရိပ်တွေကိုမြင်သည်။

"ဟဲ့…ထွက်လာပြီ အပြာရောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေး လာရင် ပြေးပြီ"

အော်ရင်း အပြာရောင်က အရှိန်မြှင့် ကားမောင်းထွက်သည်။ ကားနောက်ကြည့်မှန်တွင် ကာလ်ဒီးနားကားနား ဝိုင်းအုံလာတဲ့လူတွေ။ ထိုထဲမှ အဖြူဆွတ်ဆွတ်ရှပ်နှင့် ချောကလက်ရောင် စတိုင်ပင်နံ့ဖစ်ကို ဝတ်ထားတဲ့လူကို မြင်လိုက်ရသည်။

"ဒိုးနပ်ထဲက…လူ"

ဝိုင်းအော်တာ ကျန်သုံးယောက်စလုံးထံမှဖြစ်ပြီး အပြာရောင်ကတော့ ခေါင်းဖောင်းနေမည့်ထိုလူအား အဝေးကကြည့်ရင်း ကိုယ့်ခေါ်သတောင် ကိုယ်မေ့ရတဲ့အထိ။ သိတယ်မဟုတ်လား။ ဒီလူက တကယ့်ခေါသကုန္တာရ။

နိုးမိုး၁၁၄၅

## အခန်း (၅)

"အပြာရောင်…ညှို့သည်"

သင်တန်းရဲ့ စာရေးမကြီး လာခေါ်ချိန်မှာ အပြာရောင်တို့အဖွဲ့က ဆရာမလာသေး၍ နေကြာစေ့တစ်ထုပ်ဖြင့် တိုက်မိခဲ့သောကားပိုင်ရှင်အကြောင်း စကားတွေ ဖောင်ဖောင်ကျဲနေချိန်ဖြစ်၏။

"ညှို့သည်တဲ့၊ ဘယ်သူလဲ"

ကဲကဲအား မေးဆတ်ပြီးမေးသည်။

"ဘယ်သိမှာလဲ၊ နင့်ညှို့သည်လေ၊ သွားကြည့်"

ကျော့က တွန်းထုတ်သည်။ အပြာရောင်က နေကြာစေ့

နိုးမိုး၁၁၄၅

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ထဲက လက်တစ်ဆုပ်စာအပြည့် နေကြာစေ့တွေကို စောင်းချ ပြီးမှ ထသည်။

"သွားမှာ သွားစမ်းပါ၊ ရိက္ခာက ယူရသေးတယ်"

"ယူရမှာပေါ့၊ ငါ့ရှယ်ယာ ပါသေးတာပဲကို၊ ဟွန်း… အားရင် အချောင်စားရဖို့ပဲ စိတ်ကူးလေ နင် ဒီထက်ဖောလာမယ် သိလား"

ကဲကဲကို ရန်လိုရင်း သင်တန်းခန်းမရှေ့သို့ အပြာရောင် ထွက်ခဲ့သည်။ အခန်းအပြင်ရောက်မှ ဧည့်သည်ဆိုသူကို ဟိုဟိုဒီဒီ ဓေါင်းလှည့်ရှာသည်။

"ဟိတ်"

"ဟင်"

နှုတ်ဖျားက တအံ့တသြ။ စိတ်ထဲမှ ဟိုလူလို့ အကျယ်ကြီး အော်ပြီး မျက်နှာကို ချက်ချင်းကွယ်ချသည်။ နောက်မှ အသိဝင် လာတာက ထွက်ပြေးရန်ဖြစ်ပေမယ့် ထိုလူက သူမအနားချက်ချင်း ရောက်လာ၏။

"မင်း ဘယ်ပြေးဖို့ ကြံတာလဲ၊ လာခဲ့"





"အို…ဒါဘာလုပ်တာလဲ"

"လွှတ်"

လက်ကောက်ဝတ်မှ ဆောင့်ဆွဲခေါ်သွားတော့ အပြာရောင် မှာ ခြေကန်ပြီးမရုန်းရဲ။ ပါးစပ်ကတော့ ချက်ချင်းပြန်စွာသည်။

"မလွှတ်ဘူး"

"ရှင်မလွှတ်ရင် ကျွန်မအော်လိုက်မှာနော်"

"အော်လေ…မင်းကြိုက်သလောက်အော် ငါဂရုမစိုက် ဘူး"

ရုန်းပေမယ့်မရ။

"ဒီမှာ တခြားလူတွေမြင်ရင် တစ်မျိုးထင်သွားလိမ့်မယ်၊ ကျွန်မလက်ကိုလွှတ်ပါ"

"လွှတ်စေချင်ရင် မင်းငါနဲ့လိုက်ခဲ့"

"ရှင်"

ဘာဘာညာညာနှင့် အော်ပေမယ့် သူကတော့ ကော်ရစ်ဒါ ထောင့်ချိုးကွယ်အထိ ဆွဲခေါ်လာပြီးမှ ဆွဲထားသောသူမလက်ကို ဆောင့်၍ လွှတ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူခံပေါ် မီးခိုးရောင်သစ်ရွက်ကြီးတွေက ဟိုတစ်ကွက် ဒီတစ်ကွက် ရိုက်နှိပ်ထားသည့် ဂါဝန်က ခြေမျက်စိနားမှာ ဝဲကျ နေသည်။ လည်ပင်းပြဲပြဲ၊ လက်မောင်းရင်းနားမှာ လက်စည်းထည့် ထားသဖြင့် နှနယ်ခြင်းသဏ္ဌာန်ကိုဆောင်ကာ ခါးနားမှာ ခါးပတ် အဖြူရောင်သေးသေးလေး ပြန်ပတ်ထားတာက ကာလေးဆန်ခြင်းနှင့် ခေတ်မီခြင်းအား ဖော်ပြထားပေမယ့် ဂျစ်တစ်တစ်ရှပ်ကျော ကာလီကမှာ ဆန်နေခြင်းအား တွေ့ရပြန်ရောဖြစ်သည်။ စက်ကွင်းက ကိုယ့်ကားကိုတိုက်ပြီး မောင်းပြေးသွားသည့် သူမအား စေ့စေ့ကြည့် သည်။

"မင်း ဒီတစ်ကြိမ်တော့ ငါ့ကို တစ်ပတ်ရိုက်လို့ မရတော့ ဘူး အပြာရောင်၊ ငါ့ကားကို ဝင်တိုက်သွားတယ်၊ တန်ရာတန်ကြေး ပြန်လျော်၊ မလျော်နိုင်ရင်တော့ မင်းအိမ်လိပ်စာ ရီဆက်ရှင်က ငါ ရထားတယ်၊ မင်းအိမ်အထိ ငါလိုက်တောင်းရလိမ့်မယ်"

"အိမ်ကိုဟုတ်လား"

"ဟုတ်တယ်"

"ဟင်"





အိမ်အထိဆိုတာနှင့် အပြာရောင် မျက်လုံးက ဘယ်နှစကော လောက် ကျယ်ထွက်သွားလဲမသိ။ မျက်လုံးထဲ သူမကို အိမ်ထောင် ချပေးရန် အပတ်တကုတ်ကြိုးစားနေသော မေမေ့ကို မြင်ယောင်မိတဲ့ အခါ ကျောရိုးထဲစိမ့်တက်လာကာ လူက ဖျားချင်ချင်ဖြစ်သွား သည်။

"အဲဒီလောက် ယောကျ်ားပေးစားချင်နေရင် ဥစ္စာပေါ ရုပ်ချောသော ရှာပေး"

မေမေ့ကို မတုန်မလှုပ် ဟန်ဆောင်ပြောနေရပေမယ့် ကိုယ့်ဘဝကို ဆူးတွင်းထဲပစ်ချရမည့်အရေးအား ဘယ်သူမကြောက် ဘဲ ရှိပါမည်နည်း။

"ဒီကြားထဲ အပြစ်ထပ်မတွေ့စေနဲ့ မြေးမရယ်၊ သူတော်တို့ ခေါင်းမာတာ ကျောက်ခဲတောင်အရှုံးပေးရတာမျိုးဟဲ့၊ သူကြည့်ရတာ ညည်းနဲ့ ပေးစားမယ့်လူကို တွေ့ထားတဲ့ပုံပဲ။ ညည်းကို စိတ်မတွေ့လို့ ရှောင်ဆိုပြီး ပေးစားပစ်ရင် ငါတစ်ယောက်တည်း ပျင်းကျန်ခဲ့ရ မှာ"

ဘွားပြောထားတဲ့စကားကို အမှတ်ရတဲ့အခါ ဒီပြဿနာကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်သယ်သွား၍မဖြစ်မှန်း အပြာရောင် သဘောပေါက်သွား၏။ အိမ်အကြောင်းပြောတာနှင့် ချက်ချင်းကြီး တွေဝေငြိမ်ကျသွားတဲ့ ကလေးမကို စက်ကွင်းကတော့ သဘောသာကျနဲ့ စိုက်ကြည့်သည်။

"ကဲ…ဘယ်လိုလဲ အပြာရောင်"

"အာ…နေပါဦး၊ ဒီမှာ စဉ်းစားနေတဲ့ဥစ္စာကို၊ ရှင်ကလဲ ဖွတ်"

"မင်းလုပ်သွားတဲ့ပုံကိုလည်း ပြန်စဉ်းစားဦး"

ဆံပင်က နားရွက်နားကျကျလေးကို ကုတ်ဝဲထားကာ ဖြောင့်တာလည်းမဟုတ်၊ ကောက်တာလည်းမမည်ဘဲ ခေါင်းပေါ် ပွေပွေရှုပ်ရှုပ်ရှိတာလည်း တစ်မျိုးကြည့်ကောင်းပါသည်။ သူမက ထိုရှုပ်ပွပွဆံပင်အား လက်ငါးချောင်းနှင့် ဆွဲဖွသည်။

"ရှင့်ကား ပြင်ရင် ဘယ်လောက်ကုန်မှာမို့လဲ"

"အဲဒါ ဝပ်ရှော့သွားမေးမှ သိမှာပေါ့၊ ဟော့ ဒီမှာ ကြိုပြော ထားမယ်နော်၊ အကြွေးစနစ်တွေဘာတွေ မရဘူး၊ ဒါပဲ"

"အမယ်လေး…ဘယ်သူက အကြွေးထားမယ် ပြော လို့လဲ"





"ကြိုသတိပေးထားတာ"

"အမလေး…ယောကျ်ားကြီးတန်မဲ့ ဖြစ်နေလိုက်တာ"

ရန်တွေ့ချက်က လက် လန်သည်။ စက်ကွင်းအရပ်က သူမထက် အများကြီးမြင့်တာမို့ ခြေဖျားထောက် မျက်နှာမော့ကာ တစ်ခွန်းမကျန် ပါးစပ်စက်သေနတ်ပစ်ပြီးမှ အဆုံးသတ်မှာ ချက်စောင်းတစ်ချက် ထိုးသည်။

"ဒါပေမဲ့ ဒီလမုန့်ဖိုးက ကုန်သွားပြီဆိုတော့ အပြာရောင်မှာ လက်ကျန်ပိုက်ဆံမရှိတော့ဘူး၊ အဲဒါ"

"မရှိလဲ ရှိတာ ချွတ်ပေးလည်းရတယ်"

"ဘာရှင့်"

"မင်းမှာပါတဲ့ လက်ဝတ်လက်စားတွေကိုပြောတာ"

"ဟွန်း…စကားကို အစထဲက ဒီလိုရှင်းရှင်းပြော"

"ငွေမရှိရင် ပစ္စည်းပေးခဲ့"

"ဘာပစ္စည်းလဲ"

"ဘာပစ္စည်းဖြစ်ဖြစ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် ဆောင့်အော်တော့ မျက်နှာတွေဘာတွေ နီကုန်သည်။ သူမအား ပြီတီတီလုပ်ပြီး ကြည့်နေသည့် ရွှေမှုပုဂ္ဂိုလ်ရဲ့ မျက်နှာထဲ လက်သီးဆယ်ချက်လောက် စိတ်ကူးထဲ ပစ်သွင်းနေ၏။

"ရှင့် စကားပြောတာ မရိုင်းနဲ့နော်"

"မင်းလဲ ယဉ်ယဉ်ကျေးကျေးတွေး၊ ငါပြောတာက မင်းလည်ပင်းမှာဆွဲထားတဲ့ ကြိုးကိုပြောတာ"

"ဟာ..ဒါတော့ မရဘူး"

အပြာရောင်က ဆွဲကြိုးကို လက်ဝါးနှင့်အုပ်ပြီး အကြောက်အကန်ငြင်းသည်။

"မရလဲ အရေးမကြီးဘူးဆို၊ မင်းအိမ်သွားပြီး ဒါက ဒီလိုရှိပါတယ်လို့ ငါ ရှင်းပြလိုက်မယ်"

"ဖြစ်မလားရှင့်"

"မဖြစ်လည်း ဖြစ်အောင်လုပ်ရမှာပဲ"

"တော်...တော် ဒီမှာ ရှင်လိုချင်တာ ဒါမဟုတ်လား"

"ရော့"

"တော်...တော်တော့"





ဒေါသဖြင့် ဝိတ်အော်ပြီး အပြာရောင်က ဆွဲကြိုးကို ဖြုတ်သည်။ ထစ်ခနဲရှိ အိမ်နဲ့ကိုင်ပေါက်တာရော၊ ကိုယ့်သင်တန်းကို နေမကူးခင် စုံစမ်းနိုင်တာရောကြောင့် ဒီလူက လျှော့တွက်လို့မရလို့ ကိုယ့်ကိုယ်ကို သံပတ်ပေးထားလိုက်ကာ လက်ထဲပါလာသော ကြိုးအား ကမ်းပေးသည်။

"ဘွား"

"ပြော"

"ဒီကြိုးက အပြာရောင် မွေးနေ့လက်ဆောင်ရထားတာ၊ တစ်ကျပ်သားကျော်တယ်၊ ရှင့်ကားကို ရှင့်ပိုက်ဆံနဲ့စိုက်ရှင်းထား၊ အွန်မ ပိုက်ဆံ ပြန်ပေးနိုင်တဲ့နေ့တချိန် ဒီကြိုးကို ပြန်ယူမယ်"

"မရဘူး"

"ဘာပြောတယ်"

"မရဘူးလို့ပြောတာ"

"ဟင်"

"ရှင်လူလည်မလုပ်နဲ့နော်"

စက်ကွင်းက ဆွဲကြိုးကို လက်ထဲ တဆဆလုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သံပြွတ်နှင့် ငြင်းသည်။ ပြီးမှ သူ့ကို မျက်တောင် ပုတ်ခတ်ခတ် လုပ်ကာ နားမလည်သလိုကြည့်နေသော သူမရှေ့ ခါးကိုင်း မျက်နှာပေါ် ငုံ့နေသည်။

"ငါက ဘာလူလည်လုပ်လို့လဲ"

"ရှင်ပြောတဲ့စကားက ဘာလဲ"

"ရှင်းပါတယ်…ငါက အပေါင်ဆိုင်မဟုတ်ဘူး၊ ဒီတော့ ရောင်းမယ်၊ ငါ့ကားအတွက် ကုန်ကျစရိတ်နုတ်ပြီး ကျန်ငွေ ဘောက်ချာနဲ့တကွ ပြန်အပ်မယ်၊ အိုကေ"

ပြောပြီးလှည့်ထွက်သွားတဲ့ သူ့ကျောပြင်ကို အပြာရောင် ငေးကြည့်နေပြီးမှ သတိပြန်ဝင်လာကာ ချက်ချင်းသူ့နောက်ပြေးလိုက် သွားသည်။

"ဒီမှာ ရှင် အပြာရောင်ဆွဲကြိုးကို မရောင်းဘူးနော်"

"ဘာအိုကေလဲ၊ ဘာမှမအိုကေပါဘူး၊ ရှင် အဲဒီလိုတော့ မညစ်နဲ့နော်"

အပြာရောင်က စက်ကွင်းလက်မောင်းအကျီစကို ဆွဲလှည့် သည်။

ဝိုးမိုး၁၁၇၆ပေ



"ငါကဘာဖြစ်လို့လဲ"

"ဒီကြိုးက အပြာရောင် မွေးနေ့လက်ဆောင်ရထားတာ ပါဆို"

ထိုလူက အင်မတန် အမြင်ကပ်ချင်စရာကောင်းလောက် အောင် နှုတ်ခမ်းတွေတင်းတင်းစေ့ပြီး မျက်တောင်များတွေပေါ် စိုက်ချ သည်။

"ငါ့အကျီဆွန်းသွားတုန်းကလည်း မင်း ညစ်ခဲ့တာပဲလေ၊ ဆောရီး…ဒီတစ်ခါ ငါ့အလှည့်"

"ကြည့်စမ်း…ဒီလူ"

"ရှင်…ပြောနေတာမရဘူးလား"

"အိုး"

ယောက်ျားကြီးတန်မဲ့ အပြာရောင်လက်ကို ခါချကာ သူ့ အကျီစမှာ ဗိုင်းရပ်စ်တွေကပ်နေသည့်အလား တဖျတ်ဖျတ်ခါသည်။ ပြီးမှ ချာခနဲကျောခိုင်းထွက်သွားသော ဒင်းကြောင့် အပြာရောင်ရဲ့ အမျက်ဒေါသတွေက ဟူးခနဲထိုးထွက်လာရသည်။ အပြာရောင်က ခြေတစ်ဖက်ဆောင့်ချရင်း လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်လိုက်၏။

ဝိုးမိုး၁၁၇၆ဧဝ

www.burmeseclassic.com

www.burmeseclassic.com



"ဟူး…တွေ့မယ်၊ ခင်း ငါ့အကြောင်း ကောင်းကောင်း သိစေရမယ်"

တစ်ယောက်တည်းကြိမ်းဝါးရင်း ထိုလူနောက်သို့ ခပ်သွက် သွက်ပြေးလိုက်သည်။

"လာကြပါဦးရှင်…ဟောဒီမှာ ကျွန်မဆွဲကြိုးကို ဖြတ်လု သွားလို့ပါ၊ ကယ်ကြပါဦးရှင်၊ လုပ်ကြပါဦး၊ သူခိုး..ခါးပိုက်နှိုက်"

ဂါဝန်ကို လက်နှစ်ဖက်နှင့် စုံမရင်း အပြာရောင်က ခုန်ဆွ ဆွနှင့် အော်သည်။ အပြာရောင်အော်သံကြောင့် လူတွေဝိုင်း လာတာ သင်တန်းခန်းမရှေ့၌ အပြည့်။ သူနောက် အပြေးလိုက် သွားသော ကောင်လေးတွေလည်း ရှိကာ စက်ကျူရဇီတွေ ဘာတွေရောနှင့် ကော်ရစ်ဒါတစ်လျှောက် ရှုပ်ယှက်ခတ်သွား သည်။ ရှေ့မှ ငိုက်စိုက်စိုက်သွားနေသော သူအား လုံခြုံရေးဝန်ထမ်း တွေက တစ်ဖက်တစ်ချက်မှ ဝင်ချုပ်လိုက်ချိန်၌ အပြာရောင် ထိုအုပ်စုအနားရောက်အောင် ပြေးသွားသည်။

"ဒီလူ..ဒီလူပေါ့"

"ဟဲ့..အပြာရောင် ဘာဖြစ်တာလဲ"





"လူတွေအများကြီးနဲ့ဟာယ်၊ လန့်လိုက်တာ၊ ခါးပိုက်နှိုက် ဆိုတာ ဘယ်မှာလဲ၊ ဘယ်သူက ခါးပိုက်နှိုက်လဲ"

လူအုပ်ကြားထဲ အတင်းကြီး ယုဝက တိုးဝင်ကာ မေးလေ သည်။ အပြာရောင်ကတော့ အခုမှ သူမဘက်က စစ်ကူတွေရောက် လာတဲ့အတိုင်း အားလုံးအလယ်မှာ မိန့်မိန့်ကြီးရပ်သည်။

"ခါးပိုက်နှိုက်က ဟိုမှာလေ"

အပြာရောင် မေးငေါ့ပြရာသို့ ယုဝတို့တစ်တွေ အကြည့် ရောက်သွားကာ ချက်ချင်းကြီး မှတ်မိသွားဟန်တူသည်။

"ဟဲ့…အပြာရောင်"

မလုပ်နဲ့ဟူသော သဘောဆောင်၍ ကဲကဲက ပခုံးချင်း ထိတ်ကာ ခေါင်းခါပြသည်။ ဖြိုးဖြိုးက အနားကပ်သည်။

"နင်တော့ မြွေထပ်ဖမ်းပြန်ပြီနော်၊ လူမှားတာပါ ဘာညာနဲ့ တောင်းပန်လိုက်၊ အဲဒီလူ နင့်ကိုကြည့်ပြီး ပြုံးပြနေတာ ကြောက်စရာ ကြီး"

"ဘာမှ ကြောက်နေစရာမလိုဘူး၊ တကယ်ပါ၊ အဲဒီလူက ကျွန်မဆွဲကြိုးကိုဖြတ်ပြီး လုပြေးသွားတဲ့လူ၊ ခါးပိုက်နှိုက်၊ အလစ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သမား"

အပြာရောင်က လက်ညှိုးထိုးပြီး ကျကျနန စွပ်စွဲသည်။ သူမရဲ့ စွပ်စွဲချက်ကြောင့် လုံခြုံရေးဝန်ထမ်းတွေက သူ့ရှပ်အင်္ကျီအိတ်ကပ်ထဲ နှိုက်၍ရှာကြည့်သည်။

"ဟယ်...ဟုတ်ပါရဲ့၊ အဲဒါ အပြာရောင်ရဲ့ဆွဲကြိုး"

လုံခြုံရေးဝန်ထမ်းလက်ထဲ ပါလာတဲ့ဆွဲကြိုးကို တွေ့တာနှင့် ယုဝက ဝမ်းသာအားရအော်သည်။ နားမလည်နိုင်ခြင်းများနဲ့ ကဲကဲနှင့် ဖြိုးဖြိုးက သူမကို လှည့်ကြည့်ပေမယ့် အပြာရောင်ကတော့ ဟန်မပျက် မာန်မချ။

"ကဲ...တွေ့လား၊ ယောကျ်ားတန်မဲ့ သန်သန်မာမာကြီးနဲ့ သူများဆွဲကြိုးကို ဖြတ်ပြီးပြေးတာ၊ ဟွန်း...မှန်းစရာကောင်းလိုက်တာ"

"ကလေးမ ဘယ်လိုဖြစ်စေချင်လဲ၊ လက်ပူးလက်ကြပ်မိတာဆိုတော့ ရဲစခန်းကို အကြောင်းကြားပေးရမလား ကလေးမ"

လုံခြုံရေးဝန်ထမ်းဦးလေးကြီးက မေးသည်။ အပြာရောင်က လက်ပိုက်ကာ ထိုပုဂ္ဂိုလ်အား ဘယ့်နှယ်ရှိစလို့ မျက်စပစ်ကြည့်





ပြသည်။

"နေပါစေတော့၊ ပစ္စည်းလည်းပြန်ရနေပြီပဲ၊ နောက်တစ်ခါသာ.."

"မဟုတ်ပါဘူး၊ ရဲစခန်းပဲ အကြောင်းကြားပေးပါ"

"အယ်"

"ဟယ်တော့"

လူအများနှင့်အတူ အပြာရောင် အံ့သြသွားသည်။ သူကတော့ ချုပ်ထားသည့် လူနှစ်ယောက်လက်ထဲမှ ရုန်းထွက်၍ ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ကာရပ်သည်။

"ကဲ...လာ ရဲစခန်းကိုသွားကြမယ်"

"ရှင်"

ဒီတစ်ကြိမ် ဝိုင်းကြည့်ခံရတာ သူ မဟုတ်ဘဲ သူမဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ရှက်ဖို့ကောင်းလိုက်တာ၊ အပြာရောင်ရယ် တကယ်ပဲ လဲသာသေလိုက်ချင်တော့တာပဲ၊ သမီးမိန်းကလေးတစ်ယောက် မွေးထားပါတယ်၊ ရဲစခန်းရောက် ရုံးရော ကိ ဂတ်ရောက်နဲ့"

အပြာရောင်က မေမေ့ရှေ့မှာ ငြိမ်ငြိမ်လေးထိုင်နေတာ အသက်ရဲရဲ မရှူဝံ့တဲ့အဖြစ်။ ကိုယ်က အပြစ်ကြီးကျူးလွန်ထားတဲ့ သူ မဟုတ်လား။ ဒီနေ့မှ မေမေနှင့် သိကျွမ်းခင်မင်သူတွေပေါ်များတဲ့ အဖြစ်ကိုလည်း မကျေနပ်။

"စိုက်ပျိုးရေးခြံပိုင်ရှင် မမွန်မြတ်ကလည်း ငါ့အသိ၊ ငါ့အမြဲတမ်း ပန်းအိုးတွေဝယ်၊ မျိုးစေ့တွေဝယ်ဆိုတော့ ညည်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မှတ်မိတာပေါ့"

"ဟွန်း…ငါကိုယ်တိုင်ကလည်း လျှာရှည်မိတာလေ၊ ကျွန်မသမီးက ဒီဇိုင်နာသင်တန်းရော ဆံပင်ညှပ်သင်တန်းရော ပြီးသွားပြီ၊ အခု မိတ်ကပ်ပြင်သင်တန်းတက်နေတာ ဘာညာနဲ့ အာချောင်မိတာကို၊ ဒီလိုမျက်နှာချက်ရမယ်မှန်းသိရင် အရှက်ကွဲရမယ်မှန်းသိရင် သမီးတစ်ယောက်ရှိပါတယ်ဆိုတာတောင် မပြောထားဘူး"

ဦးပြေငြိမ်းကတော့ ရှေ့မှာ ငြိမ်ကုပ်ထိုင်ကာ လက်သည်းသွေး တတိတိကိုက်နေသော သမီးကို သနားသွား၏။

"အခု ပြောင်းပြီးသွားပြီမဟုတ်လား သူဇာရဲ့"

"ပြေရှင်းပြီးပေမယ့် အရှက်ကွဲသွားပြီလေ၊ တစ်ဖက်လူက သက်သေလုမ်းခေါ်တော့ ရောက်လာတဲ့လူက မမှန်မြတ်၊ ပြီးတော့ ပြောသွားတာက သူဇာ့တော့ အားနာပါတယ်၊ ဒါပေမဲ့ သူဇာ့သမီးက ကားကိုဝင်တိုက်ပြီး မောင်းပြေးသွားတာတဲ့၊ တစ်ဖက်က တိုက်ပြီးပြီးချင်း တောင်းပန်ရင်တောင် ကျေအေးမှာကို၊ သူက တာဝန်မဲ့မဲ့လုပ်သွားလို့ အမြင်ကတ်ကတ်နဲ့ လိုက်လာ





တာတဲ့…ကဲ"

ပြောပြီး မောသွားဟန်နဲ့ ဒေါ်သူဇာက ဆိုဖာမှာဝင်ထိုင်တော့ ရင်ဘတ်ရှေ့ တွဲလွဲကျနေသော ပလက်တီနမ်ကြိုးရော တံတောင်ဆစ်နားရောက်လုလု စက်ဖြတ်ကွင်း ပလက်တီနမ်သက်ကောက်တွေက အရောင်ဖျိုးဖျိုးဖျပ်ဖျပ် ခါထွက်သွားသည်။ ဦးပြေငြိမ်းကတော့ ဒီမအေနဲ့ ဒီသမီးတော့ ခက်လှချည်ရဲ့လို့ တွေးရင်း သက်ပြင်းသာကျိတ်ရှိုက်၏။

"တောင်းပန်စရာလား၊ ဒီလူက ကြီးကြီးကျယ်ကျယ်"

နှုတ်ခမ်းလှုပ်ရုံ အပြာရောင်က ရေရွတ်တာပေမယ့် အမေက ကြားဖြစ်အောင်ကြားသွားသည်။

"အေး…မတောင်းပန်ချင်လည်း အလျော်ပေးပေါ့၊ အခုက သူများကို ခါးပိုက်နှိုက်လို့ ဉာဏ်ဆင်တာကိုး"

"မေမေကလည်း သူက ဘွားပေးထားတဲ့ ဆွဲကြိုးကို ချောင်းမယ်ပြောတာကိုး"

"ဟဲ့…အဲဒါက ညည်းအမှားလေ"

"သူလည်းမှားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်က ဆိုဖာပေါ် တင်ပလ္လင်ခွေထိုင်ရင်း ပေါ
နှစ်ဖက်ကို လက်သီးစုံထုကာ ပြန်အော်သည်။

"အခုထိ အပြောကမလျှော့သေးဘူး"

"ဟိုက ညည်းဆွဲကြိုးတင်မကဘူး၊ ညည်းကို
ရောင်းမယ် ဆိုတောင် လက်ခံရမှာ"

"မေမေနော်"

"သူပြောတိုင်း သမီးက လက်ခံရမှာလား"

"လက်ခံသင့်ရင် လက်ခံရမှာပဲ

"လက်မခံနိုင်ရင် ညည်း ရဲစခန်းအရောက်ခံပေါ့၊ အ
ကြည့်စမ်း…ငွေလည်းလျော်ရသေး၊ ငါ့မှာ ကိုယ့်သားအရွ
လောက်ကိုလည်း တောင်းပန်ရသေးနဲ့၊ မဖြစ်ဘူး ကိုပြေ၊ ဓ
ကွထားတဲ့စီမံကိန်းကို ပြန်စမှဖြစ်တော့မှာပဲ၊ ဒီကောင်မလေ
ပြားပြားဝပ်သွားအောင် အုပ်ချုပ်နိုင်တဲ့သူမျိုး မြန်မြန်ပေးစားလိ
မှ ခေါင်းအေးမှာ"

"မေမေနော် သမီးယောကျ်ားမယူဘူးနော်"

"ညည်းမယူလို့ရမလား"





ဦးပြေငြိမ်းက သမီးနှင့်မိန်းမစကားကြောင့် ခေါင်းမညိတ်
ခေါင်းမခါဘဲ သမီးဖြစ်သူကိုလှမ်းကြည့်သည်။ အပြာရောင်က
မတ်တတ် ထရပ်သည်။

"ဖေဖေကြားတယ်နော် မေမေက ထစ်ခနဲရှိ သမီးကိုပဲ
ယောကျ်ားပေးစားနေတာ"

"ရပါတယ်၊ ပေးစားပေါ့၊ အဓိကက ပိုက်ဆံရှိဖို့ပဲလိုတာ၊
စိတ်ချ…ယောကျ်ားရမှ မိဘနဲ့ မသုံးရသမျှ အဲဒီယောကျ်ားဆီက
ကပ်ပြီးသုံးဖြုန်းပစ်မှာ၊ ကိုကိုခေါ်ပြီး ဒေဝါလီခံရအောင် လုပ်ပေး
ဦးမှာ"

"ညည်း…ဒါဆိုလည်း ခွက်တစ်လုံးကြီးရှာ၊ သူမွဲရင်
ညည်းလည်းဆင်းရဲမှာပဲ၊ ပူမနေနဲ့"

"မပူပါဘူး"

"တွေ့လား…တော့်သမီးက အမေကို တစ်ခွန်းမခံ
ပြန်ပြောနေတာ"

မအေက ဒေါ်စည်းကမ်း။ သမီးက လွတ်လပ်မှုကို
နှစ်မြို့ကြက်သူ။ ဒီနှစ်ယောက်ရဲ့ မပြေသောစစ်ရေးမှာ ဦးပြေငြိမ်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဘက်မှ မရှိင်းပင်းသော အလယ်အလတ်ဝါဒီသမား။ ဒါတောင် ယောက္ခမဖြစ်သူ ဒေါ်ပန်းဝေအိမ်မှာမရှိ။

အိမ်မှာများရှိလျှင် သမီးနှင့်အဘွားကတစ်ဘက်၊ ဒေါ်သူဇာ ကတစ်ဘက်နှင့် ငြိမ့်ငြိမ့်သဲစစ်တလင်းသို့ အိမ်တွင်းရေးက နေ့ချင်း ညချင်း စစ်တလင်းအဖြစ် ကူးပြောင်းသွားနိုင်သည်။

ဒေါ်သူဇာကတော့ သူမတို့ရှေ့မှ ခြေဆောင့်ကာထွက်သွားသော သမီးဖြစ်သူအား လိုက်ကြည့်ရင်း ဧည့်ခန်းထဲမှ ထွက်သွားဟန်ပြင်နေသည်။ သူက ဦးပြေငြိမ်း။

"ရှင်က ဒါဘယ်လဲ"

"စာကြည့်ခန်းထဲ သွားမလို့"

"ရှင့်သမီးကို ရှင်ဘယ်လိုလုပ်မလဲ ကိုပြေ၊ တွေ့လား လုပ်သွားတဲ့ပုံက ပြောရင်လည်း မနာခံ၊ ဆူရင်လည်း မကြိုက်"

"အေးကွာ၊ မင်းစိတ်ကြိုက်ပုံသွင်းပေါ့၊ ကိုယ် ဘာပြောလို့လဲ၊ မင်း သမီးပဲ၊ မင်းသဘော"

"ဟွန်း…ပြောလိုက်ရင် ဒါပဲ"

ဒေါ်သူဇာက မဲ့ကာမတ်တပ်ထရပ်သည်။





"မကောင်းတာဖြစ်ရင် ဆူပူစရာရှိရင် ကျွန်မက လူမိုက်ကြီး၊ ထူးချွန်နေ တော်နေတတ်နေရင်တော့ ရှင့်သမီးပေါ့၊ ဒါလား ဖအေများရဲ့ဝတ္တရားသတ္တိ"

ယောက်ျားကိုရွဲ့ပြောရင်း လူကို တွန်းတိုက်ကာ ထွက်သွားသောမိန်းမကို လိုက်ကြည့်သည်။

"သမီးပြောမရတော့ ဖအေဘက်လှည့်တာ၊ ဒါလား မအေများရဲ့ဝတ္တရားသတ္တိ"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဘယ်မှာလဲ မင်းကောင်မလေးက"

ဟိုတယ်ရဲ့ ဒိုင်းနင်းရှမ်းထဲဝင်တာနှင့် စက်ကွင်းက မေးသည်။

ခေါ်လာသူ ဝီရက ခပ်သဲ့သဲ့ရယ်သည်။

"ရောက်ဦးမလားကွ၊ ရှိန်းထားတာထက် ငါတို့က ဆယ့်ငါးမိနစ်လောက် စောတာကိုး"

"အာ…မင်းကလဲ လုပ်ချလိုက်ပြန်ပြီ"

"ဘာဖြစ်လို့လဲ"

စပို့ရှပ်လက်ရှည်က ခွယ်တာသားလို အပါးသားကို



www.burmeseclassic.com

www.burmeseclassic.com



တံတောင်ဆစ်နားထိ လက်ပင့်တင်ထားတာက မီးခိုးရောင်နုနု စတိုင်ပင်နံ့ဖြစ်က အဖြူဆွတ်ဆွတ်ကို ဦးချွန်ရှူးက အညိုနုရောင်နှင့် စက်ကွင်းကို ကြည့်ရင်း ဝီရက ပြန်မေးသည်။ ဒါ ဒီကောင်အထူးတလည် ပြင်ဆင်ထားခြင်းမဟုတ်မှန်း အိမ်ထဲမှဆွဲခေါ်လာသူ ဝီရ အသိဆုံး။

သူတို့က တစ်မြို့တည်းသားချင်းတွေဖြစ်ကာ မိဘမရှိတာချင်းအတူတူပေမယ့် စက်ကွင်းက ပိုတော်သည်ဟုပြောရမည်။ ဘဝကို စနစ်တကျတည်ဆောက်ကာ ရည်မှန်းထားတဲ့အတိုင်း ဖြစ်မြောက်အောင် လုပ်တတ်သည်။

အခု အသက်ချင်းအတူတူမှာတောင် စက်ကွင်းက အီလက်ထရောနစ် ကုမ္ပဏီကြီးတစ်ခု ပိုင်ဆိုင်ကာ ဦးစီးဦးဆောင်ပြုနေတဲ့ဘဝ။ သူကတော့ ရည်းစားမရှိ။ ချစ်သူမထားရဘဲ အခုယူမည့်မိန်းမတောင် ကြီးတော်ကြီးက စပ်ဟပ်ပေး၍ ရမည့်ကိန်းဆိုက်နေ၏။

"ဒီအတိုင်း ယောကျ်ားမိန်းမ ချိန်းတာတောင် အဲဒီမိန်းကလေးတွေက အလှပြင်ရတာနဲ့ အင်္ကျီရွေးရတာနဲ့ ချိန်းတဲ့နေရာ





ကို အနည်းဆုံး ဆယ်မိနစ်လောက်နေမှ ရောက်လာကြတာ ဟောကောင်၊ အခုမင်းက ငါးမိနစ်တောင် စောလာတယ်ဆိုတော့ မင်းတော့သွားပြီ၊ နာရီဝက်လောက်တော့ စောင့်ပေရှော့ပဲ"

"စောင့်ရပါစေကွာ၊ ကောင်မလေးက ချစ်စရာလေး"

"ဟွန်း…နာရောဂါတော့ ထပြီ"

စက်ကွင်းက မကြားတကြားရေရွတ်သည်။

"ငါက မင်းတို့နဲ့ တစ်ဝိုင်းတည်း ထိုင်ရမှာလား"

စက်ကွင်းကို ခေါ်လာတုန်းက လူကြီးချင်းပြောဆိုပြီးသား ကောင်မလေး အား အကဲခတ်ပေးပါ၊ ဘာညာနဲ့ စာရင်းတွေကြားထဲ ခေါင်းနစ် နေသည့်သူအား ဆွဲခေါ်လာပြီးမှ။ အခု ဒီလိုမေးတော့ ဝီရက ရယ်သည်။

"အာ…မင်းကလဲ၊ တစ်ဝိုင်းတည်းတော့ မလုပ်ပါနဲ့၊ မင်းကို အကဲခတ်ခိုင်းတာ ကောင်မလေးသိသွားရင် စိတ်ဆိုးသွားဦးမယ်"

"အေး..မင်းကတော့နော်၊ မရခင်ကတည်းက ကြွေကျနေတာ၊ ရလဲပြီးရော မြေခရုံပဲရှိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



စက်ကွင်းက ဝေဖန်ရေးလုပ်ရင်း နီးစပ်ရာစားပွဲမှာ ဝင်ထိုင်သည်။

"မင်းတို့ သီးသန့်ခန်းတွေဘာတွေ"

"အာ…မယူပါဘူးကွ၊ ဒီနေ့မှ သူငယ်ချင်း ရင်းနှီးအောင် တွေ့နိုင်တာကို၊ ငါတို့ မင်းနဲ့ မလှမ်းမကမ်းမှာ ထိုင်မယ်ကွာ၊ မင်း ငါတို့ပြောတာလဲ ကြားရအောင်"

နှစ်ယောက်သား စည်းဝါးကိုက်ပြီးမှ ဝီရက တခြားစားပွဲမှာ နေရာသွားယူသည်။ စက်ကွင်းကတော့ စားချင်တာတွေမှာပြီး စားရင်းသောက်ရင်းနှင့်ဝင် ဝီရလို လည်ပင်းရှည်မျှော်မနေနိုင်။ ဖုန်းထဲက ဂိမ်းတွေတစ်ခုပြီးတစ်ခု လိုက်ဆော့ရင်း အချိန်ဖြုန်းနေဆဲမှာပဲ စက်ကွင်းဖုန်းထဲ မက်ဆေ့ချ်ဝင်လာသည်။

"သူ..လာပြီ"

ဒီတော့မှ စက်ကွင်းက ဖုန်းစခရင်ဆီက အကြည့်ကို ဝင်ပေါက်ထံ လှမ်းပို့သည်။

"ဟင်"

စက်ကွင်းရင်ထဲမှာ ငလျှင်အသေးစားလေး လှုပ်ခတ်သွား





သည်ဟု တင်စားရမည်။ ရင်တုန်တာတွေ၊ ကြည်နူးတာတွေ မဟုတ်ဘဲ ထူးဆန်းအံ့သြခြင်းသက်သက်ဆိုတာတော့ သူ အာမခံနိုင်ပါသည်။ တိုက်ဆိုင်မှုအား ဦးညွှတ်ရမလား။ ရှေးလူကြီးတွေ ပြောတဲ့ ဒါ ရေစက်ဆိုတာကြီးကိုပဲ လက်ဆွဲနှုတ်ဆက်ရမလား မသိတော့။

အပြာရောင်ကတော့ သူငယ်ချင်းမသုံးယောက်ခြံရံ၍ နင်းနင်းရှမ်းထဲဝင်လာ၏။ သဘော်သီးမှည့်ရောင်ဂါဝန်က လည်ပင်းအပြဲလက်ပြတ်ကို အရှည်ကတော့ ခြေမျက်စိနားမှာ တဝဲဝဲ။ ခါးနားမှာ ခါးစည်းကြိုး အရှူးလေးနဲ့မို့ တခြားသူတွေ ဝတ်သော ဂါဝန်လို ကိုယ်လုံးအလှကို အလွန်အမင်း ဖော်ကျူးထားတာမျိုးမဟုတ်ဘဲ ပွပွလေးပေမယ့် ကြည့်လို့တော့ ကောင်းပါသည်။

အကျီအရောင်နှင့် ခေါင်းမှာတပ်ထားသော ဘီးကုပ်အရောင်က ဆင်တူဖြစ်ပြီး စလွယ်သိုင်းထားသော ကြိုးရှည်တပ်အိတ်က အနက်ရောင်စလင်းဘတ်နှင့်။ ပုသောအရပ်ကို ပိုရှည်လာအောင် အဖြူရောင်ကြိုးသိုင်းခုံထူကြီး စီးထားသော အပြာရောင်ကသည်း စက်ကွင်းကိုတွေ့တာနှင့် အံ့သြသွားတာ သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ခဏပါပဲ။ လူလည်မလေးက စက်ကွင်းကို ချက်ချင်း မျက်နှာလွှဲသွားပြီး ရင်ကော့ခေါင်းမော့ကာ ဦးတည် သွားတာက ဝီရရှိရာ စားပွဲဆီ။ ဝီရနှင့်ချိန်းထားသည်။ လူကြီးချင်း စကား ပြောထားသည်ဆိုတာ အပြာရောင်ပဲလား။ စက်ကွင်းက ဝီရထံ ဖျတ်ခနဲ လှည့်ကြည့်တော့ ဘသားချောက ထိုင်ရာမှ ပျာယာ သလဲထရင်း အပြာရောင်ကို ခရီးဦးကြိုပြုသည်။

"ရှင်တို့ ဟိုဘက်ဝိုင်းမှာ ထိုင်ကြလေ၊ အပြာရောင်က ကိုဝီရနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့"

အပြာရောင်က မိကဲတို့ကိုလှည့်ပြောရင်း ဟိုတစ်ဖက်က ပုဂ္ဂိုလ်ကိုမြင်အောင် မျက်စတွေဘာတွေ ပစ်သည်။

"အေး…အေး တွေ့တယ်"

ကဲကဲက တုံ့ပြန်သံခပ်တိုးတိုးကြားရ၏။

"ဒီဖိုင်းကတော့ လန့်ထွက်နေတာပဲနော်…ဟဲ့၊ နင်တို့ ရန်သူမဖြစ်ကြရင် သိပ်ကောင်းမှာပဲ"

ယုဝက နှုတ်ခမ်းကို လျှာနဲ့သပ်ရင်း ပြောသည်။

"ရန်သူမဟုတ်ရင် နင်က ဘာလုပ်မလို့လဲ"





"အောင်သွယ် လုပ်နိုင်းမလို့"

"နင့်ပုံကြီးနဲ့"

"ဟိုက ကြားသွားရင် ထိုင်နေရင်းက အသက်ထွက်နေ ပါဦးမယ်ဟဲ့၊ ဒါပေမဲ့ သောစိနဲ့တူတယ်နော်၊ တစ်မွေတည်း ဟိုတယ် ဘက်စားတာ"

"ဆရာကြီးနော်၊ သွားမစမ်းနဲ့၊ ငါတို့ဆရာမကြီးကိုတောင် ဗညာပြန်ပေးသွားတာ၊ မတွေ့ဘူးလား"

ဝေဖန်ရေး လေကန်ရေးတွေက ခေါင်းချင်းဆိုင်လို့မဆုံး နိုင်တော့။ အပြာရောင်က စိတ်ဆိုလာရပြီး နောက်ကသုံးယောက်ဆီ ဆတ်ခနဲ ခါးထောက်လှည့်ရပ်သည်။

"ဒီကို ဘာအကြောင်းကြောင့် ငါ လာရတာလဲ၊ နင်တို့ သိတယ်နော်"

မေးတော့လဲ သုံးယောက်လုံး မျက်နှာသေလေးနဲ့ ခေါင်း ညိတ်သည်။

"အေး..သိတယ်လေ"

"သိရင် ငါမှာထားတာ မမေ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရှက်လုံးပြူး အံကြိတ်ပြောရင်း မျက်လုံးက အလိုလို ဟိုတက်ဝိုင်းဆီရောက်တော့ စက်ကွင်းဆိုသည့် မေတ္တာတုံးပုဂ္ဂိုလ်နှင့် အကြည့်ချင်း ဆုံသွားသည်။ အပြာရောင်က ဦးအောင်မဲ့ရဲ့ကာ စက်ကွင်းကို မျက်စောင်း ဝိတ်ထိုးပြီးမှ ဝီရဘက်လှည့်တော့ အပြုံး များစွာနှင့် ဖြစ်သည်။

"ဆောရီးနော် ကိုဝီရ၊ ဒီမှာသူငယ်ချင်းတွေကို မှာစရာ ရှိတာတွေ မှာနေလို့"

"ဩော်…ရပါတယ်ဗျာ၊ ထိုင်ပါ၊ ကျွန်တော် ဘာမှတော့ မမှာရသေးဘူးဗျ၊ အပြာရောင်က ဘာကြိုက်တတ်မှန်းမသိတာနဲ့"

"အိုး…ရပါတယ်၊ အပြာရောင်က အစုံစားတယ်၊ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

အပြာရောင်ကဦးဆောင်ပြီး မီနူးကြည့်ကာ စားချင်တာတွေ မှာသည်။ မှာနေရင်းက အရှေ့တွင်တပြုံးပြုံးနှင့်ထိုင်နေသော ဝီရ ဆိုသူကိုလည်း အကဲခတ်သည်။

"မဆိုးပါဘူး၊ အခုတွေ့ရတဲ့ပုံကတော့ ငါ့အပေါ် ဘာ မဆို အလိုလိုက် အလျှော့ပေးမယ့် ပုံပါပဲ"





ရင်ထဲက မှတ်ချက်ချပေမယ့် မေမေ့ပြောစကားကို ခေါင်း ညိတ်လက်ခံဖို့ စိတ်မဖြစ်သေးတာတော့ သေချာသည်။

"မိဘမရှိတော့တာ တစ်မျိုးကောင်းတာပေါ့၊ နို့မို့…အမေ့ မြေးက ယောက္ခမနဲ့ ဒီနေ့တွေ့ ဒီနေ့ရုန့်ဖြစ်မယ့်အချိုးလေ၊ ကောင် လေးက မွန်မွန်ရည်ရည်ပဲ၊ ဆေဗယ်နဲ့ ဘွဲ့ရထားတာ အမေရဲ့၊ သူတို့ရှယ်ယာဝင်ထားတဲ့ ကွန်စထရက်ရှင်မှာပဲ အလုပ်ဝင်နေတာ၊ တစ်ဦးတည်းသောသားလေ၊ သူ့ကြီးတော်နဲ့ သူ့ဇာက တက္ကသိုလ် တုန်းက တစ်မေဂျာတည်း တက်ခဲ့သူတွေ"

ဘွားကို မေမေပြောပြနေတာတွေ အပြာရောင် အားလုံး ကြားပါသည်။ မေမေကလည်း အပြာရောင်ကြားစေချင်လို့လား မသိ။ ဘွားနဲ့အပြာရောင် အတူရှိနေချိန်ကျ လာပြောပြီ။ အဲဒီ ဝီရဆိုသူရဲ့အကြောင်းကို။ ထို့ကြောင့် ဝီရဆိုသူအား ဓာတ်ပုံတဲရော နားထဲမှာရော ရင်းနှီးနေခဲ့တာကြာပြီဖြစ်သည်။

"အပြာရောင်ကို ကျွန်တော်က တွေ့ချင်နေတာကြာပြီ၊ ဟို…လူကြီးတွေနဲ့တွေ့တာ တစ်ကဏ္ဍပေါ့၊ ဒီလိုလူငယ်ချင်းအရင် တွေ့ကြတဲ့အခါ ရင်းရင်းနှီးနှီး ဖြစ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အပြာရောင်လည်း အဲဒီလိုပဲတွေးတာလေ၊ အဲဒါကြောင့် အရင် မေမေ့ကို စချိန်းခိုင်းရတာ"

အပြာရောင် စချိန်းဆိုတုန်းက မေမေ့မှာ အပြာရောင်ကို မယုံသင်္ကာဟန်နှင့် ကြည့်သည်။

"ညည်း မဟုတ်တာတွေ ကြံစည်မလို့တော့ မဟုတ်ပါဘူးနော်...အပြာရောင်"

"သြော်...မေမေရယ်၊ ကိုယ့်တစ်ဘဝလုံးအတွက် လက်တွဲသွားရမယ့်လူကို အပြာရောင် တစ်နေ့ရှိလောက် အကဲခတ်ပါရစေဦး၊ မေမေ့အစီအစဉ်ခေါင်းညိတ်ပြီးပြီပဲ၊ အပြာရောင့်ကို ဒီအခွင့်အရေးတော့ ပေးသင့်ပါတယ်"

မေမေရော၊ ဘွားဘွားရော အပြာရောင့်တောင်းဆိုချက်အပေါ် လက်ခံခေါင်းညိတ်သည်။ ထို့ကြောင့် မေမေက လူငယ်ချင်းတွေ့မည့် အစီအစဉ်ကို လက်ခံပေးရခြင်းဖြစ်သည်။

"အပြာရောင်"

"ရှင်"

ရှေ့မှာထိုင်ပြီး စားကောင်းဖွယ်ရာတွေကို ပါးစပ်ထဲထည့်





ပြီး ဝတ္တရားကျေစွာ မြုံချနေရပေမယ့် စိတ်အစဉ်က အတိတ်ထဲ ရောက်ဝဲဝဲ။ ဝီရခေါ်မှ သတိဆွဲထူးသံက အလန့်တကြားဖြစ်သွားသည်။

"ပြောလေ...ကိုဝီရ"

"မေးမလို့ပါ"

"ဟုတ်...မေးပါ"

"လူကြီးတွေစီစဉ်တာကို အပြာရောင် ဘယ်လို သဘောထားလဲလို့"

အပြာရောင်ခေါင်းထဲမှာ အချက်ပေးမီးနီတွေ တဖျတ်ဖျတ် ထင်းသွားရာ အပြာရောင်က အဖြေမပေးခင် အစားအသောက်တွေ ချည်း တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားသည်။

"ဟို...အဲ...အဲဒါကလေ"

"ပြောပါ အပြာရောင်၊ ကျွန်တော့်ကို အားနာစရာမလိုပါဘူး"

ပြောရင်း ဝီရမျက်နှာပေါ်က အပြုံးတွေလျော့ရဲသွား၏။ လက်ထဲရှိဇွန်းခက်ရင်းကို မချမိဘဲ ဒီတိုင်းကြီးကိုင်ကာ အပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ကာ အထူးတဆန်းကြီး။ မထူးဆန်းဘဲမခံနိုင်ရိုးလား။ ဝီရဲ့ စကားပြောနေတာ အကောင်းကြီးကနေ အပြာရောင်က တစ်ကိုယ် လုံးနတ်ကျသလို တဆတ်ဆတ်တုန်ယင်လာသည်။ ပြီးတော့ မျက်ဖြူတွေပါ ဆတ်ခနဲ ဆတ်ခနဲ လန်တက်သွားသည်။

"ဟာ"

"ဟေ့…အပြာရောင်၊ ဟိတ်…ဟိတ်"

"အပြာရောင်"

ခါးကိုင်းပြီးခေါ်သော ဝီရအသံက စိုးရိမ်ခြင်းကြောင့် ကျယ်သွားသည်။ အပြာရောင်အိခြေအနေက ထူးမလာဘဲ ပို၍ပို၍ ဆိုးလာ၏။

"လုပ်ကြပါဦး…ဒီမှာဘာဖြစ်မှန်းမသိဘူး"

"အပြာရောင်"

"အပြာရောင်"

"ဟယ်…အပြာရောင် တက်နေပြီ"

"ယုဝ…နင် နောက်က ထိန်းထားပေးစမ်း၊ အပြာရောင် လန်ကျသွားတော့မယ်ဟဲ့"





"အပြာရောင် သတိထားလေ"

"ကဲကဲ…လုပ်…လုပ် အပြာရောင်ကို ယပ်ခတ်၊ ရေ တစ်ခွက် အဆင်သင့်လုပ်ထား"

"အပြာရောင် ဟိတ် သတိထားဦးလေ"

ဝုန်းခနဲ အပြာရောင်အနား ခြံရံပစ်တာ သူမသူငယ်ချင်း တွေချည်းဖြစ်ကာ ဝီရမှာ တိုးပေါက်ရန်နေရာမရှိတော့။ သူတို့ သူငယ်ချင်းကို သူတို့ပဲ ပွေ့ပိုက်ကြကာ သူတို့ပဲပြုစုနေကြရင်း အပြာရောင်က ယုဝဆိုသူရဲ့ရင်ခွင်ထဲ ငြိမ်သက်စွာ အိပ်မောကျသွား သလိုရှိမှ ဖြိုးဖြိုးဆိုသူက ဝီရကိုလှည့်ကြည့်သည်။

"ရှင် သူ့ကို ဘာများ သွားပြောသေးလဲ"

"ဗျာ"

"ရှင့်ကြောင့် အပြာရောင် အခုလိုဖြစ်တာမဟုတ်လား"

"ဟာ…မဟုတ်ဘူး"

ဘုရား…ဘုရား၊ သူကတော့ နေရင်းထိုင်ရင်းအမှုပတ်ပါ ပြီလို့တွေးရင်းက ချွေးစေးတွေ ပြန်ထွက်လာသည်။ အားကိုးတကြီး နှင့် စက်ကွင်းကိုလှမ်းကြည့်တော့ သကောင့်သားက နေရာတွင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ဝီရက ကြောက်လန့်တကြားဖြစ်သွား၏။

"ဒါဖြင့် ဘာဖြစ်လို့ ကျွန်မသူငယ်ချင်း အခုလိုဖြစ်ရတာလဲ"

"ဗျာ"

"ဟို…အဲဒါက"

"ကျွန်တော် ဘာ…ဘာမှ မပြောပါဘူးဗျာ"

"ဘာမှမပြောဘဲနဲ့တော့ မဖြစ်နိုင်ဘူး၊ အပြာရောင်က စိတ်လှုပ်ရှားစရာ စကားတွေကြားရင် အဲဒီလိုပဲ တက်တတ်တယ်"

"ဗျာ"

"ရှင် အပြာရောင် စိတ်လှုပ်ရှားစေမယ့်စကားမျိုး ပြောလို့နေမှာပေါ့"

"စိတ်လှုပ်ရှားရင် ဒီလိုတက်တတ်တယ်ဟုတ်လား"

"ဟုတ်တယ်"

"ဟင်"

"အေးလေ၊ အကောင်းကြီးကနေတော့ အပြာရောင်က ဒါမျိုးမှ မဖြစ်တတ်တာ"





ထိုအခိုက် ယုဝရင်ထဲမှ အပြာရောင်က လူးလွန့်လာ၏။

"ရေ…ရေပေးပါ"

"ဟော…အပြာရောင် သတိရလာပြီ"

"အပြာရောင်ကို ရေတိုက်လိုက်"

"အပြာရောင် ဘာဖြစ်တာလဲဟင်"

လေသံတိုးဖွဖွနှင့် မေးသည်။ သူမရဲ့သူငယ်ချင်းတစ်သိုက်က ရေတိုက်သူ၊ ချွေးသုတ်ပေးသူတွေနဲ့ ဗျာဗျာသလဲဖြစ်သွားတာများ ဝီရက ဘေးလူလုံးလုံးဖြစ်သွားသည်။ အားလုံးနေသားတကျဖြစ်သွားမှ အပြာရောင်က သူ့ကို အားနာပြုံးလေး ပြုံးပြသည်။

"ဆောရီးနော်…ကိုဝီရ၊ အပြာရောင်က အဲဒီလို စိတ်ဖြင်းပြင်းထန်ထန် လှုပ်ရှားရင် လူတွေကြားထဲလဲ အခုလိုပဲ တက်တတ်တယ်"

"ဗျာ"

"အပြာရောင်တက်တာမြင်လို့ လန့်သွားပြီလားဟင်"

"ဟင်"

"သြော်…ကိုယ်မလန့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"တကယ်ပါဗျာ"

"အပြာရောင် ဝမ်းသာပါတယ်ရှင်"

ဘာကိုဝမ်းသာမှန်းမသိ၍ ဝီရမျက်လုံးပြူးကာ ဆံပင်တွေပါ ထောင်ထသွားသည်။ စိတ်လှုပ်ရှားတိုင်း တက်တတ်တယ်ဆိုပါလား။

စိတ်ဆိုးတာ၊ ဒေါသထွက်တာ၊ ပျော်တာ၊ မုန်းတာအားလုံးက စိတ်လှုပ်ရှားတာတွေချည်း မဟုတ်ဘူးလား။ ဒီလိုလှုပ်ရှားတိုင်း တက်နေရင် မခက်ပါလား။ ဝီရက တွေးရင်းတွေးရင်း အတွေးထဲချွေးစေးတွေလိုမှုပြန်ကာ ဖြစ်နိုင်လျှင် ဒီနားမှာ ဆက်မနေချင်တော့တဲ့အထိ စိတ်အပူကြီးပူလာ၏။

"ဟို…ဘီလ်ရှင်းပေးထားခဲ့မယ်နော်၊ ကျွန်တော် အရေးတကြီးချိန်းထားတာရှိလို့၊ ခွင့်ပြုပါဦး"

"ကိုဝီရ"

"ဗျာ"

"အပြာရောင်တို့ နောက်ထပ်တွေ့ကြဦးမလားဟင်"





"သြော်…ဟုတ်ကဲ့ တွေ့မှာပါ"

"သင့်ခ်ယူးနော်"

"ဟုတ်ကဲ့…အားလုံးပဲ သွားပြီနော်"

ဝီရ ပြေးပြေးသွားတာကိုကြည့်ပြီး သူမတို့အပြင် ရယ်နေသူ တခြားတစ်ယောက်ရှိသည်။ ထိုသူက ဝီရသူငယ်ချင်း စက်ကွင်း။

မင်း လှလှပပကြီး ခံလိုက်ရပြီ ဝီရ။

ႁ ႁ ႁ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ရှင်…ဟုတ်ကဲ့…ဟုတ်ကဲ့"

ခေါ်သူဇာ တစ်ဖက်ကို ခေါင်းညိတ်ပေမယ့် အံ့သြနေ၏။

"ထူးဆန်းတယ်၊ တကယ်…ထူးဆန်းတယ်"

ဖုန်းကိုမချနိုင်သေးဘဲ ခေါ်သူဇာက အဲဒီလိုရေရွတ်ဆဲမှာပဲ ဆိုဖာက အိခနဲဝင်သွားပြီး အနားသို့ပွတ်သီးပွတ်သပ်လာထိုင်သူက အပြာရောင်။ တွေ့လိုက်ရင် လက်ထဲကွန်ပျူတာရှိရင်ရှိ၊ ဒါမှမဟုတ် အစားတစ်ခုခုစားနေတတ်တဲ့ အပြာရောင်က အခုလည်း ပန်းသီး တစ်ဖက်၊ အဲအေးဘူးတစ်ဖက်နှင့် လက်နှစ်ဖက်စလုံး မအားတာ တောင် မအေ့ပခုံးအပေါ်သို့ ခေါင်းမှီချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ထူးဆန်းနေတာလဲ အိုမား"

"ဘာမှမဟုတ်ပါဘူး"

ဒေါ်သူဇာက ဟန်မပျက်ပြန်ဖြေသည်။

"မဖြစ်ပါဘူး၊ ဖုန်းထပ်ဆက်ပြီး မေးဦးမှ"

အပြာရောင်ကိုထားပြီး ဒေါ်သူဇာ ထထွက်တော့ အပြာရောင်က လိုက်မော့ကြည့်၏။

"မေမေ ဖုန်းက ဒီမှာလေ၊ ဒီမှာဆက်ပေါ့"

"နေ…နေ အိပ်ခန်းထဲမှာပဲ ဆက်လိုက်မယ်"

"ဒီမှာက ဘာဖြစ်လို့လဲမေမေရဲ့၊ မေမေပြောတာတွေ အပြာရောင်ကြားမှာစိုးလို့လား"

"ဟုတ်တယ်ဟေ့ ဟုတ်တယ်"

"အပြာရောင် ဘာမှမလုပ်ဘူးနော်၊ မေမေ့ဘာသာ ဒေါသဖြစ်နေတာ"

"ညည်းနဲ့ ဘာမှမပြောနိုင်သေးဘူး အပြာရောင်၊ နောက်မှ ညည်းပြောချင်တာပြော"

ဒေါသနှင့် စိတ်ရှုပ်စွာ ပြောသွားပုံကလည်း စိတ်မကြည်





သောနှင့်။ အပြာရောင်က ပန်းသီးတစ်ကိုက်၊ အအေးတစ်ကျိုက် ဘာ့ရင်း မိခင်ကို မျက်ခုံးလေးတွန့်ကြည့်သည်။

"မေမေ ဘာတွေဖြစ်နေတာလဲ"

"ဘာတွေဖြစ်ရမှာလဲ"

"ဟင်…ဘွား"

ဆိုဖာပေါ် လျှော့တိလျှော့ရဲ မှီထိုင်နေသော အပြာရောင် ဘားသို့ ဘွားက ဝင်၍ထိုင်သည်။

"မေမေ ဘာဖြစ်နေလဲဆိုတာ ဘွား သိလား"

"သိသားပဲ"

"မေမေဘာဖြစ်နေတာလဲဟင် ဘွား"

"ဒေါသဖြစ်တာ"

"ဘယ်သူ့ကိုလဲဘွား"

"ဟိုတစ်ယောက်ကိုလေ"

ခုန်ထတော့မတတ် ချက်ချင်းတက်ကြွကြွ ဖြစ်သွားတဲ့ မြေးမကို ဒေါ်ပန်းဝေက ကြည့်ရင်းခေါင်းညိတ်သည်။

"ဘယ်တစ်ယောက်လဲ ဘွားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြေးနဲ့သဘောတူတယ်ဆိုပြီး ဟိုတလောက သွားတွေ့တဲ့လူလေ"

"ကို..ဝိ..ရလား"

"အေး"

"သူကဘာဖြစ်လို့လဲဘွား"

"ညည်းအမေဆီ ဖုန်းဆက်တာလေ"

"သူက"

"ဟုတ်ပ"

"ဟင်"

ပန်းသီးကိုင်လက်နဲ့ အပြာရောင်က လက်ညှိုးတစ်ချောင်း ထောင်ရင်း ထအော်သည်။ ဘွားက ထိုလက်ညှိုးအား လှမ်းချိုးသည်။

"ဘာကိစ္စလဲဟင်ဘွား၊ သူက အပြာရောင်ဆီမဆက်ဘဲနဲ့ မေမေ့ဆီဆက်တာ ထူးဆန်းတယ်နော်"

"ဒါထက်ထူးဆန်းတာ ရှိသေးတယ်"

"ဘာလဲဟင်ဘွား"





"မြေးမနဲ့ စေ့စပ်ဖို့ကိစ္စကို သူ့ဘက်က စဖျက်ပါတယ် ဆိုတဲ့အကြောင်း အရင်ပြောတာ"

"ရှင်"

ဘွားက ထိုစကားကို ခေါင်းချင်းဆိုင်ပြီး လေသံသဲ့သဲ့နှင့် ပြောသည်။ အပြာရောင်ကတော့ ရှင် ဆိုပြီး အာမေဋိတ်တွေ ဘာတွေလုပ်ပြီးမှ မုန့်တွေစားပွဲပေါ်တင်ကာ လက်နှစ်ဖက် မိုးပေါ် မြှောက်လိုက်၏။

"ဟေး"

"လွတ်ပြီ ကျွတ်ပြီကွ"

"ဟေး...မြေး အဲဒါကဘာဖြစ်တာလဲ"

"ဝမ်းသာတာလေဘွား"

အသံကျယ်ကြီးနှင့် အော်ပစ်သည်။

"ဒါဆို အပြာရောင် လက်ထပ်စရာ မလိုတော့ဘူးပေါ့၊ ဟုတ်လား အဘွား"

"ဒါပေါ့"

"အဲဒါကြောင့် ဘွားကိုချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကဲ"

"ရွတ်...ရွတ်"

"ဟဲ့...ဟဲ့ ဖြည်းဖြည်း"

အပြာရောင်က ဘွားပါးနှစ်ဖက်ကိုနမ်း၏။

"ဘွားက သိပ်တော်တာပဲ"

"မြေးလည်း တော်ပါတယ်ကွယ်"

"အဘွားကြီးအကြံက အန်းတိတ်ကြီးဖြစ်နေ ပြီဆိုတဲ့ စကားကိုလည်း ရုပ်သိမ်းပါတယ်"

အပြာရောင်က ချစ်စရာကောင်းအောင် ရယ်မောရင်းနှ ဘွားရင်ခွင်ထဲ ကလေးလို တိုးဝှေ့ဝင်ပြီး တခစ်ခစ်ရယ်နေမိသည် ဘယ်လောက်ပျော်စရာကောင်းလဲ။ ဒီအကြံကို စပေးတာ ဘွား

ဘွားကျေးဇူးကြောင့် အပြာရောင် ယောက်ျားယူရမည် ရန်က ကင်းဝေးသွားသည်။

"နှစ်ယောက်တည်း တွေ့ခွင့်ရအောင် ကြိုးစားပြီး စ တွေ့ချင်းမှာ ယောက်ျားတစ်ယောက် စိတ်ညွတ်သွားအောင်ကြိုး ရတာ လွယ်သလို၊ စိတ်ပျက်သွားအောင်လုပ်ဖို့လည်း အလွယ်ဆုံး





အရေးကြီးတာက ငါ့မြေးသရုပ်ဆောင်ကောင်းဖို့ အဓိက"

"အပြာရောင်က ဘာလုပ်ရမှာလဲ"

ဇာတ်လမ်းရေးတာလည်း ဘွား၊ ဒါရိုက်တာလည်း ဘွား ပင်ဖြစ်ကာ မေမေမရှိသောအချိန်တွေမှာ အပြာရောင်နဲ့ သူငယ်ချင်း သုံးယောက်စလုံးကို အနီးကပ်ကြီးကြပ်ပြီး သင်ကြားပေးတာလည်း ဘွားပင်ဖြစ်၏။

"စိတ်ချပါဘွားရယ်၊ အပြာရောင်ပါ ဒီလောက်တော့ ပိုင်ပါတယ်"

"ယုဝရေ၊ မြေးက အရေးကြီးတယ်နော်၊ အပြာရောင် လဲမကျခင် မြေး အရင်ဝင်ခံထားရမှာ၊ အပြာရောင်က မြေးအလာ စောင့်ရင်း လဲကျမယ်ဆို သရုပ်မပီပြင်ဘဲ တစ်ဖက်ကရိပ်မိသွား မယ်"

"အကယ်ဒမီရှော့ပါ ဘွားရဲ့၊ ဘွားမြေးအတွက် လုံးဝ စိတ်ချ"

သေသေချာချာ စီစဉ်ညွှန်ကြားပေးခဲ့တာပါ။ အခုတော့ အကြံအစည်က အဆုံးတိုင်ပေါက်မြောက်အောင်မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဟော်…ဒါ အောင်ပွဲခံနေကြတယ်ပေါ့ ဟုတ်လား"

"ဟာ…မေမေ"

"အေး…ဟုတ်တယ်၊ ညည်းအကြံ ဒါအကုန်လား အပြာရောင်"

ရုတ်တရက်ကြီး နောက်ပါးမှ မေမေ့အသံထွက်လာသည်။ မေမေ့ကြောင့် အပြာရောင်နှင့်ဘွား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

"အပြာရောင် ဘာလုပ်လို့လဲမေမေရဲ့"

"ဘာလုပ်လို့လဲဟုတ်လား"

"ဟုတ်"

"ဟုတ်ပါ့အေ…ငါ့မြေးလေးက ငါ့အကြောင်းတက်နေတာ သိလို့ နှိပ်နယ်ပေးနေတာပါ၊ အောင်မယ်လေး….အခုမှပဲ နေသာ ထိုင်သာရှိသွားတော့တယ် ကျွတ်··ကျွတ်…ကျွတ်"

ဘွားက ဒူးကို လက်နဲ့ထောက်ထရင်း ပါးစပ်ကလည်း သရုပ်ပေါ်အောင် တကျွတ်ကျွတ်အော်သေးသည်။ ပြီးမှ နာရီလှမ်း





ကြည့်သည်။

"တစ်နာရီတောင် ထိုးပြီပဲ၊ ဟဲ့··မြေးမ၊ ဒီအချိန် က တရားလာချိန် ဖွင့်စမ်း"

"ဟုတ်··အပြာရောင် တီဗီလာဖွင့်ပေးမယ် ဘွား"

အပြာရောင်က ထိုင်ရာမှ ထ၍ ဘွားနှင့်အတူ မေမေ့ ကော်ကွင်းမှ လွတ်မြောက်ရန် အရေးကြီးသည်ကိုး။ သို့ပေမယ့် ညည်းခံနေမှခွာရန် စိတ်ကူးပဲရှိကာ ခြေတစ်လှမ်းတောင် မလှမ်းရသေး ခင်မှာဘဲ ဒေါ်သူဇာက မြေးအဘွားနှစ်ယောက်စလုံးရဲ့ရှေ့ ပိတ်ရပ် သည်။

"ခဏလေးနေပါဦး မေမေ"

"မေမေ့တီဗီက တရားလေးမကြည့်ခင် ဒီလက်ပ်တော့ကို အရင်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲ သူဇာရဲ့"

"မေမေ့မြေး ဘာတွေလုပ်လာလဲဆိုတာတော့ ဒီထဲမှာ သာကြည့်လိုက်တော့"

ထိုးပေးလာတဲ့ လက်ပ်တော့ကို အပြာရောင်က ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



ယူသည်။

"အမယ်…မေမေက အင်တာနက်ထဲတွေဘာတွေ ဝင်ကြည့်လို့တော့၊ စကေ့ ဘွားရေ အပြာရောင်တို့ကိုအားကျပြီး"

ထင်ရာစွတ်ပြောနေတဲ့ မြေးရဲ့ခါးကို ဒေါ်ပန်းဝေက မျှော်အောင်လိမ်ရင်း ကွန်ပျူတာကိုကြည့်ရန် မျက်ရိပ်ပြသည်။ ဒီတော့မှ မချောက ကွန်ပျူတာကို စိုက်ကြည့်သည်။

"ဟင်"

"အဲတော့…"

အာမေဋိတ် ပီပီသသထွက်လာတာ အံ့ဩလွန်း၍ပါ။ ကြည့်စမ်း အွန်လိုင်းထဲမှာ အပြာရောင်နဲ့ ကိုဝီရ တစ်စားပွဲတည်း လန့်ချိစားနေပုံ၊ စားနေရင်း ရယ်ရယ်မောမောနဲ့ စကားပြောနေပုံနှင့်အတူ နောက် သူမ တဆတ်ဆတ်တုန်ယင်လာကာ တက်၊ လာ့ ကဲကဲတို့ ဝိုင်းပြီး ပြုရပုံတွေက အစမှအဆုံး တစ်ယောက်ယောက်က ဗီဒီယို ရိုက်ပြီး အင်တာနက်ပေါ် တင်ခြင်းဖြစ်သည်။

"ဘုရားရေ…ဒါ…ဒါက ဘယ်လိုဖြစ်တာလဲ မေမေ"





"ဒီစကားက ငါက ညည်းကိုမေးရမှာ အပြာရောင်"

"ပြောစမ်း ညည်းဘာတွေလုပ်ခဲ့တာလဲ"

စက်ကွင်း ဟိုပုဂ္ဂိုလ်မျက်နှာကို တန်းခနဲမြင်သည်။ အဲဒီနေ့က ခိုင်နှင်း ရွှမ်းထဲမှာ သူမတို့တစ်တွေရယ်၊ ဒင်းရယ်၊ နောက်ပြီး နိုင်ငံခြားသား စုံတွဲတစ်တွဲရယ်ပဲရှိကာ ဖော်ရိန်နာတွေက သူမနဲ့ ကိုဝီရ စကားပြောနေတုန်း ထထွက်သွားတာဖြစ်သည်။

"အဲဒီလူက တစ်ချိန်လုံး ဖုန်းကိုပဲကလိနေတာ"

"သည်းကြီးမည်းကြီးဟဲ့"

"အင်တာနက်ထဲဝင်ပြီး ဟိုမင်းသမီးရဲ့ ဝက်ဘ်ဆိုဒ်ကို ကြည့်နေတာနေမှာ"

အပြန်ခရီးမှာ ကဲကဲတို့ရဲ့ စကားသံတွေပြန်ကြားရသောအခါ စိတ်ထဲတွေးထင်ခြင်းက ပိုသေချာခြင်းသို့ ရောက်သည်။

"သေချာတယ်၊ စက်ကွင်းဆိုတဲ့လူ လက်ချက်ပဲ"

"ဟဲ့…ငါမေးနေတာကြားလား အပြာရောင်"

"ကြားပါတယ် မေမေ၊ အပြာရောင် ကိုဝီရကို မယူချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ညည်းက မိဘလက်နဲ့ရေးတာကို ခြေနဲ့ဖျက်တာပေါ့ ဟုတ်လား"

"အပြာရောင်က"

"တော်…ညည်း ငါ့ကိုဘာမှထပ်မပြောနဲ့"

"အခုချိန်ကစပြီး ငါ့ဘက်က ပိုသေချာသွားပြီ၊ အပြာရောင်"

ဒေါ်သူဇာက သူမ လက်ထဲမှ လက်ဝ်တော့ကို ဆွဲယူဖိတ်ပစ်သည်။

"တော်ပါတော့အေ…ကလေးစိတ်ဆင်းရဲနေပါ့မယ်"

"သူဇာကရော စိတ်ချမ်းသာလို့လား အမေ"

"ညည်းက ဖွတ်လုပ်တာကိုး"

"မေမေ့မြေးအကြောင်း မေမေမသိပါဘူး"

"သိတယ်ဟေ့ သိတယ်"

"ငါ့မြေးအပြာရောင်က…တမင်ဖျက်တာ မဟုတ်ဘူး မြေးက ယောကျ်ားမယူချင်သေးဘူးတဲ့၊ ညည်းမကြားဘူးလား"





"ဟုတ်တယ်ဘွား"လို့ အပြာရောင်က ဘွားလက်ဖဝါးချင်းဆုပ်ဖျစ်ကာ ခေါင်းငုံ့ပြီး မပွင့်တပွင့်ပြောတော့ ဘွားက မြေးချက်နှာကို စိတ်မကောင်းသလိုကြည့်သည်။ အပြာရောင်ကတော့ စက်ကွင်းကို အမှုန့်ကြိတ်ပစ်ချင်နေ၏။ သင်းကြောင့်။

"အမေ့မြေးကို ဒီအတိုင်းထားလို့မရဘူး အမေ"

"အေး…မထားချင်လည်း လက်ခံချင်အောင်ပြော"

"မေမေ့မြေးကိုမနိုင်တော့ သူစိမ်းလက်ထဲ အပ်ရတော့တာပေါ့၊ အခုကြည့်ဦး သူဇာတို့ကို တိုင်းသိပြည်သိ အရှက်ခွဲတာ၊ ဒါကြောင့် ကောင်လေးဘက်က စဖျက်ပါတယ်ပြောကတည်းက ထူးဆန်းနေတာ၊ ကြီးတော်ဆီ ဖုန်းဆက်မေးမှပဲ အင်တာနက်ထဲ ဝင်ကြည့်ကြည့်ပါတဲ့၊ လူရှေ့မရှောင် ဒီလိုရောဂါရှိနေရင် သူတို့နဲ့ သဘောမတူနိုင်ပါဘူးတဲ့"

"အောင်မာ…ဒီကလည်း မယူချင်လို့ လုပ်တာပါလို့ မေမေ ပြောလိုက်ပါလား၊ သူတို့များ ရှေ့ထွက်နေတာကျလို့"

"အ…ပြာ…ရောင်"

ဒေါ်သူဇာက အသံကုန်ကျူးအော်တော့ အဘွားရော



www.burmeseclassic.com

www.burmeseclassic.com



မြေးပါ ဇက်ကလေးပုပြီးတော့ ငြိမ်ကျသွား၏။

“ညည်းပြောလေ ကဲလေပါလား အပြာရောင်၊ ဟင်… တကတည်း ညည်းက သူများကို အပြစ်သွားတင်နေရသေးတယ်။ တော်ပြီ ဆက်ပြောရင် ငါမောတယ်၊ ညည်းကို ရိုက်လည်း ငါ အသားနာရုံပဲရှိမှာ၊ ဒီတော့ ညည်းလည်း အစွမ်းရှိသလောက်ဖျက်၊ ငါလည်း ဒီတစ်ယောက်နဲ့ပျက်ရင် နောက်တစ်ယောက်နဲ့ ရအောင် စီစဉ်မယ်၊ ဒါပဲ”

ဒေါ်သူဇာက မိခင်ဖြစ်သူဘက်ပါ အကြည့်စွေရင်း အားပါးတရ ကြိမ်းမောင်းပြီး နှစ်ယောက်စလုံးရှေ့မှ လှည့်ထွက်လာခဲ့သည်။ ဒီလိုမြေးအဘွားမျိုးလည်း ဒီတစ်ကြိမ်ပဲ မြင်ဖူးပါသည်ဟု ပြောရလောက်အောင် အစေးကပ်အတွဲညီတာကြောင့်။ ဒီမြေးအဘွားကို ခွဲထုတ်ဖို့တော့လိုပြီဟု တွေးလိုက်၏။



## အခန်း (၉)

“မင်းက တကယ့်ကောင်ပဲစက်ကွင်းရာ”

“ဘာလဲ ဝီရ၊ မင်း နှမြောသွားလို့လား”

“နှမြောတယ်တော့ မဟုတ်ပါဘူး၊ အဲဒီလိုခံစားရအောင်လည်း အစကတည်းက ရင်ခုန်သံတွေ ပန္နက်ရိုက်ခဲ့ကြတာမှ မဟုတ်တာ၊ ဒါပေမဲ့ ကောင်မလေးက ချစ်စရာကောင်မလေးကွ”

“ချစ်စရာကောင်းသလောက် ညစ်တတ်တာလေးလည်း ထည့်ပြော”

“အေးကွနော်၊ သူ ညစ်တာက ဘာမှမဟုတ်တာလေး ပေမယ့် တစ်ခါတလေ တစ်ဖက်လူကို ရှော့ခ်ရသွားစေတာမျိုးကွ”



www.burmeseclassic.com

www.burmeseclassic.com



စက်ကွင်းကွန်ပျူတာဆောဲနားသို့ ဝီရ လာချပေးသော ကော်ဖီခွက်ကို ယူ၍ တစ်ငုံငုံပြီးမှ စက်ကွင်းက ဆုံလည်ခုံကို နောက်သို့လှည့်ထိုင်တော့ ဝီရနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"အဲဒီနေ့ကတည်းက သူ တမင်ဟန်ဆောင်နေတာ ငါ သိသားပဲ"

"မင်းကလဲ အဲဒါများ ငါ့ကို မက်ဆေ့ချ်လေးဘာလေး ပို့ပြီး အကြောင်းမကြားဘူး"

စက်ကွင်းက ဝီရကိုကြည့်ပြီး ခပ်သဲ့သဲ့ရယ်သည်။ ပြီးမှ နီးရာစားပွဲမှာ ကော်ဖီခွက်ကိုလှမ်းတင်သည်။

"ပြောတော့သာ မနှမြောဘူးတဲ့၊ မျက်နှာမှာ လွှတ်တဲ့ငါး ကြီးနေတဲ့အရိပ်က အထင်အရှားကြီး"

"မဟုတ်ပါဘူး၊ ငါက ပညာလေးဘာလေး ပြန်ပေးချင်လို့"

"တော်ပါ၊ ဟိုက ပညာပေးတာတောင် မသိဘဲနဲ့များ"

"ဒါကတော့ ရုတ်တရက်ကြီးကိုကွ၊ ငါ့ကြီးကြီးဆို မင်းပြောတဲ့အတိုင်း အင်တာနက်ကိုကြည့်ပြီး ဒေါ်တွေပွနေတာ၊ အပြာ





ရောင်အမေလည်း ဖုန်းဆက်မေးရော ပြောပစ်လိုက်တာ"

"ဟော့ကောင်ရေ၊ အေကေ-၄၇ ကို ပါးစပ်မှာတပ်ထားတဲ့ အတိုင်းပဲ၊ တပြောင်းပြောင်းနဲ့၊ အင်း…အပြာရောင်တော့ တော်တော် အဆူခံရမယ်ကွ၊ သူက နဂိုကတည်းက အိမ်မှာ တကယ့်မိဆိုးတဲ့၊ သူ့အတွားနဲ့သူ့ အဖေက သူ့ဘာပြောပြော ခေါင်းညိတ်ပြီးသားတဲ့၊ ဒါပေမဲ့ အမေကိုတော့ ကြောက်ရတယ်ဆိုပဲ၊ ဒီတစ်ခါ မင်းမွှေတာ တော့ သူ ဟော်တော်ခံစားလိုက်ရမှာပဲ"

"သူ့တုန်းကလဲ ငါ ခံစားခဲ့ရတာပဲ"

စက်ကွင်းက ပြောရင်း ခံခဲ့ရသမျှ ဒီတစ်ခါတည်းနဲ့ အင်ပုန်းချေပစ်လိုက်ရအောင် ပီတိဝေနေခဲ့သည်။ စက်ကွင်းရဲ့ ရာဇဝင် မှာ အသန့်ကြိုက်တာရယ်၊ ဒေါသကြီးတာရယ်က မွေးရာပါဗီဇလို့ ပြောရတဲ့အထိ ဒွန်တွဲလာခဲ့တာကိုမှ သူမနဲ့တွေ့တဲ့အခါ အကျီတွေ ရှုံ့လိုစွန်း၊ ကိုယ့်ကားကို နေရင်းထိုင်ရင်း ဝင်တိုက်ခံနှင့်။ အဆိုး ဆုံးက လူပုံအလယ်မှာ တေလေဂျပိုးလို ဆက်ဆံခံရခြင်းပင် ဖြစ်သည်။

အီလက်ထရောနစ်ကုမ္ပဏီကြီးရဲ့ ငြ က သူမကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးဖြတ်တဲ့အထိ အလစ်သုတ်သမားဘဝ ရောက်ရတာ ဘယ်လောက် ဒေါသထွက်ဖို့ကောင်းသလဲ။ ဒေါသရဲ့နောက်မှာ ပါလာတာက ကလဲ့စားချေခြင်းဖြစ်သည်။

ရှသည့်ပ···၂အ ၂သ ၂သည့်ပ·ခ

အကွန်ရဲ့ ၂သည့်ပ သီချင်းသံကြောင့် စက်ကွင်းက ဖုန်းဖွင့်၍ နားထောင်သည်။

"ဟော့...စက်ကွင်း"

ဒီလို နာမည်အပြည့်အစုံခေါ်တဲ့သူဟာ ဒီလောကမှာ သူ့ရဲ့ အဘိုးတစ်ယောက်သာ ရှိပါသည်။ မိဘတွေမရှိတော့တဲ့နောက်ပိုင်း ဒီအဘိုးရဲ့ ထိန်းချုပ်မှုအောက် ကြီးပြင်းလာခဲ့တာဖြစ်သည်။ အရွယ်ရောက်ပြန်တော့ အသက်ရလာတဲ့အဘိုးအပေါ် ချစ်ကြောက်ရိုသေခြင်းမှ လူကြီးမို့ ငဲ့ညှာခြင်းတွေနဲ့ တစ်ပြန်တစ်လှည့် ဦးစားပေးချင်သော စိတ်ကြောင့်ဖြစ်သည်။

"ဟုတ်ကဲ့ အဘိုး"

"မင်း နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ အဘိုးကလဲ ပြောင်းပြန်တွေးနေ





...ပါပြီ၊ အဲဒီမေးခွန်းက ကျွန်တော်မေးရမှာ၊ အဘိုးက လူကြီး"

"ဟကောင်ရ လူကြီးပဲ နေမကောင်းဖြစ်ရမှာလားကွ၊ ...န်းမာရေးဆိုတာ လူကြီးလူငယ်မရွေး ဖြစ်တတ်တာပဲကိုး"

"ဟုတ်ပါပြီ၊ အဘိုးဒီလောက် ဟောက်နေနိုင်သေးရင် ...န်းမာရေးကောင်းတယ်လို့ ယူဆလိုက်တော့မယ်၊ ကဲ..ပြော ...ဘိုး၊ ဖုန်းဆက်ရတဲ့ အကြောင်းအရင်း"

ကိုယ့်အဘိုး ဦးဘသိန်းအကြောင်း စက်ကွင်း အသိဆုံး။ ...အကြောင်းမာကြောင်း မေးရုံလောက်နဲ့တော့ အဘိုးက သူ့ထံ ...န်း မဆက်တတ်။

"ယောက်ျားချင်း နေနေနဲ့နေလို့မလိုဘူးကွ၊ မင်းကို ရန်ကုန် ...မှာ လွှတ်ထားတာ အခြေအနေမှဲ့ မဟုတ်ဘူး၊ စည်းစိမ် ပညာ ...ဉ်းတွေပါ နောက်ကနေ အားလုံးပံ့ပိုးပေးထားတာ၊ အောင်မြင် ...အောင် ကြိုးစားရမှာက မင်း"

ကုမ္ပဏီအခြေအနေကို နှစ်လနေမှ တစ်ခါလောက် ...တ်ကွင်းက အီးမေးလ်ပို့ရုံသာ။ တစ်ခါတစ်ခါတော့လည်း ...န်းဆက်ပြောတာ လည်းရှိသည်။ ထို့ကြောင့် ဝီရကတောင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



မြေးအဘိုးကို မကြာခဏ ဝေဖန်ဖူးသည်။

"မင်းတို့ကလဲ နိုင်ငံရပ်ခြားရောက်နေတဲ့ အတိုင်းပဲ၊ ဆက်သွယ်တာ စာတစ်တန်ပေတစ်တန်နဲ့၊ တောင်ကြီးနဲ့ ရန်ကုန် ကိုယ့်ကားကိုယ်မောင်းသွားရင် တစ်ညအိပ်ပဲ ကြာတာကို"

စက်ကွင်းက ပခုံးတွန့်လိုက်၏။

"ငါတို့ မြေးအဘိုးကြား ဒါတွေမလိုဘူး"

ဟု ပြောခဲ့ဖူးသည်။ ဝီရကတော့ မဆက်စဖူး အဆက်ထူးသည့်အဘိုးကြောင့် သတင်းအထူးအဆန်းတွေ ကြားရတော့မည့်အလား မျက်မှောင်ကုတ်ကာ နားစွင့်နေ၏။

"အေး အကြောင်းရင်းကတော့ မင်းအိမ်ထောင်ပြုဖို့ပဲ၊ မင်း အိမ်ထောင်ရေးကို အဘိုးစိတ်တိုင်းကျ စီမံမယ်လို့ ပြောခဲ့တာ မှတ်မိလား"

"ဟုတ်..မှတ်မိပါတယ် အဘိုး"

"အေး အေး၊ ဘာအကြောင်းနဲ့မှ မင်းမငြင်းဘူးလို့ ထင်တယ်"

"ကျွန်တော် ကတိတည်ပါတယ်"





"အေး...ဒီစကားကြားရတာ အဘိုးကျေနပ်တယ်၊ ရှေ့လ အဘိုး ရန်ကုန်ကို ဆင်းလာမယ်၊ ပြော်...မင်းနဲ့လက်ထပ်ရမယ့် ကလေးရဲ့ ဓာတ်ပုံကို အဘိုးပို့ပေးလိုက်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ အဘိုး"

တစ်ဖက်က ဖုန်းချသံကြားမှ သူက ဖုန်းကိုပိတ်သည်။ မင်းမေတ်နစိတ်ဝင်စားနေသော ဝီရကတော့ သူ့အနားထိ လျှောက်လာ၏။

"ဘာတဲ့လဲ အဘိုးက"

"ငါ့ကို အိမ်ထောင်ပြုပေးမလို့တဲ့"

အံ့သြဟန်နှင့် ဝီရ မျက်ခုံးတွေ ဘာတွေ ပင့်တက်သွား၏။

"ဘယ်သူနဲ့လဲ၊ ဘယ်ကလဲ၊ ဘယ်တော့လဲ"

စက်ကွင်းက ကွန်ပျူတာရှေ့ ပြန်ရောက်သွားကာ နောက်ဆက်မည့်ဒီဇိုင်းသစ် အဲကွန်းတွေကို ကြည့်သည်။

"မင်းမေးသမျှ ငါ ဘာမှမဖြေနိုင်ဘူး ဝီရ၊ ငါကိုယ်တိုင်လည်း ဘာမှမသိဘူး"

"ဟင်...ဒါဆို အဘိုးက ကပ္ပလီမနဲ့ ပေးစားရင်ရော



www.burmeseclassic.com

www.burmeseclassic.com

မင်း ယူမှာလား"

"အဘိုး အဲဒီလောက် မတုံးပါဘူးကွာ၊ ပေးစားမယ့် ပေးစား ရှုကီရာလောက်တော့ လုပ်မှာပါ"

ပြောပြီး စက်ကွင်း ရယ်လိုက်သည်။

"မထင်…မထင်"

အဲဒီညက စက်ကွင်း ဘောလုံးဘုရင်မကို အိပ်မက် မက်ခဲ့သည်။ ဝါကာဝါကာသီချင်းဆိုပြီး က,နေသူက သေချာ ကြည့်မှ ရှုကီရာမဟုတ်ဘဲ အပြာရောင် ဖြစ်နေခဲ့သောကြောင့် အိပ်မက်ထဲက စက်ကွင်း အမြန်ထွက်ပြေးခဲ့ရတာကို အမှတ်ရသည်။

ဒီညစ်မနဲ့..တော်ပါပြီ၊ အိပ်မက်ထဲတောင် မဆုံချင်။



## အခန်း (၁၀)

"ဆုံ…ချင်…ပြီ"

သီချင်းတစ်ပိုင်းတစ်စကို ယုဝက ရေချိုးခန်းမှထွက်လာရင်း အော်ဆိုသည်။ အပြာရောင်က အပြင်ထွက်ရန် အသင့်ပြင်ဆင်ထားပြီးဖြစ်တဲ့ ကဲကဲနှင့် ဖြိုးကိုရော ရေချိုးပြီးခါစ မှန်တင်ခုံရှေ့ ဝင်ထိုင်တဲ့ ယုဝကိုပဲ အိပ်ရာပေါ်လက်ထောက်၍ တစောင်းလှဲ ကြည့်သည်။

"မဆုံချင်ပါဘူး"

ပြောပြီး ဝမ်းလျားမှောက်ချသည်။

"မဆုံချင်ပေမယ့် နှင့်စေ့စပ်ပွဲက သေချာသွားပြီဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"မစေ့စပ်ချင်ဘူးဟာ၊ အဲဒီလူကြီးနဲ့"

မွေ့ရာကို လက်သီးဆုပ်နဲ့ထုကာ ခြေနှစ်ချောင်းမိုး ထောင်ပြီး အော်တာက မလိုချင်တာရဲ့ အာခေါင်ခြစ်အော် ကလေးတိုင်း ယုဝက မျက်နှာကို တိုနာအနှံ့လိမ်းသည်။

"မဆိုးပါဘူးဟယ်၊ အသားလေးမည်းပြီး ရုပ်မချော က လွဲလို့"

"နင်ပြောတာ ဘာမှမကျန်တော့ဘူး မိယုရဲ့"

ကကဲက ယုဝပခုံးကိုတို့ရင်း ဝင်ပြောသည်။ ဖြိုးဖြိ ကော့ မွေ့ရာအောမှာ တင်ပလ္လင်ခွေထိုင်ရင်း အကောင်းမြင် ရှိတတ်တဲ့ သူမ အကျင့်အတိုင်း အပြာရောင်ဆံပင်တွေကို သပ် သည်။

"အဲဒီကိုသူရိန်ဆိုတဲ့လူက နင့်ကို အလိုလိုက်တယ်မဟု လား၊ ပြီးတော့ ချမ်းသာလိုက်တာလည်း ကျိုကျိုတက်ပဲဆို၊ အဲ ဘာလိုသေးလဲ ပြောရမှာပေါ့၊ တစ်ဦးတည်းသောသား၊ လူပျို တကယ့်ဒိတ်ဒိတ်ကြဲ သူဌေးဆိုတာ ဒီခေတ်အပျိုမလေးတွေ အိပ်မက်"





ယုဝက အင်္ကျီဝတ်ရင်း ရန်ဝင်တွေ့သည်။

"သြော်...ငါ့ကို မကြိုက်လို့လေ၊ ငါ့အမေကလည်း ဒါမျိုးနဲ့ မပေးစားလို့၊ ပေးစားရင် ယူမှာပေါ့"

ယုဝကို မျက်စေ့မှိတ်ပြရင်း ဖြိုးဖြိုးက နှစ်သိမ့်သလို ပြောသည်။ ပြီးမှ အပြာရောင်ကျောပြင်ကို ခပ်ဆတ်ဆတ်လေး ရိုက်သည်။

"ကဲ...ထဟာ၊ ဒီည အပြင်မှာ ခင်နာသွားစားမယ်၊ ကလပ်မှာ သွားကမယ်လို့ အစီအစဉ်ဆွဲထားကြတာကို..ထ"

မနက်ဖြန်ညနေဆို အပြာရောင်စေ့စပ်ပွဲရှိသည်။ ပထမ တစ်ကြိမ် ဆိုးဆိုးရွားရွားဖြစ်ကတည်းက မေမေက အပြာရောင်ကို အလျှော့မပေးတော့။

ဘယ်သူဘာပြောပြော နားမဝင်တော့ဘဲ မန္တလေးရဲ့ နာမည်ကြီး ပိုးထည်တိုက်ပိုင်ရှင်သားနှင့် တစ်ခါတည်း စီစဉ်ပစ်တာ ချက်ချင်းကြီး။ အခု စေ့စပ်ပြီး နောက်တစ်လအကြာ လက်ထပ်မည်။ လက်ထပ်ပွဲက ရန်ကုန်တစ်ကြိမ်၊ မန္တလေး တစ်ကြိမ်။ ကြီးကျယ် ခမ်းနားမှာ မုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် အပြာရောင်မှာ စိတ်ထဲလည်း မပျော်နိုင် ကိုယ့်ကို ဒီအဖြစ်ဆိုးထဲရောက်အောင် တွန်းပို့ခဲ့သော ဟိုလူ အချိန်ရှိသရွေ့ ကျိန်ဆဲနေမိ၏။

"အဲဒီလူမှာမည်က စက်ကွင်းတဲ့၊ ရှိုင်ရယ်တီဆိုတဲ့ အီလက်ထရောနစ်ပစ္စည်းတွေကို နင်သိတယ်မို့လား"

"အေး အဲဒီပစ္စည်း ကုမ္ပဏီပိုင်ရှင်တဲ့"

ရှိုင်ရယ်တီဆိုတာ မြန်မာနိုင်ငံမှာပဲထုတ်တဲ့ အီလက်ထရောနစ်ပစ္စည်းတွေ။ တီဗီကစ၍ ရေခဲသေတ္တာ၊ အဲကွန်း၊ အငွေ့ လျှော်စက်အပြင် မီးဖို၊ ပန်ကာ အစရှိသဖြင့် အိမ်သုံးပစ္စည်းတွေကို ထုတ်ကာ ဒီမှာပဲ ရှိုးရှမ်းကြီးတွေဖွင့်၍ ရောင်းချတာမျိုး။

ဆားဗစ်စင်တာလည်း ဒီမှာရှိကာ ဈေးသက်သာတာ ကြောင့် ဖွင့်ပြီးတစ်နှစ် အတွင်းလောက်မှာပဲ ဈေးကွက်ထဲ နေရာ ယူလာနိုင်ခဲ့သည်။ စက်ကွင်းဆိုတဲ့လူက အဲဒီကုမ္ပဏီကြီးရဲ့ ပိုင်ရှင်ပါတဲ့။

ကြားစက ကိုယ့်နားကိုယ်တောင် မယုံချင်။ ဒီလို လုပ်ငန်း ကြီး လုပ်နေသူက သူများပုံတွေခိုးရိုက်ကာ အင်တာနက်တင်တဲ့ အထိ ဂျစ်ပစီဆန်ဆန် လုပ်သတဲ့လား။

"ငါ့အမေကိုကလဲ ရက်စက်တာငါ"

အပြာရောင်က စိတ်တွေစုစည်းမရအောင် ပြန့်ကျဲနေရင်းက မချိတင်ကဲ ရေရွတ်မိသည်။

"နင်ဆိုးတာကိုလည်း ထည့်ပြောဦးလေ"

ကဲကဲက ဒီတစ်ကြိမ်တော့ တရားမျှမျှတတ ဝင်ပြော သည်။

"အန်တီကလည်း စိတ်မကောင်းတော့၊ ဖြစ်နေပုံပဲဟ၊ ဒေါသကြောင့် စကားတွေလွန်ကျွံပြီးမှ နင့်ကို ထည့်ပေးရမှာတွေးပြီး နှမြောနေတယ်နဲ့တူတယ်၊ ခါတိုင်းဆို ငါတို့အားလုံးဆုံကြဖို့ ဒီလို ခေါ်ရင် ဘယ်ရမလဲ၊ အခုတော့ နှစ်ခါမပြောရဘူး၊ တစ်ခါတည်း ထည့်လိုက်တာပဲလေ၊ ကဲ…ထ စိတ်ညစ်မနေဘဲ ပျော်ပျော် ထက မယ်၊ ဂိုးမယ်"

တက်ကြွတဲ့အသံနဲ့ တမင်ပြောနေပေမယ့် အပြာရောင်က တုပ်တုပ်မလှုပ်။

"ငါ မလိုက်တော့ဘူး"




ခိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သုံးယောက် စုအော်တဲ့အသံက လိပ်ပြာလွင့်စရာကောင်းသည်။ ဒါပေမဲ့ အပြာရောင်က တည်တည်ငြိမ်ငြိမ်ပဲဖြစ်သည်။

"လိုက်လည်း ငါပျော်မှာမဟုတ်ဘူး၊ နင်တို့သွားပြီးပျော်ခဲ့ ငါ ဒီကပဲစောင့်မယ်"

"နင်-ထွက်ပြေးမလို့လား"

"ဘယ်ကိုပြေးရမှာလဲ"

"အစိုးပွာယ်မရှိတာ မလုပ်ပါဘူး၊ ငါ ကတိပေးပါတယ်၊ ငါစိတ်ညစ်လို့"

"အေးလေ၊ နင်မလိုက်ဘူးဆိုရင် ငါတို့လည်းမသွားတော့ပါဘူး"

"ဖြစ်မလား"

"ဘာဖြစ်လို့လဲ"

"ဟွန်း…အကြောင်းမသိရင်ခက်မယ်"

"ဘာလဲ"

မျက်နှာငယ်လေးနှင့် ကဲကဲက ဝင်ပြောသည်။ အပြာ





ရောင်က ကဲကဲရင်ကို လှမ်းရိုက်ပစ်သည်။

"မိန်းမ သူ့ဘဲကြီးနဲ့ ချိန်းထားပြီးတော့"

အစကတော့ ရည်းစားလက်မဲ့လေးတွေထဲမှာ အပြာရောင်က အကဲဆုံးလိုလိုဖြစ်ခဲ့သည်။ ဒါပေမဲ့ အခုနောက်ပိုင်းကျတော့ သင်တန်းမှာတွေ့ရင်း ကဲကဲက ဝသုန်ဆိုတဲ့တစ်ယောက်နဲ့ ငြိသည်။

ဟိုနှစ်ယောက်ကတော့ ဝသုန့်ဘက်ကပါလာသည့် ဘော်ဒါနှစ်ယောက်နှင့် မချိတ်တချိတ်၊ မငြိတငြိ။ ဒီလိုအခြေအနေမှာ ကံဆိုးသူ အပြာရောင်က ဝမ်းလျှားမှောက်နေရာမှ ထထိုင်ရင်း အားလုံးကို ရှင်ရှင်ပျပျနှင့် ပြုံးပြနိုင်ဖို့ကြိုးစားသည်။

"သွားကြပါ၊ ငါ သီချင်းဖွင့်ပြီးနေခဲ့မယ်၊ ဖုန်းလည်းဖွင့်ထားမယ် စိတ်ချ"

အပြာရောင် ကတိတွေအထပ်ထပ်ပေးပြီး နေခဲ့ရသည်။ ဒါတောင် မချောသုံးယောက်စလုံးက စိတ်မချလက်မချရုပ်တွေနှင့်။ ထားရစ်ရမှာလည်း စိတ်မချ၊ မသွားဘဲလည်းမနေနိုင်ဘဲ နောက်ဆုံးတော့ ချစ်သူနဲ့သူငယ်ချင်းမှာ ချစ်သူကိုရွေးသွားတာ ဒါ ထုံးစံမို့ အပြစ်မတင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

“လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်နေပါသည်၊ မြန်မာနိုင်ငံအတွက်ကတော့ မိုးဦးကာလ မေလနှင့် မိုးနှောင်းကာလ အောက်တိုဘာလများ၌ မုန်တိုင်းဖြစ်ပေါ်တတ်ပါသဖြင့်...”

အပြာရောင်က တီဗီကို ရီမုတ်ဖြင့်လှမ်းပိတ်သည်။ ပြည်ပ ရုပ်သံလိုင်းတစ်ခုမှ ကြေညာနေသော မိုးလေဝသသတင်းက သာယာနာပျော်ဖွယ် တစ်စက်မှမရှိ။ ပြီးတော့ အပြင်ရာသီဥတုနဲ့ လည်း ကိုက်ညီနေတာကြောင့် နားမထောင်ချင်တာလည်းပါသည်။

အခုမှ မိုးဦးကျပဲ ရှိသေးသည်။ မိုးခြိမ်းသံတွေကလည်း နားကွဲ မတတ်။ လျှပ်စီးတွေ ဝင်းခနဲလက်ခနဲ လက်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



တရစပ်မို့ အခန်းကို မီးမထွန်းထားလျှင်တောင် မှောင်ကျမနေ။

အလင်းရောင် ရနေနိုင်သည်။ အပြာရောင်က အဲကွန်းပါ ပိတ်ပစ်ရင်း ပြတင်းပေါက်မှန်တံခါးကို တွန်းဖွင့်၏။ ကွန်ဒိုတွေ တစ်တိုက်နှင့်တစ်တိုက် မျက်နှာချင်းဆိုင်ဆောက်ထားတာမို့ အလယ်၌ ကားလမ်းလေးပဲခြားကာ တစ်ဘက်တိုက်ကို အထင်းသား လှမ်းမြင်နိုင်သည်။

အပြာရောင်က ပြတင်းပေါက်ဘောင်၌ မှီရပ်ကာ မိုးစက်တွေကို လက်ဖဝါးဖြန့်ခံ ကြည့်ရင်းက ယုဝတီ့ကို သတိရသွားတော့ နှုတ်ခမ်းက အလိုလို မဲ့သွား၏။

"အလကားမိန်းမတွေ၊ ဖုန်းလေးတစ်ချက်တောင် ငါ့ဆီ ဆက်ဖော်မရကြဘူး၊ ဟွန်း ပြောတော့ဖြင့် စိတ်ပူတယ် ဘာတယ်နဲ့၊ ဒီအချိန်လောက်ဆို မိုးရွာတာလည်းမသိ၊ မုန်တိုင်းရှိမှန်းလည်းမသိနဲ့ ကလပ်မှာကောင်းကောင်း ကဲနေကြပြီပေါ့၊ အဟင့်…ငါ့မှာသာ တစ်ယောက်တည်းနဲ့၊ မနက်ဖြန်ဆို ဟိုအညာသားကြီးနဲ့ ခေါ့စပ်ရဦးမှာ၊ စိတ်ညစ်တယ် တကယ်ပဲ"

တစ်ယောက်တည်းပြောရင်း ရှိုက်သံတွေဘာတွေ ထွက်





လာကာ အပြာရောင်က ပြတင်းပေါက်ဘောင်ကိုမှီရင်း တစ်ဘက် တိုက်ခန်းဆီ ဘာရယ်မဟုတ် လှမ်းကြည့်သည်။

"ဟင်…ဘာဖြစ်နေကြတာပါလိမ့်"

တစ်ဘက်ပြတင်းပေါက်မှာ လှုရိပ်နှစ်ရိပ်။ လိုက်ကာတပ် ထားပေမယ့် အတွင်းမီးရောင်ကြောင့် အရိပ်တွေကို ထင်ထင်ရှားရှား မြင်ရသည်။

ယောကျ်ားနှင့် မိန်းမတစ်ယောက်။ မိန်းမက ဆံပင်တွေ ကျောလယ်ခန့်ရှည်တာကို တွေ့ရပြီး မျက်နှာချင်းဆိုင်ရပ်နေရာက ယောကျ်ားဖြစ်သူက ပခုံးနှစ်ဖက်ကိုဆွဲကာ ဆောင့်ဆောင့်ပြီးခါ သည်။

မိန်းမသည် အရုပ်တစ်ရုပ်လို။ ထိုလှုလက်ထဲ ရှေ့တိုး နောက်ငင်ဖြစ်နေတာကိုကြည့်ပြီး အပြာရောင်မှာ ခေါင်းတွေမူးလာ၏။

"ဘုရား…ဘုရား၊ ဒါ ရန်ဖြစ်နေကြတာလား"

အပြာရောင်က မြင်ကွင်းကိုလည်း မျက်စိမလွှဲနိုင်။ စိတ်လည်း ဝင်စားသွားကာ မိုးရွာတာတွေလည်းမေ့ပြီး စိတ်ထက်သန် စွာပြတင်းပေါက်မှ ကိုယ်ကြီးကိုင်းကြည့်သည်။ ကြည့်နေရင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီယောကျ်ားလက်က မိန်းမရဲ့လည်ပင်းဆီ ရောက်သွားသည်။

"အယ်...လည်ပင်းညှစ်နေပြီ၊ ရှန်းလို့မရဘူးနဲ့တူတယ်"

"အယ်...သေကုန်တော့မှာပဲ၊ ဟင်..မိန်းမ ခွေကျသွားပြီ"

ယောကျ်ားဖြစ်သူလက်ထဲမှ မိန်းမက တအိအိနဲ့ ပြိုလဲသွားသည်။ ရှန်းကန်ခြင်းလည်း မတွေ့ရတော့။ အပြာရောင်သည် ကြည့်နေရင်းကနေ နှလုံးက အတွင်းမှအပြင်သို့ ကန်ထွက်တော့မတတ် တဒိတ်ဒိတ်အသံပေး၍ ခုန်လာသည်။

အာခေါင်တွေခြောက် သွေ့ကာ လက်ဖျားခြေဖျားတွေ အေးစက်လာ၏။ အကြောက်တရားသည် အနက်ရောင်ဝတ်ရုံ လွှာကြီးလို သူမကို လွှမ်းခြုံပစ်တာသိသိကြီးနှင့် အသိတရားက ဘာဆက်ဖြစ်ဦးမလဲ စူးစမ်းချင်တုန်း။

ထိုခဏမှာပဲ တစ်ဘက်ပြတင်းပေါက်ရဲ့ ဘေးတွန်းတံခါးက လျှောခနဲပွင့်လာကာ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကြီး အရင်ထွက်လာ၏။

ခပ်တိုကပ်ကပ် ညှပ်ထားသောဆံပင်က လိုက်ကာနောက်





ကွယ်က လည်ပင်းညှစ်တဲ့သူ ဒီလူဟု ဖော်ပြနေသယောင်။ ဒီနောက် ထိုလူ ပြတင်းပေါက်မှပျောက်သွားပြီး ပြန်ပေါ်လာတဲ့အခါ တစ်ယောက်တည်းမဟုတ်။ ပခုံးပေါ်၌ မိန်းမတစ်ယောက်ကို နောက်လှန်သား ထမ်းထားသည်။

ဆံပင်ရှည်တွေဟာ ထိုမိန်းမရဲ့ ဦးခေါင်းမှတစ်ဆင့် ထိုလူ့ကျောပြင်ဘက် ဖားလျားကြီးကျနေတာကိုလည်း အပြာရောင်မြင်နေရသည်။ ကြောက်သည်။ ဒီလူ မိန်းမတစ်ယောက်ကို သတ်လိုက်ပြီဆိုတာလည်း သိသည်။ ဒါပေမဲ့ ခြေထောက်တွေက နေရာမှရွေ့မရ။ ဒီလူ မိန်းမကို ကတ္တရာလမ်းပေါ် ပစ်ချလိုက်မည်။ အမှိုက်တစ်ထုပ်လို ပစ်ချလိုက်မည်လို့ တွေးနေ၏။

"ဟင်"

ထိုလူက သူမထံ ဖျတ်ခနဲလှမ်းအကြည့် အပြာရောင်နှင့် တွန့်ပိုင်း အကြည့်ချင်းဆုံသွားသည်။

"ငါ့ကို မြင်သွားပြီ"

ချက်ချင်း ပြတင်းဘေးဘောင်ကို ကွယ်ရပ်လိုက်ပေမယ့် သူမကို မြင်သွားပြီဆိုတာ အသေအချာသိသည်။ ဒါမျိုးက



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ရှိမှန်းလည်း အပြာရောင်သိသည်။ ဒီလိုအချိန်ကြီး

အပြာရောင်က လူသတ်မှုရဲ့ အဓိကကျတဲ့ မျက်မြင်သက်သေ

သက်သေတွေကို လူသတ်သမားတွေ လိုက်လံနှုတ်ပိတ်တာ

လည်း အပြာရောင် ဇာတ်လမ်းတွေထဲမှာ ကြည့်ဖူးထားသည်

ဒါဖြင့် သူမ ဘာလုပ်ရမလဲ။ ဟိုဘက်အခြမ်းမှာ ဟိုလူရှိနေတုန်း

လား။ အပြာရောင် စိတ်တွေမတည်ငြိမ်သေးဘဲ တစ်စုံတစ်ရာ

တွေးကြောက်နေသလို အယိမ်းယိမ်းအယိုင်ယိုင် ဖြစ်နေသေးသည်

ခြေဖျားလက်ဖျားတွေ အေးစက်နေခြင်းနှင့်အတူ မရဲတရဲအကြည့်

ဟိုတစ်ဘက်ဆီ ခေါင်းပြူပြီးလှမ်းကြည့်သည်။

"ဟင်…မရှိတော့ဘူး၊ တစ်အိမ်လုံး မှောင်သွားပြီ"

ပြတင်းပေါက်ကတော့ ပွင့်လျက်ဖြစ်ပြီး စောစော

မီးလင်းကာ ဝရန်းသုန်းကားဖြစ်ခဲ့သော အခန်းက အခုတော့ အမှော

ထဲမှာ သူမကို အသံတိတ်ပြောင်ပြနေသည်။ အပြာရောင်က သေ

အောင် မျက်စိကိုပွတ်ကြည့်သည်။

"ဘုရား‥ဘုရား၊ ငါ သွေးလေချောက်ချားပြီး အိပ်

မက်နေတာလား"





ကိုယ့်လက်ဖျံကို နာအောင် တမင်ဆိတ်ကြည့်သည်။

"အား…နာတယ်ဟ၊ ဒါဆို အိပ်မက်မဟုတ်"

တစ်ကိုယ်တည်းပြောသောစကားက ဒီနေရာတင်ရပ်တန့်

သွား၏။ တိုက်ထဲမှထွက်လာကာ အပြာရောင်တို့ဘက်အခြမ်းရှိ

တားလမ်းကို ကူးလာသူ။ ထိုလူ….။ မီးကာ ငွေမှင်ရောင်နှင့်

င်းခဲ့လက်သော လျှပ်စီးကြောင်းကြောင့် သူမအခန်းကို မော့ကြည့်

သာ အေးစက်စက်မျက်ဝန်းများက ငါ မင်းဆီလာနေပြီလို့ အသံ

တိတ် ကြွေးကြော်နေသည်။

"ဒုက္ခပါပဲ ဒီမှာက ငါတစ်ယောက်တည်း"

"ဘယ်လိုလုပ်ရမလဲ"

"ဟင့်အင်း…ဒီအခန်းထဲမှာ ငါ ဆက်နေလို့မဖြစ်တော့

ဘူး၊ ဒီလူ ငါ့ဆီလာနေပြီ၊ ဒါ ငါ့ကို အန္တရာယ်ပေးဖို့လာတာ"

အပြာရောင်က ညည့်ခန်းထဲ ယောက်ယက်ခတ်အောင်

ပြေးလွှားရှာဖွေသည်။

"နင့်စိတ်ကို အေးအေးဆေးဆေးထား အပြာရောင်၊ မကြောက်နဲ့၊

နင် သတ္တိရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို အားပေးနေတုန်းမှာပဲ တစ်အိမ်လုံးထွန်းထား

သောမီးတွေ ဖျတ်ခနဲငြိမ်ကျသွားသည်။

"ဟာ"

ဒလဟောတိုးဝင်လာတဲ့ ကြောက်စိတ်ကြောင့် အပြာရော

ခြေထောက်တွေ ညွတ်ခွေကျလုမတတ်ဖြစ်သွား၏။ ကျော

တစ်လျှောက် စိမ့်တက်သွားပြီး ခြေဖျားလက်ဖျားတွေ အေးစ

လာသည်။

"ဘုရား…ဘုရား"

"နိုင်ငံခြားလူသတ်ကားတွေမှာဆိုရင် လူသတ်ဖို့အတွ

အရင်ဆုံးမီးဖြတ်ကြတာပဲမဟုတ်လား၊ ဒါဆို…"

အပြာရောင်က တခြားတွေတွေထူးထူး စဉ်းစားမနေတော

အိပ်ခန်းထဲကမီးကာကိုဆွဲပြီး လက်မှုဖုန်းကိုကိုင်ကာ အိမ်ရှေ့တံခါး

ပြေးဖွင့်သည်။ လူသတ်သမားဟာ ဒီအခန်းထဲမှာ အပြာရော

ရှိနေတာကို သိသွားပြီမို့ ဒီကိုပဲလာမှာသေချာသည်။ အပြာရောင်

မှောင်မည်းနေသည့်စင်္ကြံရောက်မှ လှေကားတွေဘက်ဆီဦးတ

ထားသော ခြေထောက်ကို ဆန့်ကျင်ရာဘက်ဆီ ချက်ချင်းပြန်လှ





သည်။

"မီးပျက်သွားရင် ဒီလူ ရိုးရိုးလှေကားက တက်လာမှာပဲ၊

ဖြစ်ဘူး၊ ဒီအတိုင်းဆို မဖြစ်ဘူး၊ ငါ လုံခြုံရေးဝန်ထမ်းတွေဆီ

န်းဆက်ပြီးခေါ်မှရ…ဟင်…ဟိုလူ"

တစ်ဘက်စင်္ကြံကို ခါးလောက်မြင့်သော အုတ်တံတိုင်းနှင့်

ာထားကာ အပေါ်မှ အပင်ပုလေးတွေ အလှစိုက်ထားခြင်းကြောင့်

အပြာရောင်က ချောင်းကြည့်၍ မြင်နေရခြင်းဖြစ်သည်။ ငွေမှင်

ရောင်မိုးကာအင်္ကျီထဲ လက်နှစ်ဖက်ထည့်၍ လျှောက်လာပုံက

ခေါင်းစွပ်သော ဖယ်မထားလျှင် တကယ့်လူသတ်သမားဝိုက်ဆိုဒ်။

"အို…ပုံစံကိုက တကယ့်လူသတ်သမားပုံပဲ၊ ငါဘာလုပ်

ရမလဲ။

အပြာရောင်က ပခုံးနှစ်ဖက်ကြား ခေါင်းပုရင်း ပြေးတာက

ိုလူနဲ့ ဆန့်ကျင်ဘက်အရပ်ဆီ။ ထိုလူဦးတည်ကလည်း အပြာရောင်

ို့ အခန်းဆီပဲမို့ အပြာရောင်က ထိုလူနဲ့မဆုံမိအောင် ပုတုတုလုပ်

ပြေးရင်းက ရုတ်တရက် ကလစ်ခနဲ တခါးဖွင့်သံသည် သူမနောက်

ဘျာမှဖြစ်ကာ အပြာရောင်မှာ ထိုအသံကြောင့် လိပ်ပြာလွင့်မတတ်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားပြီး နှလုံးပင်ဆောင့်ခုန်သွား၏။ ထိုအခိုက်မှာပဲ အမှောင်ခန်းအတွင်းမှ အေးစက်စက်လက်တစ်ဖက်က အပြာရောင်ကို လာဆွဲသည်။

"အမလေး"

"အူး"

"ဝူ...ဝူး"

အော်သံကျယ်လောင်ပေမယ့် ထိုလက်အေး နောက်တစ် ဖက်က သူမ ပါးစပ်ကိုပါပိတ်၍ အမှောင်ခန်းထဲ ဆွဲသွင်းသွားတာ တရုကြမ်းမို့ တနင့်တပိုးထမ်းထားရသော ကြောက်စိတ်က လှိုင်း တံပိုးတွေလို ခုန်ထကာ အုံးခနဲကြွပြီးနောက် သူမက ထိုအမှောင် ထက်ပိုမှောင်သော တခြားကမ္ဘာတစ်ခုစီသို့ ခေတ္တအလည်ရောက် သွားသည်။

## အခန်း (၁၂)

မားသွားက လျှပ်တစ်ချက်အလက်မှာ ဝင်းခနဲပြိုးပြက် သွားသည်။ အပြာရောင်က ထိုဦးချွန်ကြီးကိုကြည့်ပြီး နှလုံးအိမ်က ထိတ်လန့်တကြား ခုန်လှုပ်နေမှန်းလည်းသိသည်။ တစ်ခုခုကို အော် ချင်ပေမယ့် လည်ချောင်းထဲ တစ်စုံတစ်ရာပိတ်ဆို့ထားသည့်အတိုင်း။ အသံက ထွက်မလာ။ အပေါ်မှ တဖြည်းဖြည်းချင်း စိုက်ချလာသည့် ထိုဦးချွန်ပြောင်လက်လက်ကြီးကို ကြည့်ရင်း အပြာရောင်က အခေါင်ကိုခြစ်၍ အော်သည်။

"အား..."

"ဟိတ်..ယော့...ယော့...ဒီမှာ"





www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ကို စက်ကွင်း လက်ခုံနှင့် ခပ်ဆတ်ဆတ် ရိုက်ပ လိုက်သည်။ ချွေးသီးတွေထနေသည့်မျက်နှာက ဘယ်ညာရမ်းရင်း ထိတ် လန့်တကြားခေါင်းခါနေတာလည်း တွေ့ရ၏။ ဒီအတိုင်းနိုး ဘယ်လိုမှ နိုးနိုင်ခြေမရှိသောကြောင့် စက်ကွင်းက အနားရှိရေဖန်ခွက် ထဲက ရေကို မျက်နှာသုတ်ပဝါအသေးစားပေါ် လောင်းချပြီး ထိုရေ အဝတ်နှင့် သူမမျက်နှာအနှံ့ ပွတ်သုတ်ပေးလိုက်၏။ ထိုအခါ အင်းခနဲ ညည်းညူသံ အရှည်ကြီးနှင့် သူမက လူးလွန့်လှုပ်ရှား လာ၏။

"ဟိတ်...ဒီမှာ မင်းသတိရပြီလား"

"အပြာရောင်"

"ဟော့...ခေါ်နေတာကြားလား"

စိမ်းသက်သော အက်ရှရှအသံနှင့် မေးခွန်းက အပြာရောင် နားနားမှာ ဝေးလာလိုက် နီးသွားလိုက်။ အပြာရောင်က မူးမိုက် နေဆဲ နားထင်နှစ်ဖက်အား လက်ညိုးလက်မနှင့် ဖိထောက်ပြီး မျက်လုံးကို ဖွင့်ကြည့်သည်။ အရင်ဆုံးတွေ့ရတာက ဖန်မီးဆွဲလုံး လေးမှ မီးတွေလင်းနေခြင်းကြောင့် မီးပြန်လာပြီဆိုတာ သိသည်။





ထပ်သတိရသွားတာက သူမကို ဆွဲခေါ်သွားသော အမည်မသိ လက်ပိုင်ရှင်...

"ဟိုလူ...ဟိုလူ"

"အား...အမလေး"

"ဟော့...မင်းဘာဖြစ်တာလဲ သတိထားလေ"

သတိရရချင်း ဆတ်ခနဲချက်ချင်းထထိုင်ပြီးမှ ဘေးမှာ လူတစ်ယောက်ရှိနေသည်။ မျက်ဝန်းထောင့်စွန်းမှ ရိပ်ခနဲမြင်တာ ကြောင့် အပြာရောင်က ဖျတ်ခနဲကြည့်သည်။

"ဟင်...ရှင်...ရှင် ဘယ်လိုလုပ် ဒီကိုရောက်နေတာ လဲ"

"မင်းလက်ညှိုးကြီး ဖယ်ထားစမ်းပါ"

စက်ကွင်းက အဖြူရောင်တီရှပ်ပေါ်မှာ အနက်ရောင်ဆွယ် တာလက်ရှည် ဖားဖားကြီးကို ရင်ဘတ်ကြယ်သီးတွေမတပ်ဘဲ ဝတ်ထားသည်။ နေ့နေ့ညည တွေ့လိုက်တိုင်း စတိုင်ပင်နိဖစ်နဲ့ဖြစ်ပြီး ဒီတစ်ခါတော့ အနက်ရောင်မို့ ဒီလူဟာ ဘယ်အချိန်ကြည့်ကြည့် စမတ်တကျရှိတာတော့သေချာသည်။ အပြာရောင်က အနီးအပါ



www.burmeseclassic.com

www.burmeseclassic.com



အနက်စက်လေးတွေပါသည့် ဂါဝန်တိုကားကား၊ အောက်က အနီရဲရဲအသားကပ်ဘောင်းဘီက ဒူးကျရုံရှိသည်။

အပေါ်မှ အလျှင်စလို ထပ်ဝတ်ခဲ့သောမိုးကာ အင်္ကျီအဖြူရောင်ကိုပါ စေ့စေ့စပ်စပ် ငုံ့ကြည့်ကာ ဘယ်အရာမှ ပုံပျက်မနေ၊ နေသားတကျရှိနေတာကိုတွေးပြီး စိတ်ချသွားသလို သက်ပြင်းခိုးရှိုက်သည်။

"အပြာရောင်ကို ဒီအခန်းထဲခွဲခေါ်လိုက်တာ ရှင်ပေါ့"

"ဒီအခန်းထဲ ငါ့အပြင် တခြားဘယ်သူ့ကို မင်းတွေ့သေးလို့လဲ"

"ရှင်…ရန်စကားမပြောနဲ့"

"မင်းပဲ ရန်လမ်းကြောင်းကျတာကို အရင်စပေးတာလေ"

"ဒီမှာ အပြာရောင် ရှင်နဲ့စကားမများချင်ဘူး"

"ငါကရော စကားများချင်တယ်ပြောလို့လား"

"ဒီမှာ အပြာရောင်မေးတာက"

"ဘာလဲ ပြော"





"ဟိုလူ"

ဆက်မမေးဖြစ်တော့ဘဲ အပြာရောင်က ခုတင်ပေါ်မှ ဒူးထောက်ထထိုင်ကာ ခေါင်းရင်းပြတင်းပေါက်ဆီ ဆင်းလျှောက်သွားသည်။

ထို့နောက် လိုက်ကာကို ဟဟလေးလှပ်ပြီး အပြင်ဘက်ဆီ ချောင်းကြည့်ပြီးမှ ဖျတ်ခနဲ လိုက်ကာစ ပြန်ချသည်။

"ဟိုလူကို ရှင် ရှင်မြင်လိုက်လား"

အပြာရောင် လှည့်မေးတော့ စက်ကွင်းက အသင့်ဖျော်ထားတဲ့ ကော်ဖီနှစ်ခွက်ကိုယူလာကာ သူမထံ တစ်ခွက်ကမ်းပေးသည်။

"သောက်လိုက်ပါဦး…မင်းစိတ်တွေ အရမ်းလှုပ်ရှားနေတယ်"

ပြီးပြီးရော အပြာရောင်က ကော်ဖီနွေးနွေးကို တစ်ငုံမော့ချလိုက်၏။

"အပြာရောင် မေးတာဖြေဦး"

"ငါမြင်တာကို သူမတွေ့ဘူး"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်က ချက်ချင်းမျက်လွှာပင့်ကြည့်သည်။ သူဆိုလိုချင်တဲ့အဓိပ္ပာယ် ဘာလဲဆိုတာ မေးခွန်းထုတ်ချင်တာမျိုး။ စက်ကွင်းက ကွန်ပျူတာတေဘယ်(လ်)မှာ တင်ပါးစွန်းမှေးထိုင်ရင်း ခြေနှစ်ချောင်းကို ဆန့်ချိတ်ထား၏။ ပြီးမှ အပြာရောင်ကို စေ့စေ့စပ်စပ်ကြည့်သည်။

"မင်းမြင်တာကိုတော့ သူသိသွားတယ်၊ အဲဒါကြောင့် မင်းအခန်းကိုမော့ကြည့်ပြီး သူတက်လာတာပေါ့၊ မင်းဖြစ်နေမှန်း ငါမသိပါဘူး၊ ငါ့အခန်းရှေ့ မင်းရောက်လာတာ ပုန်းလျှိုးကွယ်လျှိုးနဲ့မို့လို့ ငါကဆွဲခေါ်ခဲ့တာ၊ ဒီရောက်မှ မင်းမှန်းသိတာ"

စက်ကွင်း စတ်စုံခင်းပြောပြသမျှကို မျက်လုံးအဝိုင်းသားနှင့် နားထောင်နေတာ ကြောက်ရွံ့သွားပုံဖြင့် ပခုံးကျုံ့တော့ ခေါင်းလေးပုဝင်သွားတော့လည်း သနားစရာကောင်းနေပြန်၏။ စက်ကွင်းစကားဆုံးသွားမှ သူမက လက်နှစ်ဖက်တင်းတင်းပိုက်လိုက်၏။

"အခု…အပြာရောင် ဘာဆက်လုပ်ရမလဲ"

"မသိဘူးလေ"

"ဟင်"





"အပြာရောင် ငိုချင်တာပဲသိတယ်"

"ငိုနေလို့ ပြဿနာကို ရှင်းလို့ရမှာမှမဟုတ်တာ"

ထိုအခိုက် အပြာရောင်ရဲ့ဖုန်းမှ ဆလင်းဒီယွန်ရဲ့ တဒေအေညေါ သီချင်းသံက အကျယ်ကြီးထွက်လာ၏။ တစ်ဖက်မှ ခေါ်သူအမည်က စကရင်(ဖ်)မှာ ပေါ်နေတာကြောင့် အပြာရောင်က ဖုန်းဖွင့်နားမထောင်သေး။

"ဖြိုးဖြိုးတို့ဆီက သူတို့ပြန်ရောက်ပြီလားမသိဘူး၊ ဘယ်လိုလုပ်ရမလဲ၊ အပြာရောင်ဘယ်လိုပြောရမလဲဟင်"

"ပြန်ရောက်နေပြီဆိုရင်"

စက်ကွင်းက အခုထိ ရေစက်ရေပေါက်တွေ စွတ်စိုနေဆဲ အပြာရောင်မျက်နှာကို စိုက်ကြည့်သည်။

"မြေညီထပ်က ရေကူးကန်ရောက်နေတာ၊ အခုပြန်လာပြီလို့ပြောလိုက်"

"ရှင်"

"မင်းမှာ တခြားအကြံဉာဏ်ရှိသေးလို့လား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါထင်တဲ့အတိုင်း မင်းသူငယ်ချင်းကို ပြောလိုက်"

တစ်ခါမှ သူ့အမိန့်မနာခံဘူးပေမယ့် ဒီတစ်ခါတော့ စက်ကွင်းပြောစကားကို သူမ မငြင်းနိုင်။

စက်ကွင်းအကြံပေးချက်ရမှ သူမက ဖုန်းဖွင့်နားထောင်လိုက်၏။

"ဟဲလို"

"အပြာရောင်လား"

"အေး...ဖြိုးဖြိုး"

"အမယ်လေးဟယ်...စိတ်ပူလိုက်ရတာ၊ ဘာဖြစ်လို့ ချက်ချင်းဖုန်းမကိုင်ရတာလဲ၊ ဒီမှာ ၁၉၉ ကို ဖုန်းခေါ်ဖို့ပြင်တဲ့သူက ပြင်နေပြီ၊ နင် ဘယ်ရောက်နေလဲ အပြာရောင်၊ အခန်းကြီးသော့ခတ်ပြီးတော့"

"ဆောရီး...ငါရေကူးကန်ရောက်နေလို့"

"ဟဲ့...ညကြီးမင်းကြီးကို"

"ငါတို့ဆင်းလာမယ်လို့ပြောလိုက်"





ဘေးနားက ကျွတ်ကျွတ်စီ တစ်ယောက်တစ်ပေါက်အသံတွေကို ကြားနေရသည်။

"မဆင်းလာနဲ့၊ ငါတက်လာနေပြီ၊ အခန်းရှေ့ကပဲစောင့်"

အပြာရောင်က ဖုန်းပိတ်ပြီး သူ့ကိုနှုတ်ဆက်သလို မော့ကြည့်လိုက်၏။

"ကော်ဖီအတွက် ကျေးဇူးနော်"

"ရပါတယ်"

"ဟို...မီးတော့ထပ်မပျက်တော့ပါဘူးနော်"

သူက ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ကာ တံခါးဝအထိ အပြာရောင်ကို လိုက်ပို့ပေးသည်။

"မပျက်တော့ပါဘူး၊ စောစောက ရာသီဥတု တအားပြင်းလို့ မီးဖြတ်တာလေ၊ ရီဆက်ရှင်က အကြောင်းကြားသွားပဲ၊ တစ်မိနစ်အတွင်း မီးစက်မောင်းပေးမယ်ဆိုတာ"

"သြော်"

အပြာရောင်က မီးပျက်ပျက်ချင်း အခန်းပြင်ထွက်ခဲ့တာလို့ စက်ကွင်း မပြောချင်တော့။ ဘာကြောင့်မှန်းမသိ သူ့မျက်ဝန်းတွေထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ အပြာရောင်ကို သူငယ်နှပ်စားလိုလို တကယ်ကလေးလိုလို ကြည့်တဲ့အကြည့်တွေကို မလိုလား၍ဖြစ်သည်။

"သွားတော့မယ်"

တံခါးဝနားရောက်တော့ နှုတ်ဆက်မိတာ ဒုတိယအကြိမ် စက်ကွင်းက ရှင်းလင်းနေသော စကြိုန်တစ်လျှောက် မျှော်ကြည့် သည်။

"ဟိုလူတော့မရှိတော့လောက်ပါဘူး၊ မင်းသူငယ်ချင်း တွေလည်း ရောက်လာပြီပဲ၊ ဒီည အိပ်ဆေးတစ်လုံးလောက်သောက် ပြီး အိပ်လိုက်လေ၊ မနက်ကြ အဆင်ပြေသွားပါလိမ့်မယ်"

"ဟုတ်"

အခန်းထဲက ထွက်ခါနီးမှ စက်ကွင်းက သူမလက်ထဲရှိ ဖုန်းကို လှမ်းဆွဲယူရင်း သူ့ဖုန်းနံပါတ်ကို ရိုက်ထည့်ပေးသည်။

"အရေးအကြောင်းရှိရင် လှမ်းဆက်၊ ဒီအချိန်မှာ မင်းကို ကူညီနိုင်တဲ့သူဆိုတာ ငါပဲရှိတယ်လို့ မင်းလက်ခံတယ် မဟုတ် လား"

"ဒီအကြောင်းတွေ မိဖြိုးတို့ကိုပြောပြရင် ကောင်းမလား





အင်၊ ဒါမှမဟုတ် အပြာရောင်မိဘတွေဆိုရင်ရော"

"အင်း"

သူကခေါင်းညိတ်ကာ အပြာရောင်ကို တည့်တည့်စိုက် ကြည့်သည်။

"မင်းစကားကို သူတို့ယုံမယ်ဆို ပြောပြပေါ့"

"ဟင်"

"ဗွတ်နိုက်"

ခေါင်းထဲမှာ ကြောက်စိတ်တွေ ထုတ်နှုတ်ဖယ်ရှားအပြီး သွားအေးအေးနဲ့တွေးတာတောင် အပြာရောင်စကားဆို ယုံမဲ့လူ ရှိလေတော့ သူပြောသလို အပြာရောင်ကို ကူညီနိုင်းသူက သူတစ်ယောက်တည်းပဲလား။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အပြောရောင် ပြောစရာရှိလို့"

"ဘာမှမပြောနဲ့"

ဒေါ်သူဇာက ဝိတ်ဟောက်သည်။ ပြီးတော့ လက်ကိုင် တ်ကို ပေါင်ပေါ်မှာဆောင့်ချသည်။

"နေ့ခင်းဆယ့်နှစ်နာရီအထိ အတုံးအရုန်းအိပ်ပျော်နေရ သား၊ ဖုန်းခေါ်လို့လည်းမနိုး၊ အိမ်တံခါးလာထုနှိုးတာတောင် နိဒိတစ်ခုလုံး ပြိုလှမတတ်ဖြစ်မှ နိုးလာကြတဲ့ဟာတွေ ဒါ ယောက်ပေါင်းပြီး ငါ့ကိုဆန္ဒပြကြတာပေါ့"

ဝိုးမိုး၈၇၉၀

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မေမေရယ်၊ အပြာရောင်က အိပ်ဆေး
သောက်ပြီး အိပ်လို့မနိုးတာပါ"

"ဘာ…အိပ်ဆေးသောက်စရာလိုလဲ၊ ဒီစေ့စပ်ပွဲ
မပျက်ပျက်အောင် ညည်းဖျက်ချင်နေတယ်ဆိုတာ ငါသိတယ်
အပြာရောင်၊ ညည်း ငါ့ကို ဉာဏ်တွေဆင်ပြီး"

"မဟုတ်ပါဘူး မေမေရာ၊ အပြာရောင်ပြောလည်း မေ
ယုံမှာမဟုတ်တော့ တော်ပြီ အပြာရောင် ဘာမှမပြောတော့ဘူး
အခု မေမေစေ့စပ်ချင်တဲ့သူနဲ့ စေ့စပ်ဖို့ အပြာရောင်လိုက်လာပြီ
မေမေကျေနပ်ပါတော့"

"အေး…ပြီးတာပဲ၊ ပိုတယ်မှာထပ်ပြီး မသင့်မတော်
တွေ တွေ့လို့ကတော့ ငါ လူရှေ့လည်းရှောင်မယ်မထင်နဲ့၊ ဒါပဲ"

မေမေ့ရာဇသံက ပြင်းသည်။

အပြာရောင်မှာ စိတ်လေလေနဲ့ ဘာတစ်ခွန်းမှမပြော
တော့ဘဲ ကားမှန်ပြတင်းကို ခေါင်းမှီပြီး တရိပ်ရိပ်ပြောင်းလဲပြေးလွှား
နေတဲ့ ရှုခင်းတွေကိုသာ ငေးနေမိသည်။

ညကအဖြစ်အပျက်ကို တွေးကြည့်လျှင် ယုံချင်ဖွယ်ရာ





တော့သလို အပြာရောင်က ခံစားနေရသည်။ ဒါပေမဲ့ အိပ်မက်ဆိုး
တစ်ခုလို ထားရစ်ခဲ့ဖို့ကျတော့လည်း အဲဒီလောက်အထိ မလွယ်ကူ
ပြန်။

အိပ်မက်မဟုတ်မှန်း အပြာရောင်ကိုယ်တိုင် သိနေ၍ဖြစ်
သည်။ မိဖြိုးတို့အား ညကမြင်တွေ့ခဲ့ရသမျှ စီကာစဉ်ကာနဲ့
ပြောပြတော့ ကခုန်၍ ပင်ပန်းကာ အိပ်ချင်နေတဲ့ ကဲကဲက မေးဖျား
အထိ စောင်ဆွဲခြုံသည်။

"နင်ပြောတဲ့ဓာတ်လမ်းက အခွေလား၊ ဖိုက်မူဗီတို့ဘာ
တို့က လာတာလား"

"အေးဟဲ့…အိတ်ဖိုင်းတင်းဖြစ်[illegible]ကောင်းသားပဲ မဆိုး
ဘူး"

"လူသတ်ကားနေမှာပေါ့ဟယ်၊ ဗမာကားတော့မဖြစ်နိုင်
ဘူးနော်၊ အင်္ဂလိပ်ကားနေမှာ"

ဘယ်သူမှ အပြာရောင်ပြောတာ မယုံကြဘဲ သူတို့ပြောချင်
ရာ ဆွဲလွဲပြောသွားတာက သူတို့ထင်ရာကိုဖြစ်သည်။ ထိုကတည်း
က အပြာရောင်မှာ ဘာတစ်ခွန်းမှဆက်ပြောချင်စိတ် မရှိတော့အောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်လက်ပျက်ဖြစ်သွားကာ အိပ်ဆေးတစ်လုံး သောက်အိပ်
တဲ့ကိန်း ဆိုက်သွားသည်။

ရှိစေတော့။ ကိုယ်မြင်တွေ့ခဲ့တာကလည်း ရုပ်ရှင်ဆန်ဆ
ကိုး။ အပြာရောင်က ဘယ်သူ့ကို ဘာမှလည်းဆက်မပြောချင်
အထိ စိတ်ပျက်တာ ဘဝမှာ ဒါပထမဆုံးအကြိမ်။ မေမေနဲ့သွာ
သာ အနားရှိလျှင် ရင်ဖွင့်ခွင့်ရမှာသေချာသည်။

"ညည်းအမေနဲ့အသွားက ပွဲစခါနီးကြမှ လာလိမ့်မယ်
ညည်းနဲ့စောပြီးပေးတွေ့လို့ မရဘူးလေ၊ အဲဒီနှစ်ယောက်က ညည်
ရဲ့အချွဲအနွဲ့မှာ အရည်ပျော်သွားပြီးတော့ မဟုတ်မဟတ်တာ
အားပေးမှာ"

မေမေရဲ့ ကြိုတင်မြင်နိုင်စွမ်းကိုပဲ ချီးကျူးရမှာလား
အပြာရောင်ကို ချောင်ပိတ်ထားတာကိုပဲ စိတ်ဆိုးရမလားမသိ
အောင်ကိုပဲ ရင်ထဲမှန်းကြပ်ရှုပ်ထွေးနေခဲ့ပါသည်။ အတွေးတွေ
တိမ်မျှင်တွေလို လေနှင်ရာရွေ့နေသည်မှာ ကားလေး ဟိုတယ်(
ထဲ ခေါင်းထိုးဝင်မှ သတိရလာသည်။

"အားနာစရာတွေတော့ဖြစ်ကုန်ပြီ မောင်သူရိန်





စောင့်ရတာ တော်တော်များကြာသွားပြီလား မမ"

ဒေါ်သူဇာက ကားပေါ်ကဆင်းဆင်းချင်း မောင်သူရိန်ကို
လည်းပြော ခမည်းခမက်တော်ရတော့မည့် မောင်သူရိန်မိခင်
ဒေါ်နိုင်နိုင်ကိုလည်း တစ်ဆက်တည်းမေးသည်။ ဒေါ်နိုင်နိုင်က
တော့ အပြာရောင်လက်ကလေးကို တရင်းတနှီးနဲ့ လှမ်းဆွဲသည်။

"မကြာသေးပါဘူးကွယ်၊ သမီးလေးကို တွေ့ချင်လို့
ကြိုထွက်စောင့်နေတာ၊ ဟိုတယ်ထဲမှာ မိတ်ကပ်ပြင်မဲ့မာမီရောက်နေ
ပြီ၊ လူကြီးတွေကို အရင်ပြင်ပြီးမှ သားနဲ့သမီးကို ပြင်မှာတဲ့"

"ဒါဆို သူဇာတို့ အရင်ဝင်နှင့်မယ်လေ မမ၊ သမီး…
လာ"

မေမေ့ဒေါ်သံက အများအမြင်မှာ နူးညံ့သလိုရှိပေမဲ့
လေသံရဲ့ အဖျားစွတ်မှာ ညင်သာခြင်းမရှိတာတော့ သဲသာနေသည်။
အပြာရောင်က မျက်ဝန်းသာရွှေပြီး စိတ်မပါသောမျက်နှာက အေးတိ
အေးစက်နှင့်ဖြစ်သည်။

"မောင်သူရိန်နဲ့ စေ့စပ်ပွဲအတွက် ပြင်ဆင်ထားတဲ့ ခန်းမ
ကို သွားကြည့်ထား၊ ဘာလို့လဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ အပြာရောင်ရဲ့၊ အပြာရောင် စိတ်တိုင်းကျ
မကျကြည့်ရအောင်"

အပြာရောင်ကတော့ မေမေ့စကားနားခံရာကျအောင် အ
မန္တလေးသားနဲ့ လိုက်သွားပေမဲ့ စိတ်တခြား လူတကွဲနှင့်ဖြစ်သည်

"အဆင်ပြေရဲ့လား အပြာရောင်"

အပြာရောင်မျက်စိထဲမြင်နေတာတော့ ပန်းရောင်အခင်း
ပန်းရောင်အဖုံးအစွပ်နဲ့ ထိုင်ခုံတွေ။ ပန်းရောင်ပန်းတွေနှင့် တခ
တနားပေမဲ့ ရင်သို့တိုးမပေါက်တာတော့ ကိုယ်တိုင်ပဲသိသည်။ အပြာ
ရောင်က သာမန်ပဲ အားလုံးကို အကြည့်တစ်ချက်ဝေ့ကြည့်သည်

"အပြာရောင် ရေကန်ဘေးနားသွားရပ်ချင်တယ်
ဖြစ်မလားဟင်၊ အသက်ရှူရတာ မွန်းလာလို့ ခေါင်းထဲငြီးစီစီကြ
လည်းဖြစ်နေတာနဲ့"

"အာ…ရတယ် အပြာရောင်၊ လာ…လာ ဒီဘက်က
ထွက်လိုက်၊ ခြော်…ကိုယ် ဂျူ(စ်)တစ်ခုခု ယူခဲ့လိုက်မယ်လေ
အပြာရောင် ခေါင်းပိုကြည်သွားအောင်"

"သင့်ခ်ယူး"





"ခဏလေးစောင့်နော် အပြာရောင်"

"ဟုတ်ကဲ့"

လူကိုမွေ့တော့မလို ချိုတော့မလို ပျာပျာသလဲဟန်ပန်တွေ
ဖြစ်သွားတာကို အပြာရောင်က မျက်နှာတစ်ဖက်လွှဲပြီး နှာခေါင်း
ရှုံ့ဝစ်သည်။

ပြီးမှ ရေကူးကန်နားဆီ လက်ပိုက်ပြီး အေးအေးလူလူ
လျှောက်လာတာ လေညှင်းခံဖို့ပေမဲ့ ခြေလှမ်းတွေက ကားပါကင်
ဘက်မှ ထွက်လာသော လူတစ်စုကို တွေ့တဲ့အခါ အလိုလိုတုံ့နှေး
ကျသွားသည်။

"ဟင်"

"ညက…ဟိုလူပါလား"

အတွေးထဲဝင်မိတာနဲ့ ကြောက်စိတ်က ချွေးစေးတွေအဖြစ်
ပုံ့နှံ့ကာ တစ်ကိုယ်လုံး စိမ့်ထွက်လာသည်။

အပြာရောင်က ချက်ချင်းကျောခိုင်းလိုက်ဖို့ စဉ်းစားပေမဲ့
ထိုလူက ဘေးရှိလူနှစ်ယောက်ကို ဘာတွေညွှန်ကြားမှန်းမသိ
ညွှန်ကြားနေရာ က ရေကူးကန်ဘေး၌ရပ်နေသော အပြာရောင်ကို



www.burmeseclassic.com

ထင်ထင်ရှားရှား ကြီး တွေ့သွားသည်။

"ဟော့…ဒီမှာကွ…တွေ့ပြီ၊ သူပဲ သူပဲ"

"ဟယ်…ဟိုလူတွေ ဒီဘက်ကိုပြေးလာနေပြီ"

"ဒုက္ခပါပဲ"

လက်ညှိုးထိုးပြီး အော်ပြောခြင်းအဆုံးမှာ အပြာရောင်က ရပ်နေရာမှ ချာခနဲလှည့်ကာ ရောက်ပေါက်ရာသို့ ပြေးသည်။

"ဟော့…ဟိတ်ကောင်မလေး မပြေးနဲ့ ရပ်စမ်း"

အော်သံနှင့်အတူ နောက်ကလိုက်လာတဲ့ခြေသံတွေကို ကြားရ၍ အပြာရောင် ပြေးနှုန်းကို အရှိန်ပိုမြှင့်သည်။

ဟိုတယ်ရဲ့ ဘေးဘက်ရှိ တံခါးမကြီးမှ အရှိန်နှင့်ပြေးဝင်ကာ လှေကားထစ်တွေကို ပြေးတက်သည်။

လှေကားတစ်ဆစ်ချိုးမှာ အသင့်ပွင့်နေသော တံခါးတစ်ခု၊ အပြာရောင်က စွတ်ရွတ်မဝင်သေးဘဲ လှေကားလက်ရန်းမှတစ်ဆင့် အောက်ဘက်ကို ငုံ့ကြည့်တော့ သူမနည်းတူ ပြေးတက်လာကြတဲ့ ဟိုလူသုံးယောက်။ အပြာရောင် ဆက်လည်း ပြေးမတက်နိုင်တော့၊ ပြေးတိုင်းလည်း လွတ်မည်မထင်။





တကယ် ပြေးကြစတမ်းဆို ယောကျ်ားရင့်မကြီးတွေရဲ့ ခြေလှမ်းထက် သူမ ပိုနိုင်ပါ့မလား။ အပြာရောင်က ပွင့်နေသော တံခါးကိုဖွင့်၍ အထဲထိဝင်ကာ တံခါးကို နောက်ကျောနှင့်ပြန်ပိတ်သည်။

အခန်းကြီးထဲမှာ သင်းပျံ့သောရနံ့တစ်မျိုးရလျှက် အိပ်ရာခင်းတွေဖြစ်ဟန်တူသော အဖြူရောင်အခင်းကြီးတွေကို လျှော်ပြီး ချိတ်တွေနဲ့ စီတန်းချိတ် ဆွဲထားသည်။ အပြာရောင်က ထိုချိတ်ကြီးတွေကြား ဝင်ပုန်းရင်းပဲ အမောဖြေကာ အပြင်မှအသံတွေကို နားစွင့်ရသည်။

"ဒီနားတင်ပျောက်သွားတာကွ၊ ရှာစမ်း…တွေ့အောင်၊ ဒီကောင်မလေး ဝေးဝေးလံလံ မပြေးနိုင်ပါဘူး"

"မတွေ့ခဲ့ရင်ရော အာစရိ"

အာစရိတဲ့။ ထိတ်လန့်နေတဲ့ကြား ပုန်းနေတဲ့ကြားက အပြာရောင်ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။

"ဟင်…အာစရိတဲ့၊ တကယ့်ဂိုဏ်းစတားကြီးလားမှမသိတာ"

www.burmeseclassic.com



"သူတို့ အပြာရောင်ကိုမိသွားရင် ဘာလုပ်မှာလဲ၊ သတ်များသတ်ပစ်မှာလား"

တွေးရင်း အပြာရောင်မျက်နှာလေး ကြောက်စိတ်ဖြင့် ဖွေးဖြူသွားသည်။

"တွေ့အောင်ရှာခဲ့၊ ရှာမတွေ့ခဲ့ရင် နာမည်နဲ့လိပ်စာပါ ရအောင်စုံစမ်းခဲ့၊ သူ့ကို အမြန်ဆုံးရှာတွေ့ဖို့လိုတယ်၊ သူ့ကိုမတွေ့ရင် ငါတို့ အတွက် အန္တရာယ်ကြီးတယ်"

"လိုက်စမ်း...ရအောင်ရှာခဲ့ကြ"

"ဟုတ်ကဲ့"

ကြားရသောစကားတွေက ကြောက်ပါတယ်အော်နေသူကို တုတ်မိုးပြီး ကြောက်ပြီလားလို့ ဖြဲခြောက်နေသည်။ အပြာရောင်က ထိုအခင်းကြီးတွေကို အကာအကွယ်ယူရင်းက အသံမထွက်အောင် သက်ပြင်းနိုးရှိုက်ရင်း တစ်စုံတစ်ယောက်ဆီ ဖုန်းခေါ်မိသည်။ တကယ်ဆို အပြာရောင်အတွက် အားကိုးရာက သူပဲရှိတော့၏။

"ဟဲလို"

"စက်ကွင်းလား...အပြာရောင်ပါ"





"ပြော...ကိုယ်ဘာကူညီရမလဲ"

"ဟိုလူတွေ အပြာရောင်ကို တွေ့သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အပြာရောင်…ဒီလိုပြေးလာတာကောင်းတယ်"

ဆိုဖာအကြီးကြီးမှာ အိခနဲဝင်ထိုင်ရင်း အပြာရောင်ပြောတော့ စက်ကွင်းက သမ္မျက်စိရှေ့မှာရှိနေသည့် မိန်းမလှလေးကို သေချာစိုက်ကြည့်သည်။

"မင်းအတွက်ကောင်းပေမယ့် ငါ့အတွက်ကတော့ မကောင်းဘူး အပြာရောင်"

"ဟင်"

"ရှင်ပဲပြောတော့ မင်းကိုကူညီနိုင်တဲ့လူက ငါတစ်ယောက်တည်းပဲရှိတာဆို၊ ပြီးတော့ ဒီစစ်ပွဲကိစ္စမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မှာတာဝန်ရှိတယ်”

“ဘာဆိုင်လို့လဲ”

“သိပ်ဆိုင်တာပေါ့၊ ရှင့်ကြောင့် ဒီနေ့စပ်ပွဲဖြစ်လာတာ”

“မင်းပဲအပြောကောင်းတယ်”

“ဘာရှင့်”

“ဘာအပြောကောင်းတာလဲ”

ကျောပြင်ကိုပုတ်ပြီး ကိုယ်ကိုရှေ့သို့ကိုင်းမေးပုံက တကယ့်စမတ်တကျ။ အပြာရောင်က စက်ကွင်းရဲ့အဲဒီပုံကိုပဲ ချဉ်ချဉ်တူးတူးနှင့် စိုက်ကြည့်သည်။

“ရှင့်ကြောင့် ရှင် အင်တာနက်ပေါ်တင်လိုက်လို့ အဲဒီအညာသားနဲ့ နေ့စပ်ရတာ၊ အခု နေ့စပ်ရေလည်းမလိုတူး၊ ပြီးတော့ ဟိုလူဆိုးတွေလက်ကလည်း လွတ်ပြီ”

“မင်းကတော့ လွတ်ပြီကျွတ်ပြီပေါ့၊ ငါ့မှာတော့ လွှင့်ပစ်လို့လည်းမရ၊ သိမ်းထားလို့လည်းမဖြစ်တဲ့ ဒီကောက်ရပစ္စည်းကို ဘယ်လိုထားရမှန်းမသိတော့ဘူး”

“ကြည့်စမ်း...ရှင်...နော်”





အပြာရောင် ဆတ်ခနဲထရပ်တော့ ဒူးအထက်ဂါဝန်တိုက ဝဲခနဲခါသည်။ ပန်းဆီရောင်ဂါဝန်က လည်ပင်းပြဲပြဲ လက်ပြတ်ကို ခါးအောက်ပိုင်းနား ကားထားသည်။

ကိုရီးယားသူတွေလို ခြေအိတ်ရှည်က ပန်းရောင် အဝါအစိမ်းနှင့် ရောင်စုံတစ်ရစ်စီ လိုင်းထွင်ထားတာက ဒူးအောက်နားကျကျမှ ခြေမျက်စိနားအထိမို့ ဂါဝန်တိုပေမဲ့ အမြင်တော့မရိုင်း။ ဒေါနဲ့မောနဲ့ထရပ်သော သူမကို စက်ကွင်းက အေးအေးဆေးဆေး မော့ကြည့်သည်။

“တကယ်ပြောတာ...မကျေနပ်ရင် မတတ်နိုင်ဘူး၊ ငါ့အိမ်မှာနေတယ်ဆိုရင်တော့ မင်း အလကားနေလို့မရဘူး”

“ပိုက်ဆံပေးနေရမှာလား၊ ဒါဆို အကြွေးမှတ်ထားလိုက်၊ ပြဿနာတွေအားလုံး ရှင်းရင် ပြန်ပေးမယ်၊ ဒီက အဘွားဒေါ်ပန်း ဆေးဆိုတာ”

“မင်းပါးစပ်ပိတ်ထား”

“ငါပြောတာ ပိုက်ဆံမဟုတ်ဘူး”

“ဒါဖြင့်ဘာလဲ”



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ကြွားမလို့ ဟန်ပြင်ထားသည့် အပြာရော

မှာ သူ့ဖြတ်ပြောခြင်းကြောင့် စကားစပြတ်သွားရသည်။ အပြာရော

က ကိုယ်ပြောချင်ရာမပြောလိုက်ရသဖြင့် မကျေမနပ်ဖြစ်သွား၏

"သူများစကားပြောနေတုံး ဖြတ်ဖြတ်ပြောတာ သိပ်ရို

တယ်"

"ရှင်ကရော ယဉ်ကျေးမှုရှိလို့လား"

"မင်းဘယ်လိုမိန်းကလေးလဲ"

"သိချင်ရင် ရှင့်ကိုယ်ရှင် အရင်ပြန်မေးကြည့်"

မကြားတကြားပြောတာကိုလည်း စက်ကွင်းမှာ မြင်လည်း

မြင် ကြားလည်းကြားနေရ။ ဒါပေမဲ့ မမြင်မကြားသလိုပဲ နေလိုက်

ကာ ခြေချင်းချိတ်ထားတာ ဖြုတ်ချလိုက်ပြီး မတ်တပ်ထရပ်တော့

သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားတော့ အပြာရောင်က သူ့မော့ကြည့်

နေရတဲ့အဖြစ်သို့ ရောက်သွား၏။ စက်ကွင်းက ဘောင်းဘီအိတ်ထဲ

လက်စုံနှိုက်၍ အပြာရောင်ကို ငုံ့ကြည့်သည်။

"မင်း ဘာတွေလုပ်တတ်လဲ"

"ဘာကိုမေးတာလဲ"





"အလုပ်ကိုမေးတာ"

"ဘာမှမလုပ်တတ်ဘူး"

"ဘာ"

"သြော်…နေဦး"

"အပြာရောင်က"

နှုတ်ခမ်းချွန်၍ ပါးဖောင်းကာ စဉ်းစားနေပုံက ငေးကြည့်

ချင်စရာကောင်းအောင်လှသည်။ ချစ်စရာကောင်းသည်။

"အစားကောင်းကောင်း စားတတ်တယ်၊ အိပ်တတ်တယ်၊

ပြီးတော့ ရေချိုးပြင်(နဲ့)ထွက်တတ်တယ်၊ ပြီးတော့ အင်တာနက်ပေါ်

က ရည်းစားထားတတ်တယ်"

ပြောသမျှကို စက်ကွင်းက မျက်မှောင်ကုတ်နားထောင်

နေ၏။

"တော်တော်ကောင်းတဲ့အလုပ်တွေပဲ"

"ကို…ထွန်း…ဇော်"

"လာပါပြီဆရာ"

လည်ကုပ်ပေါ် မျက်နှာသုတ်ပဝါတစ်ထည် တင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ရိုကျိုးမှုအပြည့်နှင့် စက်ကွင်းနားရောက်လာသည်။

"မရွှေစာပါခေါ်ခဲ့"

"ဟုတ်ကဲ့ ဆရာ"

နောက်ထပ် အနားရောက်လာတာက ပုပုလုံးလုံး

ခင်မင်နှစ်လိုဖွယ်ကောင်းသော အမျိုးသမီးတစ်ယောက်။

"ဒါ…ငါ့အိမ်ရဲ့ စားဖိုမှူးဆိုလည်းဟုတ်တယ်၊ လူ

လင်မယားဆိုလည်းဟုတ်တယ်၊ ဒီတော့ မင်းဒီမှာနေမယ်ဆို

မရွှေစာခိုင်းတာလုပ်ပေးရမယ်၊ ပြီးတော့ မင်းရဲ့အဓိကတာဝ

ငါ့ကိုပြုစုဖို့"

"ဘာရှင့်…ဘာကိစ္စ အပြာရောင်က ရှင့်ကိုပြုစုရမှာလ

"မင်းပဲ ငါ့အခန်းမှာနေမှာဆို"

"အဲဒါနဲ့ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ ငါခိုင်းတာမလုပ်နိုင်ရင် မင်းသွား

ရာသွားနိုင်တယ်"

"ဟင်"

အပြာရောင် ဆွေ့ဆွေ့ခုန်သွားသလို မရွှေစာတို့လင်မယ





လည်း အလန့်တကြားနှင့် တစ်ယောက်မျက်နှာတစ်ယောက်

ကြည့်တဲ့အထိ ဖြစ်ကုန်ကြသည်။

ဆရာနဲ့အတူနေလာတာ ဒီရန်ကုန် ရောက်ကတည်းက။

ကောင်ကြီးမှာတုံးကတော့ သူမတို့လင်မယားတွေက ဆရာကြီး

တပည့်တွေ ဖြစ်ခဲ့ဖူးသည်။ ဒီတုံးက ဆရာက ကျောင်းသားအရွယ်မို့

ကျောင်းတက်လိုက် အိမ်ပြန်လာလိုက်နှင့် တစ်အိမ်တည်းအတူ

နေခဲ့ပေမဲ့ တရင်းတနှီးတော့မနေခဲ့ဘူး။

ဒါပေမဲ့ ရန်ကုန်ရောက်တော့လည်း လုပ်ငန်းတွေကို

ဆရာတစ်ယောက် တည်းဦးစီးက နှစ်တိုတိုအတွင်း သူမတူအောင်

အစ်ရှိန်ထိုး အောင်မြင်လာတော့လည်း သူမတို့လင်မယားမှာ

တက်ဖျားခါ ချီးမွမ်းရတာ ဆရာ့အရည်အချင်းနဲ့ ဆရာ့စိတ်

ကိုဖြစ်သည်။

မိန်းမတွေနဲ့ဆို ကင်းနိုင်သမျှကင်းကာ အသောက်အစား

မို့။ လူငယ်ဆန်တဲ့ အကျင့်စရိုက်တွေက အရေခွံခွာချလိုက်သလို

ပြောင်းလဲသွားတာလည်း သူမတို့အသိဆုံးကို။ အခုမှ ကောက်ခါ

ငင်ခါ ပြုစုသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ကွင်းကလည်း အပြာရောင်ရဲ့ ခေါ်သံနဲ့အတူ မရွှေ[စာ] တို့အကြည့်တွေကို အခုနားလည်သွားပုံဖြစ်သည်။

"ငါပြောတဲ့ပြုစုဖို့ဆိုတာ ငါ့ဆေးယာဝစ္စလုပ်ပေးဖို့ပြော[တာ] ငါနိုင်းတာလုပ်ရမယ်၊ ဒါပေမဲ့ ဆက်ဆံရေးက အလုပ်ရှင်[နဲ့] အလုပ်သမား ဆက်ဆံရေးပဲ၊ ငါနိုင်းတာမင်းနာခံရမယ်ဆိုပေ[မဲ့] မင်းဂုဏ်သိက္ခာ ထိပါးဖို့အတွက်မဟုတ်ဘူး၊ စိတ်ချ ငါကလည်[း] မင်းကို မသုံးဘူး"

"အောင်မာ...ဘယ်သူကလည်း ရှင့်အသုံးတော်ခံမယ် ပြောလို့လဲ၊ စိတ်ကူးနဲ့ရူးမနေနဲ့၊ ဟွန်း...မုန်းစရာ"

အပြာရောင်က ဆတ်ခနဲ ခါးထောက် ခြေဖျားမြှောက်[ပြီး] ကိုယ်ကိုကြွတက် သွားတဲ့အထိ ရန်တွေ့တာမျိုးလည်းရှိသည်။ ပြီးမှ စက်ကွင်း ခေါင်းစခြေဆုံးအထိ အစုန်အဆန်ကြည့်ပြီး နှုတ်ခမ်း ကိုမဲ့ကွေ့ချသည်။ ထို့နောက် မရွှေစာတို့ဘက်လှည့်၏။

"ဒီမှာ အပြာရောင် နားချင်ပြီ"

"ဟုတ်ကဲ့ မမ"

မရွှေစာနှင့် ကိုထွန်းဇော်က သူ့အမိန့်ကို တောင့်တဟ[န်]





ဘုမ်းကြည့်တော့ သူခေါင်းညိတ်ပြလိုက်၏။

"သူ့ကိုခေါ်သွား မရွှေစာ"

"ဘယ်ကိုခေါ်ရမှာလဲဆရာ"

"ဧည့်သည်ထားတဲ့အခန်းကို"

"ဟုတ်ကဲ့"

မရွှေစာက အပြာရောင်ကို ဦးဆောင်ခေါ်သွားတာတောင် လိုက်မသွားသေးဘဲ စက်ကွင်းဘက်လှည့်သည်။

"ခွင့်ပြုပါဦးနော်...ရှင့်ဆီအလုပ်ဝင်ဖို့ကတော့ မနက်ဖြန်မှစမယ်၊ ဖြစ်တယ်မို့လား"

"ဖြစ်ပါတယ်...ထမင်းဟင်းလည်း မနက်ဖြန်မှစစား"

"ဘာရှင့်"

"မင်းပဲ အလုပ်ကို မနက်ဖြန်မှစလုပ်မယ်ဆို"

"ဟုတ်တယ်လေ"

"အပေးအယူဆိုတာ နေရာတိုင်းရှိတယ်"

ထွက်သွားမည့်ခြေလှမ်းတွေက ချက်ချင်း တုံ့ခနဲရပ်သည်။ ဆတ်ဆတ်ထိမခံသောစိတ်နှင့် ရန်တွေ့ရန် အသင့်ဖြစ်သွားတဲ့ သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ကြည့်၍ စက်ကွင်းက ရယ်ချင်စိတ် မျိုသိပ်ထားသော မျက်ဝန်းများနှင့်ဖြစ်သည်။

"ဘယ်အရာမှ အလကားမရဘူး၊ အပြာရောင် တန်ဖိုးမြင့်ဖို့အတွက် ကြေးကြီးပေးရတာ ဒါထုံးစံပဲ၊ မင်းလည်း ကိုယ့်ဘာကိုယ် တန်ဖိုးမြင့်အောင် ကြိုးစားပါ၊ ဒါပဲ"

"တောက်...ကြီးကျယ်လိုက်တာ သူ့ကိုယ်သူ ဆရာကြီးကျနေတာပဲ"

စက်ကွင်းက အပြာရောင်ကို ပြောပြီး သူက အရင်ထွက်သွားသည်။ အပြာရောင်က အဲဒီထွက်သွားသော စက်ကွင်းကျောပြင်ကို ကြည့်ရင်း မျက်နှာတစ်ပြင်လုံး ဒေါသနှင့် နီမြန်းသွားလျက် မခံချိမခံသာဖြစ်ကျန်ခဲ့သည်။ တန်ဖိုးမြင့်အောင် ကြိုးစားပြီး ကြေးကြီးရအောင် ဆိုတာ ဘာလဲ။

ဟွန့်...အပြာရောင်က ရောင်းကုန်တစ်ခုမှမဟုတ်တာ။

ဒ ဒ ဒ



## အခန်း (၁၅)

"ဟိတ်...ခုန်း"

"ခုန်း...ခုန်း...ခုန်း အပြာရောင်"

အပြာရောင်က ဖက်ခေါင်းအုံးကို နားမှာဆွဲကပ်ထားပေမဲ့ တစ်ခန်းလုံး သိမ့်သိမ့်တုန်အောင် ထုနေခြင်းကြောင့် ဆက်အိပ်လို့ မဖြစ်နိုင်သည့်အဆုံးမှာ အပြာရောင်က ဆတ်ခနဲ ထထိုင်ရသည်။

"ခုန်း...ခုန်း...ခုန်း"

"အပြာရောင် မင်း ငါ့ခေါ်နေတာမကြားဘူးလား"

"တောက်...ဒါ ဒီလူ ငါ့ကို သက်သက်မဲ့နှောင့်ယှက်တာ၊ အိမ်မှာဆို ဒီအချိန်က ငါ့အတွက် အိပ်မက်မက်ကောင်းတုံး



www.burmeseclassic.com

www.burmeseclassic.com



ကို''

''တံခါးဖွင့်စမ်း''

''တံခါးဖွင့်စမ်းဆိုတာကြားလား''

တဒုန်းဒုန်းနှင့် မထဘဲ ပေနေလို့မရတော့။

အပြာရောင် အခန်းတံခါးဆီ လျှောက်သွား သည်။ ညက ဘာအင်္ကျီမှမပါသဖြင့် မရွှေစာ၏ အင်္ကျီတွေကို ယူဝတ်ထားရတာလည်း စိတ်ကမကြည်။

ကိုယ့်ကိုယ်ကို ဘာပုံပေါက်နေမလဲဆိုတာလဲ မသိချင်။ သူများအဝတ်အစား ယူမဝတ်ချင်ပေမယ့် ဖြစ်လာသည့်အနေ အထားအရ ဘာမှစေဒကတက်ရန် အခွင့်မရခြင်းကြောင့် မရွှေစာ ပေးတာကိုပဲ စိတ်ညစ်ညစ်နှင့် အသစ်စက်စက်ပါဆိုသည့် တစ်စုံ ကို ဝတ်ခဲ့ရသည်။

''ဒီအိမ်မှာ မိန်းမဆိုလို့ မရွှေစာပဲရှိတယ်၊ ယူဝတ်လိုက်''

အဲဒီတုန်းက စက်ကွင်းရဲ့တစ်ချက်လွှတ်အမိန့် နောက်မှာ ထွက်ကျလာတာက အသွေးအရောင်စုံ ပါတိတ်ဝမ်းဆက်တွေ။ ခါးတို၊ ခါးရှည်နဲ့ လည်ပင်းတွေလက်တွေမှာ အတွန့်အဖတ်တွေပါ





အောင် ခေတ်မီစွာ ချုပ်ထားတာမှန်ပေမဲ့ အပြာရောင်မျက်လုံးထဲတော့ ဘယ်လိုမှ တိုးမပေါက်သော ဒီဇိုင်းများသာဖြစ်သည်။

အပြာရောင်က အခန်းတံခါးနားဆီ ချက်ချင်းမသွားသေး ဘဲ မှန်တင်ခုံရှေ့ အရိပ်ထင်နေသော ကိုယ့်ကိုယ်ကို ပြန်ကြည့်သည်။ ဆံပင်က ကိုရီးယားပုံ။ ဝတ်ထားတာက တောပုံနှင့် ဘာဒီဇိုင်းထွက် နေမှန်းမသိသည့် ကိုယ့်ရုပ်ကိုယ်ကြည့်ရင်း မြေပြင်မှာ ခြေဆင်းပြီး အာခေါင်ခြစ်၍သာ အော်ငိုချင်သည်။

''အပြာရောင်နဲ့ မရွှေစာက အရပ်ချင်းမတိမ်းမယိမ်းလေ၊ ဒီတော့ အဝတ်အစားတွေလည်း မတော်မှာမပူနဲ့ ညီမလေး၊ အားလုံး အိုကေမှာ စိတ်ချ''

မရွှေစာကပြောပြီး အပြာရောင်ရှေ့လာချပေးသော အင်္ကျီ ထဘီတွေမှာ မလျှော်ရ သေးမှန်းသိသာသည့် အသစ်စက်စက် မာတောင့်တောင့်ကြီးတွေ။

''မဝတ်ရသေးဘူးနော်၊ အားလုံး နယူးတွေချည်းပဲ၊ အဟဲ မရွှေစာက အလှူ၊ မင်္ဂလာဆောင်တွေသွားဖို့အတွက် သီးသန့်ချုပ် ထားတာ''



www.burmeseclassic.com

www.burmeseclassic.com



အသစ်ထုတ်ပေးသော စေတနာကို လေးစားမိပေမဲ့ ဒါမျိုးကြီးတွေကို ခံစားလို့မရသောစိတ်ကြောင့် ဖြစ်သည်။

"ဟော့…အပြာရောင်"

အပြင်ကခေါ်သံက ခေါ်သံပါသည်။ နောက်ဆက်တွဲတံခါးကို ဒုန်းခနဲထုချခြင်းကြောင့် အပြာရောင်က တုန်သွားသည်။

"လာပြီ"

လှမ်းအော်ကာ တံခါးသွားဖွင့်ပေးတော့ အခန်းဝမှာလည်ကတုံးအဖြူစွတ်စွတ်မှာ ယောလုံချည်ညိုမှောင်မှောင်နဲ့ တွဲဝတ်ထားသော စက်ကွင်း။

အပြာရောင်ကို မှုန်ကုပ်ကုပ်နှင့် ခါးထောက် ကြည့်နေတာမြင်ရသည်နှင့် သူမကလည်း အားကျမခံ ချက်ချင်း ခါးထောက်ပစ်သည်။

"ဘယ်အချိန်ရှိသေးလို့ အော်ကြီးဟစ်ကျယ်လာနှိုးနေရတာလဲ"

"အောင်မာ မင်းကများ ငါ့ကိုပြန်မေးနေရသေးတယ်၊ မိန်းကလေးတဲ့ အခုဘယ်အချိန်ရှိပြီထင်လဲ""

ဝိုး:မိုး:ဓ၁ငပ



စက်ကွင်းက တရားကျသွားသလို ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဘယ်အချိန်မို့လဲ"

"သိချင်ရင် မင်းနာရီကိုကြည့်"

"နာရီပါမလာဘူး"

"စကားပြောပုံကိုက နည်းနည်းမှ အချိုးမပြေဘူး"

"ပြေစေချင်ရင် ရှင်လည်း စကားကောင်းကောင်းပြောပါလား၊ ဒီမှာ လူလူချင်းအတူတူပဲ၊ အားလုံး တန်းတူသဘောထား၊ ရှင်တစ်ယောက်တည်း သူဌေးဂိုက်(ဒ်)ဖမ်းမနေနဲ့၊ ကျွန်မက ရှင့်ကျေးကျွန်မဟုတ်ဘူးသိလား"

ပြောချင်ရာပြောခြင်းဆိုတာထက် ရန်တွေ့ခြင်းဆိုလျှင် ပိုမှန်ပါလိမ့်မည်။ အပြာရောင်က အားပါးတရ ရန်တွေ့ပြီး အိပ်ခန်းထဲဦးအောင်ပြန်လှည့်ဝင်သည်။

"ဟိတ်…ဒါကဘယ်လဲ"

"ဘယ်ဖြစ်ဖြစ် အိပ်ရေးမဝသေးဘူး"

"မရဘူး…လာခဲ့"

ဝိုး:မိုး:ဓ၁ငပ

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် လက်တစ်ဖက်ကို စက်ကွင်း ဆောင့်ခဲ့သူကလှမ်းဆွဲသည်။ ဆွဲလိုက်ခြင်းက အားအပြည့်မို့ အပြာရောင်က ခန္ဓာကိုယ်တစ်ပတ် လှည့်ပြီး အင့်ခနဲပစ်ဆောင့်တာ သူ့ရင်ဘတ်ဆီ။

ပစ်ဆောင့်တဲ့ အရှိန်ကြောင့် သူက ယိုင်ထွက်သွားပေမဲ့ မလဲအောင် ဖမ်းထိန်းတာက အပြာရောင်ခါးကို ဆွဲဖက်သလို ဖြစ်သွားခဲ့တာမို့ ရုတ်တရက် ကြောင်အမ်းသွားခြင်းက နှစ်ယောက်စလုံးအတူတူဖြစ်သည်။

နီးစပ်သွားတဲ့ ရင်ဘတ်တွေထဲမှာ အပြာရောင်က သူ့ရင်ခွင်ထဲ အလိုလိုရောက်သွားပြီးသားလည်း ဖြစ်ကာ လုံခြုံခြင်း၊ နွေးထွေးခြင်းနှင့်အတူ သူ့ကိုယ်သင်းရနံ့ ချိုအီအီကြောင့် လူက ဘာတွေဘယ်လို ဖြစ်မှန်းမသိ ရင်ခုန်သံတွေ တဒုန်းဒုန်း တဒိုင်းဒိုင်း ဆူညံလာတာပဲ သိသည်။

အပြာရောင်က သူ့ရင်ခွင်ထဲ ဘယ်နှစ်စက္ကန့်လောက် မှေးမူးခဲ့လဲမသိပေမယ့် ဖျတ်ခနဲမော့ အကြည့်မှာ အပြာရောင်အား စီးမိုးကြည့်နေသော မျက်ဝန်းတွေထဲ ရောင်စဉ်တွေ ဖြာလဲ့နေတာ လား။ ဟင့်အင်း…မသိချင်။ အပြာရောင် မသိချင်ပါ။ ချက်ချင်း





ဝင် အပြာရောင်က ရုန်းသည်။

"အို…လွှတ်… ့ ်စကားပြောရင် လက်ပါပါမလာနဲ့နော်"

"မင်းကိုလည်း ဘယ်သူမှ ဇွတ်အတင်းဖက်မထားဘူး"

"အလကားလူ"

မော့ပြီးပြော၍ အပြာရောင်က အတင်းကြီး ရုန်းကန်နေခြင်းကြောင့် သူ့ရဲ့ချုပ်နှောင်မှုမှ လွတ်မြောက်သွားရပေမဲ့ စက်ကွင်းက သူမကို စေ့စေ့ကြည့်ပြီး မျက်နှာကို ဖျတ်ခနဲ လွှဲပစ်လိုက်တာ မြင်လိုက်ရ၏။

"ကိုယ့်ကိုယ်ကို ကြည့်ဦး"

"ဘာကိုကြည့်ရမှာလဲ"

"အို"

ရင်ဘတ်အကျႌကြယ်သီးဖြုတ်နေတာ မြင်လိုက်ရမှ အပြာရောင် တံခါးကို ဆောင့်ပိတ်သည်။ ထို့နောက် ရေချိုးခန်းထဲဝင်လာပြီး မှန်ချပ်ကြီးကို အသာဆွဲဖွင့်မှ အတွင်း၌ အဆင့်သုံးဆင့်ပါသော နံရံကပ်ဗီရိုလေးပေါ်လာပြီး အထဲမှာ ရှန်ပူဗူးတွေနော



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေးအားလုံးက အသစ်ချပ်ကျွတ် တွေချည်းဖြစ်သည်။

ပြန်အိပ်လို့လည်းမရမဲ့အတူတူ သွားတိုက်၊ မျက်နှာသစ်ရင်း သူ့ရင်ခွင်ထဲကို ရောက်သွားတဲ့အဖြစ်ကိုတွေးကာ သူမရင်ခုန်သံကို ပြန်သတိရသွား၏။ မုန်းစရာကောင်းတဲ့လူ။

အပြာရောင်ကိုဆိုလျှင် အမြဲအပြစ် ရှာတဲ့ မျက်ဝန်းတွေ စကားပြောပုံကအစ နည်းနည်းမှ အချိုးမပြေ။

တော်ပါပြီ။ နောက်တစ်ခါဆို ရင်မခုန်မိအောင် ကိုယ့်နှလုံး သားကို လုံခြုံအောင် သိမ်းထုပ်ထားတော့မည်။



## အခန်း (၁၆)

"ဝါး...မွှေးနေတာပဲ၊ မုန့်ဟင်းခါးချက်တာပေါ့ ဟုတ်လား မရွှေစာ"

"ကြည့်စမ်း...အပြာရောင်က အနံ့ခံတာ တော်လိုက်တာ၊ ဟုတ်ပ မြောင်းမြမုန့်ဟင်းခါးလေ"

"အပြာရောင်အကြိုက်ပဲ၊ အပြာရောင်က မုန့်ဟင်းခါးဆို သိပ်ကြိုက်တာ"

မရွှေစာက မီးဖိုခလုတ်ကိုပိတ်ရင်း အငွေ့တထောင်း ထောင်းထနေသော ဟင်းရည်အိုးကို ဖွန်းခွက်နှင့် တစ်ပတ်ပတ်မွှေ ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းရည်အရောင်က ခပ်ညိုညိုမှာ ငါးဖယ်ဖတ်ရွေ ငှက်ပျောပင်ဖတ်တွေနိုင်းချင်း။ ဘဲဥအနှစ်တွေက မြုပ်ချည်ပေါ်ချည် မှာ ရေတ်ကောင်းနံ့က ပွက်ပွက်ဆူသင်းလာ၏။ အပြာရောင် သောနားမှာရပ်ရင်း တံတွေးတွေကို မြိုချနေရသည်။

တစ်မနက်လုံး အငြိမ်မနေရ၍ ဒီဗိုက်ဆာတာ သူမအပြစ်မတင်ချင်တော့ပါ။ ဘုရားပန်းလဲရသည်။ သော တော်ရေကပ်ရသည်။ ဆွမ်းပါကပ် ပေးအပြီး ကိုယ့်တာဝန်ပြီး လားမှတ်သည်။

"မင်းပါ ဘုရားဝတ်ပြု၊ အပယ်ကျမဲ့အရေးက ဖယ်သွာ အောင်"

"လူကို ရှင့်လိုထင်မနေနဲ့သိလား"

"ငါကဘာဖြစ်နေလို့လဲ"

"ရှင့်ကိုယ်ရှင်သိလား"

လူကိုပြောလိုက်ရင် နှစ်ပြားမတန်တဲ့အထိ။ အပြာရောင် အခုပဲ ငရဲအိုးထဲ အောက်ထိုးဆင်းတော့မည့်အတိုင်းဖြစ်သည်။ ဒါ စူပုပ်ပုပ် မကျေမနပ်နဲ့ပင် အပြာရောင်မှာ ဦးသုံးကြိမ်ချရသည်





သူကတော့ ဘုရားရှိခိုးတာ မပြီးမစီးနိုင်။ ငါးပါးသီလ ယူတာမှစ၍ ပဋ္ဌာန်းလည်း ရွတ်သည်။ ဓာရဏပရိတ်တွေ ဘာတွေ ရွတ်တာလည်း အပြာရောင် ကြားနေရပေမဲ့ နံရံမှီပြီး တစ်ရေးမှေး ရှင့်ရအောင်ယူသည်။ ကုသိုလ်မရလည်း နေပါစေတော့။ အပြာ ရောင်မှ သူ့လို ဘုရားအကြာကြီး မရှိခိုးနိုင်။ မေတ္တာပို့အမျှဝေပြီး သူ ကြေးစည်ထုမှ အပြာရောင်က အလန့်လန့်အဖျပ်ဖျပ် နိုးလာတာ ဖြစ်၏။

"ထမင်းစားခန်းထဲမှာစောင့်နေ၊ ငါ အဝတ်လဲပြီးဆင်း လာမယ်"

ထမင်းစားခန်းထဲ ဦးအောင်ရောက်နေမှ သားရေကျစရာ အဖြစ်နဲ့ လာတိုးနေတာမျိုးဖြစ်သည်။

"ဆရာက မုန့်ဟင်းခါးဆိုရင် အပေါ်ယံမှာ ဆီတွေဝေ့ နေတာမျိုး၊ ငရုပ်ဆီတွေရဲနေတာမျိုး မကြိုက်ဘူး အပြာရောင်ရဲ့ ဒီလိုညိုညစ်ညစ်လေးမှာ ငါးအရသာပါမှ၊ ငါးခူရဲ့ ချိုတဲ့အရသာ နဲ့ ငရုပ်ကောင်းရဲ့ မွှေးတဲ့အနံ့ကိုကြိုက်တာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ အပြာရောင်နဲ့ အကြိုက်ချင်းတူသွား
သိလား"

အပြာရောင်က အကြိုက်ချင်းတူသွားပုံကို ပထ
သဘောကျသွား၏။

"ဆရာကြီးနဲ့နေတုံးက ဒါမျိုးလက်ရာရအောင် တစ်
ကုန်ကျင့်ချက်ခဲ့ရတာ အပြာရောင်ရဲ့"

"တစ်နေ့ကုန်"

အပြာရောင်ရဲ့ တအံ့တသြမေးတာကို မရွှေစာက သွား
အကုန်ပေါ်အောင်ရယ်ရင်း ခေါင်းညိတ်သည်။

"ဆရာကြီးက မြည်းကြည့်လိုက်၊ စိတ်တိုင်းမကျ
သွန်ပစ်ပြီး နောက်တစ်အိုးချက်ခိုင်းတာ"

"ဟယ်...နမြောစရာကြီး"

"အေးကကြည့်ရင်တော့ နမြောစရာကြီးပေါ့ဟ
ဒါပေမဲ့ ဆရာကြီးရဲ့စိတ်က လိုချင်တာကို ရအောင်ယူတယ်၊ မရ
ပုံသွင်းတယ်၊ မရခဲ့ရင် လွှင့်ပစ်ခဲ့တာချည်းပဲ၊ ဆရာကြီးရဲ့စိတ်
တို့ဆရာဆီမှာပါတယ် သိလား၊ လူတစ်ယောက်က ဘာပဲလုပ်





ကောင်းဆုံးဖြစ်နေရမယ်တဲ့၊ ဒါဆို ဘက်စုံတော်ဖို့အတွက်
ည်းတော့ဘူးတဲ့"

"အဲဒီဆရာကြီးဆိုတာ သူ့ရဲ့အဖေလား"

ဗိုက်ဆာတာတွေ ခေတ္တမေ့သွားသည်။ ထူးဆန်းတဲ့ဒသသန
ဆန်းပြားတဲ့ ဓလေ့စရိုက်တွေကို သူမ စိတ်ဝင်စားသွားတာ
ါလိမ့်မည်။

မရွှေစာက ဟင်းရည်ပန်းကန်လုံး အကြီးထဲ ဟင်းရည်တွေ
ည့်ကာ ထမင်းစားစားပွဲပေါ် သွားချတော့ အပြာရောင်ကလည်း
၌ အသင့်ပြင်ထားသော မုန့်ဖတ်ပန်းကန်ကြီးကို ဆွဲယူပြီး
သွားချပေးသည်။

ကူညီချင်စိတ်ထက် သူ့အကြောင်း စ,ထားသော စဂ. ႏ
သွားမည်စိုး၍ဖြစ်သည်။ မရွှေစာက ထမင်းစားစားပွဲပေါ်
ုံး နေရာကျအောင်ပြင်ဆင် ချထားသည်။

"ဆရာ့အဘိုးပါ ဆရာက ငယ်ငယ်လေးထဲက မိဘတွေ
ခြဲတော့တာ"

"ဪ...သူက မိဘမဲ့ဆိုပါလား"



www.burmeseclassic.com

www.burmeseclassic.com



သနားခြင်းမြစ်တစ်စင်းက သူ့မရင်ကို ထက်ခြမ်းခွဲစီးဆင်း
သွား၏။

"အဘိုးနဲ့ပဲ အတူနေလာရတာလေ၊ ဆရာက သူ့ဘဝ
အကောင်းဆုံးတွေ ဖြစ်လာအောင် ငယ်ကတည်းက ကြိုးစားခဲ့တ
ပညာရေးဆိုလည်း ပညာရေးပေါ့၊ ဂုဏ်ထူးဘာသာစုံထွက်ပြီ
ဆေးလိုင်းဝင်ပေမဲ့ ရိုးရိုးမေဂျာပဲယူပြီး စီးပွားရေးလောကထဲ ပစ်
တာ"

"စီးပွားရေးလုပ်တော့လည်း အောင်မြင်တာပဲ၊ အဲ
ကြောင့် ဆရာက အမြဲတမ်းပြောတာ၊ အကောင်းဆုံးဆိုတဲ့ အ
တွေက ကိုယ့်လက်ထဲမှာပဲရှိတယ်၊ ကိုယ်ပိုင်ဆိုင်တဲ့အရာတဲ့၊ ဒါ
လူတွေက တန်ဖိုးမထားဘဲ လွှင့်ပစ်ကြတာတဲ့"

"ဪ...ဪ"

ဒီတစ်ခါတော့ တရားကျလိုခြင်းမဟုတ်ဘဲ အရွဲ့တိုက်
စိတ်တွေ ပါသွားသည်။ ဒီလူက သူ့ဘဝမှာ အကောင်းဆုံး၊ အေ
ဆုံးတွေနဲ့ ရပ်တည်ခဲ့သူ။ ဒါကြောင့် လူတွေကို ကြည့်တဲ့မျက်
တွေထဲ ရှုံ့ချခြင်းတွေ၊ အထက်စီးဆန်ခြင်းတွေ ပြည့်သိပ်လျှက်





ကိုး။ ဟွန်း...အလကားပါ လူတိုင်းကို သူ့ပေတံကြီးနဲ့လိုက်တိုင်း
လို့ရမတဲ့လား။ လူတိုင်းမှာ မွေးလာကတည်းက သူ့ဘဝ
သူ့လွတ်လပ်မှုနဲ့ ရှိပြီးသားဖြစ်သည်။

"ဘရိတ်ဖတ်(စ်)ရပြီလား မရွှေစာ"

မေးသံနှင့်အတူ အရိပ်ထက် ချိုအီသောရနံ့က လွင့်ခနဲ
ပြေးနှုတ်ဆက်သည်။ လှမ်းကြည့်တော့ အဖြူရောင်ဗွီရှိတ်ပုံအင်္ကျီကို
အဖြူရောင် စတိုင်ပင်(န်)ဖစ်(ထ်)နှင့် တွဲဝတ်ထားသည်။

အင်္ကျီက လည်ပင်းနှင့်လက်မောင်းကွပ်တွေမှာ အနက်
ရောင်လိုင်းစင်းကြီးပါ တာကလွဲလျှင် အားလုံး ရှင်းရှင်းလင်းလင်း။

သူ့ကျတော့ ကြည့်လိုက်တိုင်း အမြဲစမတ်တကျဖြစ်ပြီး
အပြာရောင်ကျတော့ ကိုယ့်ကိုယ်ကို ငုံ့ကြည့်တာ စိတ်တိုင်းမကျခြင်း
များစွာနဲ့ပါ။ စက်ကွင်းကတော့ ထမင်းစားပွဲမှာ ဝင်ထိုင်ပြီး
ရွှေစာပြင်ပေးသော မုန့်ပွဲကို စားဖို့ပြင်သည်။

"အပြာရောင်လည်း ဆာပြီ၊ ဒီကို တစ်ပွဲ"

"နေဦး"

ခုံဆွဲထုတ်လာထိုင်ဟန်ပြင်ပေမဲ့ မျက်လွှာပင့်ကြည့်တဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကြောင့် အပြာရောင် လှုပ်ရှားမှုတွေ ရပ်တန့်ကုန်၏။ စက်ကွင်းအကြည့်က မလိုလားခြင်းတွေ အမြင့်ဆုံးမှတ်အထိ ရောက်နေ၏။

"ဟာ…ဘာလဲ…အပြာရောင် မစားရဘူးလား"

"စားရမယ်"

"ဒါဖြင့်ဘာလဲ"

စက်ကွင်းကပြောရင်း စားလက်စဇွန်းကိုချကာ ခုံမှာ ကျောမှီထိုင်တော့ အေးတိအေးစက်အဖြစ် မျက်ဝန်းတွေက အရောင်ပြောင်းသွားသည်။

"ငါနဲ့တစ်ဝိုင်းတည်းတော့ မဟုတ်ဘူး"

"ရှင်က အပြာရောင်ကို…ဘယ်လို"

အပြာရောင်က ရှုံ့ရှုံ့ရှဲရှဲနှင့် ဒေါသတွေထွက်လာပေမဲ့ တုံ့ပြန်ရန်စကားက ချက်ချင်းရှာမတွေ့ခဲ့။ သူကတော့ ဇွန်းပြန်ကိုင်သည်။

"ငါ…ပြီးမှ မင်းစား"

ကြည့်စမ်း မောက်မာလိုက်တဲ့လူ။





"ဒီမှာ အပြာရောင်က နွမ်နေလို့လား၊ တစ်ဝိုင်းတည်းမစားနေအောင်၊ ရှင် အဲဒီလောက်အထိ မကြီးကျယ်ပါနဲ့၊ အပြာရောင်အိမ်မှာဆိုရင်"

"ဒါ မင်းအိမ်မဟုတ်ဘူး"

"ဘာရှင့်"

"ပြီးတော့ မင်းက ဒီအိမ်ရဲ့ တကူးတကဖိတ်ထားတဲ့ ဧည့်သည်လည်းမဟုတ်ဘူး"

"ရှင်…ရှင်တော့နော်"

"သိအောင်ပြောပြတာ၊ ကိုယ့်နေရာကိုယ်မမေ့ဖို့"

ရန်ထပ်တွေ့ရန် စကားလုံးစီနေဆဲမှာပဲ အေလွန့်သီချင်းဖြင့် သူ့ဖုန်းသံက ထမြည်လာသည်။ စက်ကွင်းက အပြာရောင်ကို မှုတည်တည်နဲ့ကြည့်ပြီး ဖုန်းဖွင့်နားထောင်သည်။

"အေး…ပြော၊ အာ…ငါလာမယ်လေ၊ အေး စက်ရုံကိုသွားမှာပေါ့"

တကယ့်အရေးကြီးပုဂ္ဂိုလ်လို ဖုန်းထပြောတာ ပြတင်းပေါက်မှန်ချပ်ကြီးတွေနားမို့ သူက အပြာရောင်ကို ကျောခိုင်းသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

မရည်ရွယ်ပေမဲ့ တလိပ်လိပ်တက်လာသော ဒေါသနှင့် ခံပြင်းခြင်းတွေက လူကိုအနိုင်ယူသွားပြီးနောက် အပြာရောင် လက်က ငံပြာရည်ပုလင်းလေးဆီ လှမ်းပြီးသား ဖြစ်သွားသည်။ အဖုံးဖွင့်၍ စားလက်စ သူမှုန့်ပန်းကန်ထဲရော ကော်ဖီခွက်ထဲရော တရစပ် ဆောင့်ခါချပစ်သည်။

"အို...ဖြည်းဖြည်းလုပ်လေ"

"ဟဲ့...ဟဲ့ အပြာရောင်"

မရွှေစာရဲ့ အလန့်တကြား သတိပေးသံအဆုံးမှာ စက်ကွင်းလည်း ဖုန်းပြောအပြီး ဒီဘက်လှည့်လာတာဖြစ်၏။ အပြာရောင်က ဟန်မပျက်မှင်သေသေနှင့် မရွှေစာလက်ထဲက ကော်ယပ်တောင် အကြီးကြီးကို ဆွဲယူလိုက်၏။

"ဆက်ပြီးသုံးဆောင်ပါ သူဌေးမင်းရှင့်"

ခါးညွှတ်လက်ဆန့်ပြီး သူ့ကို ရိုကျိုးပြသည်။ စက်ကွင်းက ထုံးဆန်းသလို ခံစားမိပေမဲ့ ထိုခံစားချက်ကို အရေးမထားဘဲ ခုံမှာဝင်ထိုင်ကာ မုန့်ဟင်းခါးကို တစ်ဇွန်းခပ်၍ ပါးစပ်ထဲအထည့်





ငံကျိုသောအရသာသည် လျှာဖျားမှတစ်ဆင့် လည်ချောင်းတွင်း စီးဝင်သွား၏။

"မင်း"

ချက်ချင်း မျက်လုံးကြီးပြူးထွက်လာတဲ့ သူ့ရုပ်ကိုကြည့်ပြီး အပြာရောင်က မရယ်မိအောင်ထိန်းသည်။

"သြော်...စပ်သွားလို့လား၊ အဟွန်း...ဒါဆို အစပ်ပြေအောင် ကော်ဖီလေးသောက်လိုက်ပါဦးရှင်"

သူမကမ်းပေးသော ကော်ဖီခွက်ကို မငြင်းဘဲ ကမန်းကတန်းမော့ချသည်။

"ဝေါ့...ထွီ...ဖူး...ဖလူး"

အင်အရသာနှင့် ပြင်းထန်ဆိုးရွားသော ရနံ့တို့ကြောင့် စက်ကွင်းမှာ ဘာစင်ဆီပြေးကာ ပါးစပ်ထဲရောက်သမျှ ထွေးထုတ်ရသည်။ ရေနှင့်ပလုပ်ကျင်းပေမဲ့ လျှာဖျားပေါ်စွဲနေသော အင်အရသာက တော်တော်နှင့်ပျောက်မသွား။

မရွှေစာကတော့ သူ့အား တစ်ရှူးပြေးယူပေးလိုက်၊ သောက်ရေခပ်တိုက်လိုက်နှင့် ထမင်းစားခန်းတစ်ခန်းလုံး ပွေလောက်



www.burmeseclassic.com

www.burmeseclassic.com



ယက်ခတ်အောင် ပြေးလွှားနေသည်။ စက်ကွင်း လှည့်ကြည့်တော့ အပြာရောင်က ထမင်းစားပွဲ၌ အကျအနနေရာယူသည်။ မုန့်ပွဲ အသင့်ပြင်စား၏။

"အဟွန်း…သူ့ဒွေးပြီးသွားပြီလေ၊ အပြာရောင်စား အလှည့်"

စက်ကွင်းမှာ ဒေါသဖြစ်ဖြစ်နှင့် အပြာရောင်ကို ပြေးကန်ရ အခက် ကိုင်ပေါက်ရအခက်နှင့် မအီမလည်ကြီးရှိကာ မချိမဆန့် ဒေါသများနှင့် ထမင်းစားခန်းထဲက ထွက်လာခဲ့သည်။

တောက်…ဒီကောင်မလေးကို နိုင်စားရမည့်နည်းလမ်း ဘယ်သူ့မှာရှိလဲ။



## အခန်း (၁၇)

"အိုး…မင်းအနားရှိရင် ××× ဒါ ငါ့အတွက် ×××× အားအင် ×××× မိုးထက်ကကြယ်စင် ××× လှမ်းကာခူးလိုက်ချင် မင်းကငါ့ရဲ့ကမ္ဘာကြီး ×××× မင်းက ငါ့ရဲ့အိပ်မက်သခင်"

သီချင်းကို အပြာရောင် အတူလိုက်အော်ဆိုသည်။ စည်းချက်နဲ့အညီ ကိုယ်ကိုတွန့်ကရင်း ကားဆေးနေပုံက ရယ်ချင်စရာတော့ ကောင်း၏။ ရေမြုပ်တုံးအကြီးကြီးနဲ့ ဆပ်ပြာရည်တွေကိုစုပ်ပြီး ကားကို ဘီးတွေပါမကျန် သေသေချာချာတိုက်သည်။

ပြီးတော့ ရေပိုက်နှင့် ဆပ်ပြာမြုပ်တွေ ဆေးချ၏။ ဝတ်ထားတာက သူ့ရုပ်အင်္ကျီပွပွနှင့် ဂျင်းဘောင်းဘီကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ကျ ပွပွကြီးကို ဒူးဆစ်နားအထိ လိပ်တင်ထားသဖြင့် ဖြူဝင်းမွတ်သော ခြေသလုံးသားနှင့် ဖနောင့်နီထွေးထွေးတွေကို အတိုင်းသားတွေ့သည်။

"ဒီထဘီတွေဝတ်ရတာ အဆင်မပြေဘူး၊ ဘယ်တော့ ကျွတ်ကျမလဲဆိုပြီး စိတ်ထင့်နေရတာနဲ့တင် လူကရှုးလောက် တယ်"

အပြာရောင်က စိတ်ထင့်နေရုံနဲ့ ရှုးလောက်တာ။ စက်ကွင်း က တကယ်များ ကျွတ်ကျခဲ့ရင်လို့ တွေးရုံနဲ့ ရှူးသွားရကာ အဲဒီ နေ့ပဲ ချက်ချင်း သူမကို သူ့ အဝတ်အစားတွေထဲက သုံးလေးစုံ ထုတ်ပေးခဲ့သည်။

"သူဌေးတဲ့...သူများကို အဝတ်အစားသစ်ဝယ်ပေးဖို့ တောင် နှမြောနေတာ၊ ဟွန်း စွန့်ကြဲပေးကမ်းခြင်းမရှိရင်တော့ နောင် ဘဝ သူဌေးမဖြစ်ဘဲ"

"ဟော့...တော်တော့"

စူပွပွပြောတိုင်း နှုတ်ခမ်းတွေလုံးနေအောင် ချွန်ထွက်လာ တာကိုကြည့်ပြီး ဒီစကား ဒီမှာရပ်ရန် သူတားရသည်။ နိုနို ပြောသင့်





မသင့်မသိသော ဒီပါးစပ်က ထင်ရာပြောဖို့အတွက်ဆို ဘယ်သူ့ မျက်နှာမှ မကြည့်တတ်တာ စကားကွင်း အကြောင်းသိခဲ့ပြီဖြစ်၏။

"နှမြောလို့မဝယ်ပေးတာမဟုတ်ဘူး"

"ဒါဆို ရှင့်အပေါင်းတွေ ဘာလို့လာပေးလဲ၊ မတော် တရော်တွေကို"

"ဟ...မင်း နည်းနည်းခေါင်းသုံးစမ်းပါ"

"ဘာကိုခေါင်းသုံးရမှာလဲ"

အားမလိုအားမရဖြစ်ကာ စက်ကွင်းက သူမနားထင်အား လက်ညှိုးနှင့်ဆောင့်တွန်းသည်။

"မင်းအတွက် အဝတ်အစားဝယ်တယ်ဆိုတာ မင်းပါ လိုက်မှဖြစ်တာ"

"ဒီလိုလား"

"ရတယ်လေ အပြာရောင်တို့ အခုသွားမလား"

"ရှော့ပင်(န်)ပေါ့၊ ဒီရောက်မှ ရှော့ပင်(န်) ဆိုတာ ဖြူသလား၊ မည်းသလားလို့ တွေးရမလိုဖြစ်နေပြီ၊ အိမ်မှာ တုံးကဆို"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာဆိုတဲ့စကားမပြောနဲ့"

"ဘာဖြစ်လို့လဲ"

"ဒါ မင်းအိမ်မဟုတ်ဘူး၊ ပြီးတော့ အခြေအနေနဲ့ အ

အခါကိုကြည့်ဦး၊ မင်းကို ဟိုလူတွေ တွေ့သွားလို့မဖြစ်ဘူး၊ ပြီးေ

မင်းအိမ်က မင်းမိဘတွေရောပဲလေ၊ အဲဒီနေ့က မင်းပျောက်သွ

တာ သူတို့မရှာဘဲနေမလား၊ မတွေ့လို့ ငြိမ်နေတာရှိပေမဲ့ တွေ့

ကုတ်ဆွဲခေါ်သွားရင် ငါလည်းဘာမှမတတ်နိုင်ဘူး"

စက်ကွင်း ရှင်းပြတော့မှ အပြာရောင် ခေါင်းတညိ

ညိတ်နဲ့ ငြိမ်ကျသွားသည်။ အခုတော့လည်း သူထားရာနေ စေ

သွားဆင်တာဝတ်နှင့် အဆင်တော့ပြောလာသား။ ဆတ်ဆတ်

မခံတဲ့စိတ်လေးရှိသည်။

"အပြာရောင်က လိမ္မာတယ်ဆရာရဲ့၊ မရွှေစာကို ကျ

ပြီးတာနဲ့ ခြံထဲဆင်းလာတယ်"

"ဘာလဲ...ခြံထဲမှာရှိတဲ့အပင်တွေ ဖျက်ဆီးတာလား

စက်ကွင်းမေးတော့ ကိုထွန်းဇော်က ကွမ်းကိုးတက်နေ

သွားတွေပေါ်အောင်ရယ်သည်။





"ဆရာတို့မတည့်ကြတာ အဲဒါပဲ၊ ဟိုကလည်း မဟုတ်

ရင်မခံ၊ ဆရာကလည်း မဟုတ်တာတွေချည်း အရင်စပြောတော့

ဘာကိုး"

ကိုထွန်းဇော်တို့လင်မယားဆိုတာ သူမမွေးခင်ကတည်းက

အတိုးရဲ့လူယုံ။ အဖေ အမေတို့နဲ့ မိသားစုလိုနေလာတာမို့ အိမ်သား

တွေလိုဖြစ်နေ၍ ပြောရဲဆိုရဲရှိကြပါသည်။ ရိုသေမှုနှင့် ဆရာလို့

အမည်တပ်ခေါ်နေပေမဲ့ သူကတော့ မိသားစုဝင်တွေလို စိတ်ရင်း

မျိုးထားသည်။

"အင်း...ပြောပါဦး ခင်ဗျားပဲအမှန်"

စက်ကွင်းက စကားစပြန်ဆက်ပေးသည်။

"ရွှေစာက ချီးမွမ်းနေတာပါ၊ ကလေးမလေးက သင်တာ

ဖြန့်တယ်တဲ့၊ စိတ်ဝင်စားမှုနဲ့ တီထွင်မှုလည်းရှိတယ်တဲ့၊ ဟင်းတွေ

ဆို ရိုးရိုးချက်နည်းကို သူက တစ်မျိုးထွင်ချက်တိုင်း စားကောင်း

သွားရောတဲ့"

"အင်း...ကြည့်လုပ်ခိုင်း ကိုထွန်းဇော်၊ သတိလည်းပေး

ထား၊ ကျုပ်တော့်မီးဖိုချောင် တော်ကြာ စာတ်ခွဲခန်းအဖြစ် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးလို့"

စက်ကွင်းပြောတော့ ကိုထွန်းဇော်က အားပါးတရရယ်ပြီး တစ်စုံတစ်ခုကို သတိရသွားသလို မျက်နှာပြန်တည်သွား၏။

"ဒါပေမဲ့ အပြာရောင်က ဆရာမရှိရင်သာ ဟုတ်တိပတ်တိလုပ်တာဗျ၊ ဆရာရှေ့ရောက်ရင် လုပ်တာအကုန်တလွဲတွေချည်းပဲ၊ မရွှေစာက ဘာလို့ အဲဒီလိုလုပ်ရလဲမေးတော့ ဆရာ့မျက်စိထဲမှာ သူညံ့တာပဲမြင်စေချင်လို့တဲ့"

ညံ့တာကိုပဲ မြင်စေချင်ရသလားလို့ အဲဒီနေ့ကတည်းက သူရှေ့ရှုတ်ခဲ့တာ ဒီနေ့အထိ။ ဒီကောင်မလေးကျမှ ထူးထူးဆန်းဆန်း အတွေးအခေါ်တွေနဲ့ သူ့ဒသနကို ပြောင်းပြန်လှန်တော့မလားလို့ တွေးရင်း စိုးရိမ်စိတ်ဝင်လာသည်။

"ဟယ်…ကြည့်စမ်း ကားလေးကိုဆေးလိုက်တာ လက်လက်ကိုထနေတာပဲ"

ပေါ်တီကိုအောက်မှ အပေါ်ထိ လွင့်တက်လာတဲ့ မရွှေ အသံကြောင့် အတွေးနှံ့ထဲ ကျွံနေသည့် သူ့အသိတရားတွေ ဆတ်ခနဲ ခေါင်းထောင်သွားသည်။ အပြာရောင်ကတော့ ရေပိုက်တစ်ချောင်း





နဲ့ ကားပေါ်က ဆပ်ပြာမြုပ်အကြွင်းအကျန်တွေကို ဆေးချသည်။

"လာခဲ့လေ…မရွှေစာကိုလည်း လက်လက်ထအောင် ချပ်ပေးလိုက်မယ်"

မရွှေစာက ဟက်ဟက်ပက်ပက်ရယ်သည်။

"မလုပ်လိုက်ပါနဲ့ မယ်မင်းကြီးမရယ်၊ အပြာရောင် တိုးတက်လာတာတွေကြည့်ပြီး ပျော်နေလို့ပါ"

"ဘာတိုးတက်လာတာလား"

"ရော်…မေ့နေတာလား၊ မသိချင်ယောင်ဆောင်တာလား ကလေးမ၊ အခုဆို မီးဖိုချောင်ကိစ္စတွေလည်း နားလည်လာပြီ၊ သန့်ရှင်းရေးလည်း လုပ်တတ်လာပြီ၊ တို့ရဲ့ အပြာရောင်က နောက်ထပ်အတုမရှိအောင်တော်တတ်သိတဲ့"

"မရွှေစာမသိသေးတဲ့ အပြာရောင်ရဲ့ တော်တဲ့ပညာတစ်ခု ရှိသေးတယ်"

အပြာရောင်က အပြီးသတ်အထိ ပြောင်စင်သွားတဲ့ကားကို ရှေ့နောက်ဝဲယာကြည့်ပြီး သဘောကျသွားမှ ရေဘုံဘိုင်သွားပိတ်သည်။ မရွှေစာကတော့ အပြာရောင်ရဲ့ တိုးလို့တန်းလန်းစကား



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဝင်စားသွားသည်။

"ဘာလဲဟင်"

"ဘာရမလဲ…နေခင်းကျရင် အိမ်ကြီးရှင်ဟိုပုဂ္ဂိုလ်မျိုး အပြာရောင် မရွှေစာရော ကိုထွန်းဇော်ကြီးကိုပါ ဆံပင်ညှပ်ပေးမယ်"

"ဆံပင်ညှပ်ပေးမယ်"

မရွှေစာက တအံ့တသြရေရွတ်ပြီးမှ သူ့မဆံပင်သူ့မ ပြန်ခံ ကြည့်သည်။

"အပြာရောင် နှင့် ငါတို့ကို ပေါက်တတ်ကရတွေ"

"ဩော်…ဘာပေါက်တတ်ကရမှမဟုတ်ဘူးဆို၊ အပြာ ရောင်က ဒိတ်ဒိတ်ကြဲအလှဖန်တီးရှင်ကျောင်းက ထွက်လာတဲ့သူ ဆံပင်ညှပ်တာလောက်တော့ အပျော့ပဲ၊ စိတ်ချ မရွှေစာတို့ဆရာ မျက်စိတောင်လည်သွားစေရမယ်"

စက်ကွင်းက အတိုင်းသားကြားနေရသော စကားတို့ ကြောင့် အသံမထွက်စေဘဲ ရယ်မိသည်။ တယ်ဆိုတဲ့စာပါလား သူတောင်မျက်စိလည်သွားစေမယ်ဆိုတော့ မင်းလက်ထဲ ဘယ်လို ပဉ္စလက်တွေ ဖန်တီးမလဲ သူတကယ်သိချင်သည်။

ɿ ɿ ɿ



## အခန်း (၁၈)

တကယ်တမ်း မျက်လှည့်အပြခံခဲ့ရတာ အပြာရောင် ဖြစ်နေခဲ့သည်။ နေခင်းကြီးမို့ စားပြီးသောက်အပြီး အပြာရောင်က ဘုနယ်တစ်စောင် ဆွဲ၍ အိပ်ခန်းထဲ တစ်ရေးဝင်နှပ်နေခဲ့တာဖြစ်၏။ နိုးလာတာက ဆူဆူညံညံအသံတွေကြောင့်ဖြစ်ကာ ထိုအသံတွေက တခဏချင်း တိတ်သွားတာမို့ အပြာရောင်က ဘာသံရယ်လည်း ခွဲခြားတော့ဘဲ ပြန်အိပ်ရန်ကြိုးစားသည်။

"ဒေါက်…ဒေါက်…ဒေါက်…အပြာရောင်ရေ"

"မရွှေစာလား"

"ဟုတ်တယ်ကလေး"



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ဘက်မှ မရွှေစာရဲ့ခေါ်သံ။ အပြာရောင်
အိပ်ရာမှလူးလဲထသည်။

"အင်း…အင်း လာပြီ မရွှေစာ"

ဝတ်ထားတာက ဟိုစက်ကွင်းဆိုတဲ့သူရဲ့ ဆွယ်တာဖြ
နှင့် ဂျင်းအဖြူရောင်။ သူ့အဝတ်အစားတွေက သူနဲ့တော့ အ
ပဲဖြစ်ပေမဲ့ အပြာရောင်ထက်တော့ အများကြီးကြီးကာ ပုံပန်း
နှင့် ဖြစ်သည်။ အပြာရောင်က မှန်ရှေ့ရပ်၍ ဆံပင်ကို တစ်ခ
နှစ်ချက် သပ်ရင်း တံခါးသွားဖွင့်ပေးလိုက်သည်။

"အင်း…ဘာဖြစ်လို့လဲ မရွှေစာ"

"မရွှေစာက ဘာမှမဖြစ်ဘူး၊ ဖြစ်တာက ဆရာ"

"ဟင်"

စိတ်ဝင်စားခြင်းကြောင့် အပြာရောင်မျက်နှာက မရွှေ
ရှေ့ကို တိုးသွား၏။

"ဆရာဘာဖြစ်လို့လဲ မရွှေစာ"

"ဒူးပြဲသလား၊ ခေါင်းကွဲသလား၊ ပြော ဘယ်သူ
သူ့ကိုချောင်းရိုက်လိုက်လို့လဲ"





"အေး…ဟိုကကြားရင်တော့ ဒေါသထွက်ဦးမယ်
အပြာရောင်ရယ်၊ ဘာတွေလျှောက်မေးနေတာတုံး"

"ဟင်…မရွှေစာပဲ ဆရာဖြစ်နေတာဆို"

"ဖြစ်တယ်ဆိုတာက အဟင်း"

မရွှေစာက အပြာရောင်ညှပ်ပေးသော သူ့ဆံပင်သွ စမ်းပြ
သည်။

"ပြောနေကြာပါတယ်…လာခဲ့ လာ လိုက်ခဲ့"

"ဘယ်ကိုလဲ မရွှေစာရဲ့"

"လာမှာသာလာစမ်းပါကွယ်"

မရွှေစာက အပြာရောင်လက်ကို ဆောင့်ဆွဲခေါ်သွားတာ
အောက်ထပ်ရောက်တဲ့အထိ။ အိမ်ကြီးက အပြင်ပန်းကြည့်တော့သာ
ရိုးရိုးနှစ်ထပ် လို့ထင်ရပေမဲ့၊ အတွင်းမှာ နှစ်ထပ်ခွဲအထိရှိကာ
အဆောင်ဆောင် အခန်းခန်းတွေက များပြားလှသည်။ မရွှေစာက
အပြာရောင်ကို အောက်ထပ်ရှိ အိပ်ခန်းတစ်ခန်းဆီ ခေါ်သွား၏။

"ခေါက်…ခေါက်"

"ဆရာ အပြာရောင်ကို အထဲလွှတ်လိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မလား''

''ကျွိုး''

မရွှေစာက တံခါးခေါက်ပြီးမေးသည်။ အပြာရောင်ကတော့ အထဲက ပုဂ္ဂိုလ် မမြင်နိုင်မှန်းသိသိကြီးနှင့် တံခါးရွက်နားကပ်ပြီး လျှာထုတ် ပြောင်ပြနေတုံးမှာပဲ ဟိုလူက ပြုံးခနဲထွက်လာတာနဲ့ အပြာရောင်မှာ လျှာကြီးတန်းလန်းနှင့် ဘာဆက်လုပ်ရမှန်းမသိတော့။ မရွှေစာက အပြာရောင်ကိုတစ်လှည့် သူ့ဆရာကိုတစ်လှည့် ကြည့်သည်။

''ဟဲ့…အပြာရောင်''

''အယ်''

မရွှေစာက အပြာရောင်လက်ဖျံကို ကျိတ်ရိုက်ကာ သတိပေးသည်။ စက်ကွင်းကတော့ အပြာရောင်အား မျက်မှောင်ကျုံ့ကြည့်သည်။

''ဒါကဘာဖြစ်နေတာလဲ''

''ဘာမှမဖြစ်ဘူးဆရာ''

''မင်းလျှာကြီးကို ပြန်သိမ်းလိုက်အပြာရောင်''





အပြာရောင်က ခေါင်းညိတ်ပြသည်။

''သိမ်းဆိုလည်း သိမ်းရတာပေါ့''

''သိမ်းပြီးရင် လာခဲ့''

''ဘာလဲ''

''လာဆိုလာစမ်းပါ''

စက်ကွင်းကခေါ်၍ အပြာရောင်က လိုက်ဝင်သွားသည်။ အခန်းထဲရောက်မှ တခြားကမ္ဘာတစ်ခုသို့ ရောက်သွားတဲ့သူလို အပြာရောင်မှာ တအံ့တဩဖြစ်သွားရတာ တော်တော်နှင့် စကား မပြောနိုင်။

မှန်ချပ်ရှည်ကြီးတွေနဲ့ ကာရံထားတဲ့အခန်းကျယ်ကြီးက အလင်းရောင်ကောင်းစွာရသည်။ အခန်းထောင့်မှာ ခေါင်းလျှော်သည့် အိပ်စင်နှစ်ခု။ ဆံပင်ညှပ်သူထိုင်သည့် ဆုံလည်နှစ်ခုနှင့် မှန်ချပ်အကြီးကြီးတွေ နံရံသုံးဘက်လုံး ကပ်ထားတာကြောင့် ကိုယ့်ပုံရိပ်ကို ဘယ်နေရာကကြည့်ကြည့် မြင်နိုင်တာမျိုးဖြစ်၏။

ဆုံလည်ခုံရှေ့မှာ နံရံကပ် ဗီရိုလေးရှိကာ ဆံပင်ညှင် တိရိယာတွေက စတီးရောင်ဖိတ်ဖိတ်လက်နေသည်။ ဘီးတပ်အလှ



www.burmeseclassic.com

www.burmeseclassic.com



မီနီယံစင်ကလေးက အပြာရောင်ခါးစောင်းလောက် အမြင့်ရှိကာ အထဲမှာ ကလစ်တွေ ညှပ်တွေ စုံနေ၏။

"ဟင်...ပစ္စည်းတွေက စုံလှချည်လား၊ ဘယ်သူ့ဟာ တွေလဲဟင်"

"ငါ့အိမ်ကဟာ ငါ့ပစ္စည်းပေါ့"

"ရှင့်ပစ္စည်း ဟုတ်လား"

"ဟုတ်တယ်"

"လှလိုက်တာ"

"အပြာရောင်လိုချင်နေတာ ဒါမျိုးလေး"

ဘေးဘက်နံရံတွေမှာ မှန်ချပ်တွေနှင့် လွတ်သည့်အပေါ် ဘက်တိုင်း၌ နံရံကပ်စင်တွေရှိပြီး ထိုစင်တွေပေါ်မှာ အရောင်ဆိုး ဆေးဗူးတွေ ပေါင်းဆေးဗူးတွေအားလုံး ရှိနေတာက တကယ့်ပြုတ် ဆလွန်းလေးထဲ ရောက်နေသည့်အတိုင်း။ အပြာရောင်က တစ်ခန်း လုံးအနှံ့ ကိုယ်လုံးလေးလည်အောင် လှည့်ပတ်ကြည့်သည်။

"ကြည့်စမ်း...အပြာရောင်ဖွင့်ချင်တဲ့ဆိုင်လေးအတိုင်း တစ်ပုံစံတည်းပဲ၊ ဒါတွေကို ရှင်က"





"အဲဒါအားလုံး မင်းအတွက်"

"ရှင်"

နောက်လှည့်ကြည့်မလို့ ဟန်ပြင်ပြီးမှ ရှေ့မှန်ချပ်ထဲမှ အပြာရောင်ကို နောက်မှလက်ပိုက်ရင်း ပြုံးကြည့်နေတဲ့ စက်ကွင်း။ ထိုအကြည့်ကြောင့် အပြာရောင်တစ်ကိုယ်လုံး ကြက်သီးနွေးတွေ ဖျန်းခနဲ ထသွား၏။

တွေ့လိုက်တိုင်း ရန်စောင်အပြစ်တင်ခြင်းတွေနှင့် စူးရှနေသော ဒီမျက်ဝန်းတွေက အခုတော့ ကြည်မွေ့ခြင်းတွေ ဖြန့်ခင်းထား သည့်မျက်နှာနှင့် နွေးတွေးရီဝေသောမျက်ဝန်းတွေအား အပြာရောင် က တစိုက်မတ်မတ်ငေးမောနေရင်း ရင်ခုန်သံတွေက အစိုးမရအောင် မြန်ဆန်လာခဲ့၏။

လိုချင်တာရ၍ ကျေနပ်ပျော်ရွှင်သော ရင်ခုန်သံမျိုးနဲ့ သူမ ရင်းနှီးဖူးပါသည်။ အိမ်မှာနေခဲ့စဉ်က အပြာရောင်က ပူဆာလိုက်၊ မေမေက ပယ်ချလိုက်နှင့် နောက်ဆုံး ဖေဖေနဲ့ဘွားဘွားက ဝယ်ပေးလိုက်တဲ့ဟာမျိုးဆို အပြာရောင်တို့ ရင်ခုန်လို့မဆုံးတော့။

အခုတော့ အဲဒီရင်ခုန်သံမျိုးမဟုတ်ဘဲ နှလုံးအိမ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံးက ဖိုးခနဲ ဖျပ်ခနဲ နွေးခနဲအေးခနဲ တငြိမ့်ငြိမ့်တသိမ့်သိမ့်ဖြင့် တိမ်တိုက်ပေါ်ထိုင်ကာ လူက တိမ်လွှာတွေစီးနေရတာမျိုး။ အခန်းကျယ်ကြီးထဲမှာ တိတ်ဆိတ်ခြင်းက ရင်ခုန်သံနှင့်အတူ အပြိုင်လွှမ်းခြုံနေ၏။

"ကျေးဇူးပါ"

အပြာရောင်က လှည့်ပြောသည်။ ပြီးတော့ တမ်းတမျှော်လင့်ခြင်းတွေနဲ့ မော့ကြည့်တော့ ဟင်…ဘယ်မှာလဲ။ အခုနက အပြာရောင် တွေ့လိုက်ရတဲ့ ရိုဝေနူးညံ့ခြင်းများစွာနဲ့ မျက်နှာ။ ချက်ချင်း မျက်နှာဖုံးခွာချလိုက်သလို သူ့မျက်နှာ၌ အပြာရောင်မုန်းသော အထက်စီးဆန်ခြင်း၊ မနုဂုဏ်မောက်ခြင်းတွေက တရိပ်ရိပ်ပြန်တက်လာ၏။

"ကျေးဇူးတင်ဖို့မလိုဘူး၊ မင်းတာဝန်ကျေဖို့ပဲလိုတယ်"

စက်ကွင်းက ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ဆုံလည်ခုံတွေဆီ မလှုပ်တလှုပ် လျှောက်လာပြီး ခုံမှာဝင်ထိုင်သည်။

"မင်း…ဆံပင်ညှပ်တဲ့ပညာက မဆိုးပါဘူး၊ မရွှေစာနဲ့ ကိုထွန်းဇော်တို့ကိုကြည့်ရင် သိသာတာပဲ"





"ဒါနဲ့ပဲ ရှင့်ကိုဆံပင်ညှပ်ပေးရမယ်ပေါ့"

စက်ကွင်းကမှန်ကြည့်ရင်း သူ့ဆံပင်တွေကို လက်ငါးချောင်းနှင့် ဟိုဖွဒီဖွလုပ်သည်။

"အခုမှ မင်းကို ခိုင်းရမဲ့အလုပ် သေချာရှာတွေ့သွားတာ"

"ဘယ်လို"

အပြာရောင်က စက်ကွင်းနောက်မှာရပ်နေပေမဲ့ မှန်ရှေ့မှာမို့ သူ့မျက်နှာကိုယ့်မျက်နှာ အားလုံးပြန်မြင်နေရသည်။ သူကတော့ အပြာရောင်ရဲ့ ဒေါသနှင့် အံ့သြခြင်းကို မျက်ခုံးပင့်၍ ချေဖျက်လိုက်၏။

"ဒီအိမ်မှာ မင်းက ဟိုကူလိုက် ဒီမှာဝိုင်းလုပ်လိုက်နဲ့ သေချာအမည်တပ်ပြစရာ ရာထူးမရှိဘူးမဟုတ်လား၊ အလုပ်သင်ဖြစ်နေတာကိုကြည့်ရတာ မျက်စိနောက်တယ်"

"ဒီမှာ"

ဒေါသနှင့် အပြာရောင် ဖြတ်အော်တာကို သူက လက်ကာတားသည်။

"အခုမှ ရာထူးတစ်ခုနဲ့ အလုပ်အတည်တကျရသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကို ဝမ်းမသာဘဲ အလုပ်ရှင်ကို ပြန်အော်တာလည်း တော်တော်ရိုင်းတဲ့အထဲမှာပါတယ်နော်''

''အဲဒါ ရှင့်ကြောင့်''

''တော်ပြီ''

''ကဲ…စည္ပ်တော့၊ ပြီးရင် မျက်နှာသေးမယ်၊ လက်သည်း ခြေသည်း ပုံသွင်းမယ်၊ ခြော် ဆံပင်ကို မဟော်ဂနီရောင်ပါးပါးလေး ဆိုးပေး၊ အိုကေ''

''မအိုကေပေမဲ့ အိုကေရတော့မှာပေါ့''

အပြာရောင်က ဆောင့်အောင့်ပြောရင်း စက်ကွင်းကိုယ်ပေါ်အဝတ်စကြီး လွှမ်းခြုံပေးသည်။ သူမကိုယ်တိုင်လည်း လက်နှစ်ဖက်လျှိုသွင်းဝတ်ရတဲ့ ရင်ဘတ်ရှေ့ကာဇာကို ခါးကြိုးစည်းလိုက်ပြီး သူ့ဆံပင်တွေကို ရေဖျန်း၍ညှပ်သည်။

''သိပ်ပြီးညှပ်ချင်လွန်းလို့တော့ မဟုတ်ဘူးနော်၊ ဒါပေမဲ့ ဒီလိုဆိုင်ခန်းမျိုးလေး ကိုယ်တိုင်ဖွင့်ချင်နေတာကြာပြီ၊ မေမေက ဖွင့်မပေးလို့''

''ဘာလို့မဖွင့်ပေးတာလဲ''





စက်ကွင်း စိတ်ဝင်တစားမေးမိသည်။ အပြာရောင်ချမ်းသာမှန်းလည်း စက်ကွင်းသိသည်။

မိသားစုထဲ အလိုလိုက်ခံထားရကာ အမေတစ်ယောက်ကိုသာ ကြောက်မှန်းလည်း သူသိသားပြီးသား။ သို့ပေမဲ့ စိတ်လိုလက်ရ သူမရင်ဖွင့်တဲ့အခါ နားထောင်ကြည့်ချင်သေးသည်။ အပြာရောင်ကတော့ စက်ကွင်း ဘာဖြစ်လို့မေးမှန်းလည်းမသိ.. သူမအရှိန်နှင့်ဆက်ပြောနေ၏။

''ဖေဖေနဲ့ ဘွားက ဖွင့်ပေးချင်တယ်၊ မေမေကအပြာရောင်ကို မယုံကြည်လို့တဲ့၊ ပြီးတော့ ဆိုင်ဖွင့်ပြီး ပိုက်ဆံရှာစရာမလိုဘူးတဲ့''

ပြောရင်းက အပြာရောင် အသံလေးတွေ အဖျားခတ်မှာတုန်ယင်သွားကာ မျက်ဝန်းအိမ်အပြည့် မျက်ရည်တွေ ဝေ့တက်လာတာလည်း မှန်ထဲမှတစ်ဆင့် သူမြင်နေရ၏။

''ပိုက်ဆံရှာတော့ရော ညည်းအချိုးနဲ့ ဘယ်လောက်ဝင်မှာမို့လို့လဲ၊ အလကား ဆိုင်ဖွင့်ပြီးကစားချင်နေတာ၊ အခုလည်း ညည်းစိတ်ရှိတိုင်း သုံးနေရတာပဲမဟုတ်လား၊ မိဘကို ဖေါ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် တစ်မျိုး ဒုက္ခပေးဖို့ကြံစည်နေတာ''

စွပ်စွဲခဲ့တဲ့ မေမေဟာ အခုစေ့စပ်ပွဲက ပျောက်သွားတဲ့ အပြာရောင်ကို ဘယ်လောက်တောင် ဒေါသထွက်နေမလဲ။

အပြာရောင် တွေးတောင်မတွေးရဲပါ။ အရှက်ကွဲခြင်းတွေကို တမင်ဖန်တီးနေပါတယ်လို့ စွပ်စွဲခံထားရသမျှ အပြာရောင် ဘာပဲလုပ်လုပ် အကောင်းမမြင်တော့သောကြောင့် အပြာရောင်တို့ သားအမိက အရွဲ့တိုက်ခြင်း၊ ထိန်းချုပ်ခြင်းဖြင့် အပြိုင်ပြေးခဲ့ကြသော မျဉ်းနှစ်ကြောင်းလို ဖြစ်နေ၏။

''တစ်နေ့တာ နေ့သင်တန်းတွေတက်ရင်း အပျော်ရည်းစား တွေလျှောက်ထားပစ်တာ၊ အပြာရောင် မေမေ့ကိုရွဲ့ခဲ့တာလေ၊ အလုပ် လုပ်မယ်ဆိုတော့ ဘာတတ်လို့လဲတဲ့၊ တတ်အောင်သင်တန်းတွေ တက်တော့ အလကား အလေလိုက်နေတာတဲ့၊ အဲဒီ ဆူပူကြိမ်း မောင်းမှုတွေကြားထဲ အပြာရောင်နေခဲ့ရတာ ဒီတစ်သက်ပဲ''

အပြာရောင် ပြောရင်းက ကတ်ကြေးကိုင်ထားသော လက်ဖနောင့်ဖြင့် မျက်ရည်တွေကို ပွတ်ဆွဲသုတ်သည်။

''အပြာရောင် ဆိုးခဲ့တာမှန်ပေမဲ့ တစ်ခါလောက်တော့





သားသမီးစကားကို မေမေယုံကြည်ပေးသင့်တယ်ထင်တာပဲ၊ အခု ပြဿနာအကြောင်းလည်း အပြာရောင်က ရင်ဖွင့်မလို့ကို ပြောမယ် ကြံတာတောင် မပြောနဲ့တဲ့''

စက်ကွင်းမှာ နှုတ်ခမ်းလေးမဲ့ကွေးကျကာ ရှိုက်သံတွေ ဗလုံးဗထွေးဖြစ်နေတဲ့ သူမကိုကြည့်ရင်း ရင်ထဲမှာ ကရုဏာတွေ ရော မြတ်နိုးတာတွေရော ရောထွေးကာ တောင်ပို့ကြီးတစ်ခုလို မို့မောက်မြင့်တက်လာသည်။

စက်ကွင်းနှလုံးသားတစ်ခုလုံး မွှန်းကြပ် တိုးကြိတ်လျက် တဒိတ်ဒိတ်ဆောင့်ခုန်နေ၏။ ဖြစ်ခွင့်ရမယ်ဆိုရင် သူမကို ရင်ခွင်ထဲ ထွေးပွေ့နှစ်သိမ့်ခြင်းပေးချင်ပေမဲ့ အပြာရောင်နဲ့ သူက ဘာမှ မသက်ဆိုင်။

''ဆောရီး…အပြာရောင်က သက်သက်အနှောင့်အယှက် ပေးသလို ဖြစ်သွားပြီ''

''ရပါတယ်''

သက်ပြင်းတစ်ချက်ရှိုက်ရင်း စက်ကွင်းက ပြောလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရင် မင်းကို ပလာဇာလိုက်ပို့မလို့ စိတ်ကူးထားတယ်"

"ဟယ်…တကယ်"

ကြည့်…အခုတော့လည်း မျက်ဝန်းတွေက အရောင်ပြောင်းတာက မျက်ရည်ကြောင့်မဟုတ်ဘဲ ပျော်ရွှင်ခြင်းကြောင့်ဖြစ်သည်။

"မင်းအတွက် လိုတာတွေဝယ်ပေါ့၊ ငါ ဒီနေ့အားတယ်၊ ဆံပင်ညှပ်ခအတွက် လက်ဆောင်ပြန်ပေးတဲ့သဘော"

သူပြောသောအခါ သူမက ပါးမို့တွေ ရဲတက်အောင်ရယ်ချတာ ဟက်ဟက်ပက်ပက်။ သူမကို မရယ်စေချင်ပေမဲ့ ရယ်နေတာကို မြင်ချင်၏။ ရယ်လိုက်တိုင်း ချစ်စရာကောင်းသော မျက်နှာလေးအား ကိုယ့်လိုချစ်သွားကြမှာစိုးတဲ့စိတ်က သဝန်တိုခြင်းလားဘာလားမသိ။

မင်း…ငါ့တစ်ယောက်တည်းရှေ့မှာပဲ ရယ်တာကောင်းလိမ့်မယ် အပြောရောင်။

ᄀ ᄀ ᄀ



## အခန်း (၁၉)

"ပြန်ကြရအောင်"

"ဟင့်အင်း…မရောက်တာကြာပြီ လျှောက်ကြည့်ချင်သေးတယ်"

စက်ကွင်းက ပြန်ရအောင်ပြောတိုင်း အပြာရောင်က ငြင်းဆန်ခဲ့တာဖြစ်သည်။ မြေညီထပ်ကဆိုင်တချို့ သိမ်းဆည်းနေကာ အချို့ဆို သံတံခါးကြီးတွေတောင် ပိတ်ထား ပြီးပြီဖြစ်သည်။ ဆိုင်တွေအားလုံး ပိတ်ကုန်ပြီလို့သူပြောသည်။

"လာပါ…ရှင် ဒီကဆိုင်တွေအကြောင်း မသိသေးပါဘူး၊ ဒီမယ် အပေါ်ထပ်မှာဖွင့်တုံးပဲ၊ မရောက်တာကြာပြီ ဦးစက်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းရဲ့၊ ရောက်တုံးရောက်ခိုက် ဘယ်ပစ္စည်းတွေ အသစ်ပေါ်
တယ်၊ ဘာတွေရောက်နေတယ်ဆိုတာ ကြည့်ရအောင်၊ တစ်ခါ
ထွက်တာပဲ တစ်ခါတည်းအဝကြည့်သွားမယ်၊ ရှင်နဲ့က တ
တစ်ကြိမ်ရောက်ဖို့ဆိုတာ ကျိန်းသေတာမဟုတ်ဘူး''

သူမပြောတာလည်း ဟုတ်သလိုလိုရှိသားဆိုပြီး စက်
ငြိမ်နေလိုက်သည်။ တကယ်ဆို သူမကိုသနားတာလည်းပါသ
မနေ့ကထုတ်သော သတင်းစာမှာ သူမအမည်၊ မှတ်ပုံတင်အ
နှင့်အတူ သမီးဖြစ်သူမှ အမွေပြတ်စွန့်လွှတ်ခြင်းသတင်းကို သူ
လိုက်ရ၏။

''မိဘစကားနားမထောင်ခြင်း၊ မိဘကိုအရှက်ရ
ပြုလုပ်ခြင်းတဲ့၊ ဆရာ သူ့မိဘတွေက အပြာရောင်ကို တော်
အထင်လွဲနေကြတဲ့ပုံပဲ၊ အပြာရောင်နဲ့ဆရာ့အကြောင်းလည်း ဘ
အတိအကျမသိကြဘူးနဲ့တူတယ်''

ကိုထွန်းဇော်က တွေးတွေးဆဆနှင့် ပြောသည်။
ဘက်တော်သားလုံးလုံး ဖြစ်နေသူက မရွှေစာ။

''သူ့အိမ်က အပြာရောင်ကို လူဆိုးမလေးလို့ ထ





င်မယ်ပေါ့နော်၊ ဒါပေမဲ့ အပြာရောင်က အဲဒီလိုတော့မဟုတ်ပါ
ဘူး၊ လိမ္မာပါတယ်၊ ထင်ရာစိုင်းတတ်တာလေးနဲ့ ရွဲ့တတ်တာလေး
ရှိတာ နော် ကိုထွန်းဇော်''

ယောက်ျားဖြစ်သူကိုတောင် အဖော်ညှိသေးတာ။ စက်ကွင်း
ည်း အဲဒီလိုပဲမြင်သည်။ လူငယ်သဘာဝ လွတ်လပ်ခြင်းနှင့်
ဆွဲရှင်စွာပေါ့ပါးခြင်းတို့တော့ ရှိမည်ပေါ့။ ဒါပေမဲ့ ထိုအရာတွေ
ာ ရိုင်းစိုင်းခြင်းဘက်သို့ ရောက်မသွားလျှင်ပြီးတာပဲမဟုတ်လား။

''ဟော…ဦးစက်ကွင်း''

အလန့်တကြားခေါ်ကာ သူ့အတွေးနဲ့သူ လျှောက်သွားနေ
သာ အပြာရောင်အား လက်မောင်းကနေ ဖမ်းဆွဲသည်။ စက်ကွင်း
ဘက်နှစ်ဖက်မှာလည်း သူမဝယ်သမျှ အိတ်တွေကို တစ်ဝက်ခွဲ
ဆွဲသယ်ထားပေးရကာ သူမမှာလည်း မနိုင်မနင်းနှင့် ဒါကိုတောင်
ဘက်ဆွဲပြီး ဘာထပ်ပူဆာဦးမလဲမသိ။

''ပြော''

စက်ကွင်းက ပြတ်ပြတ်ပဲမေးသည်။ ဝတ်လာတာက
သူ့နောက်လိုက်လာတုံးကအတိုင်း ကို့ယို့ကားယားကို မေးငေါ့ထိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ မွှေးပွဲအရုပ်တွေရောင်းသည့် အရုပ်ဆိုင်ဆီရောက်သွား၏

"ဟိုကခွေးရုပ်ကြီး ဝယ်ပေးပါလားဟင်၊ အဟွန်း မနက်ဖြန်ကျရင် ဖု(ထ်)မာဆတ်(ချ်) ကောင်းကောင်းလေး ထပ်လုပ်ပေးမယ်လေ"

သူ အပြာရောင်မျက်နှာကို စိုက်ကြည့်သည်။

အင်း…အလဲအလှယ်ကတော့ စိတ်ဝင်စားစရာကောင်းပြီ။ ခြေထောက်တွေ နှိပ်ပေးမယ်ဆိုတော့လည်း ဗိမ်ခံရမည့်အရေးတွေးပြီး သူမငြင်းတော့။

အဖြူပေါ် အနက်ရောင်အစက်တွေပါသည့် ခွေးကြီးက မျက်လုံးနီနီနှင့် တကယ့်ခွေးတစ်ကောင်လို အသက်ဝင်လျက်ရှိသည်။ အပြန်လမ်းမှာတော့ သူ့ကို အိတ်တွေစုပြုပေးပြီး သူမက စက်ကွင်း နောက်နားကျကျမှာ ခွေးတစ်ကောင်နှင့် ပျော်တပြုံးပြုံး။ စက်ကွင်းက ကားဆီအရင်သွား၍ တံခါးဖွင့်ကာ အိတ်တွေကို အကုန်ထည့်ပြီး ဒီဘက်ကိုလှည့်သည်။

"ဟင်…ရှင်…ရှင်တို့ လွှတ်…လွှတ်နော်"

စူးစူးဝါးဝါးအော်သံက ကားပါကင်ဝင်းထဲ ဟိန်းထွက်





သွားသည်။ စက်ကွင်း အလန့်တကြား နောက်လှည့်ကြည့်တော့ အပြာရောင်ကို လမ်းသရဲဆန်ဆန်ဝတ်ထားတဲ့ ကောင်နှစ်ကောင်က တစ်ဖက်တစ်ချက်ဆီ ဝိုင်းဆွဲနေကာ အပြာရောင်က အလယ်မှ အတင်းခြေကန်ပြီး ရုန်းနေသည်။

၂၅

"အပြာရောင်"

"ဦးစက်ကွင်း"

"ဟေ့ကောင်တွေ ဒီကိုဆွဲခေါ်ခဲ့၊ မြန်မြန် တခြားလူတွေ မြင်ကုန်မယ်"

"ဟိတ်လူတွေ ဒါဘာလုပ်တာလဲ"

"အပြာရောင်ကို လွှတ်စမ်း"

တစ်ဖက်မှာ တံခါးဆွဲဖွင့်ထားတဲ့ တောင်းအေ့(စ်)ကားပေါ်မှ ကွန်ဒိုပေါ်က လူသတ်သမား။ စက်ကွင်း တခြားစဉ်းစားစရာမလိုတော့။

ဒါ အန္တရာယ်ရဲ့ အငွေ့အသက်မှန်း သူသိလိုက်ပြီ။ ကားတံခါးကို ချက်ချင်းပြန်ပိတ်လိုက်တော့ ဘာပစ္စည်းမှမရှိတော့တဲ့ သူ့လက်ဂဏ လွှတ်လွှတ်ကျွတ်ကျွတ်။ စက်ကွင်းက



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဆွဲခေါ်နေတဲ့လူဆီ ခြေကန်ချက်တစ်ချက် ပစ်သွင်းသည်။

တစ်ဖက်လူ ယိုင်ထွက်သွားတာနဲ့ လွတ်ထွက်သွားတဲ့ သူမလက် တစ်ဖက်ကို လှမ်းဆွဲတော့ တခြားတစ်ယောက်က အလိုလိုတွဲရက် သားကြီး ပါလာတာကို စက်ကွင်းက ခြေဖျားနှင့် ပေးဖျားဆီ လှမ်းခတ်ပစ်သည်။ မိမိရရကြီး ကန်ချက်မိသွားတာနဲ့ တစ်ဖက်လူ ကြယ်တွေလတွေမြင်သွားချိန်မှာပဲ စက်ကွင်းက အပြာရောင်ကို ဆွဲ၍ပြေးသည်။

"ဟောကောင်တွေ လာခဲ့၊ ခြေထောက်နဲ့လိုက်မနေနဲ့ ကားနဲ့ အမီလိုက်မယ်"

"အပြာရောင် မြန်မြန်ပြေး"

"ဟုတ်ကဲ့"

နောက်ကစကားသံတွေ ကြားတာနဲ့ စက်ကွင်းက ကားပါကင်ဝင်းအပြင်ဘက် ပြေးထွက်ကာ လမ်းမကြီးပေါ်ရှိ ဥဒဟိုသွားနေသော တက္ကစီကို ဖမ်းတားသည်။ ရပ်သွားသော တက္ကစီပေါ် အပြာရောင်ကို အရင်ထိုးကြိတ်တင်ပြီးမှ သူပါဝင်ထိုင်သည်။

"မောင်းပေးပါ…မြန်မြန်လေး"





"သြော်…အေး…အေး"

ကားက ဝေါခနဲပြေးသွားသည်။ နောက်မှ အညိုရောင် တောင်းအော့(စ်)ကားကလည်း မျက်ခြေပြတ်မခံဘဲ နောက်ကလိုက်လာ၏။

"နေဦးလေကွ…မောင်းတာတော့ ဟုတ်ပါပြီ၊ ငါက ဘယ်ကိုမောင်းရမှာလဲ၊ ဘယ်သွားကြမှာလဲ"

ဒရိုင်ဘာဦးလေးကြီးကမေးမှ နောက်ဘက်ဆီ စိုးရိမ်တကြီး လှည့်ကြည့်နေသော နှစ်ယောက်စလုံး မျက်နှာက ရှေ့ဘက်သို့ ပြန်လှည့်လာသည်။ စက်ကွင်းက ဘောင်းဘီအိတ်ထဲမှ ဝေါလက်ကို ဆွဲထုတ်ရင်း တစ်သောင်းတန်တစ်ရွက်ကို ထုတ်ပြီး ဒရိုင်ဘာ အိတ်ထဲ ထိုးထည့်ပေးသည်။

"ဒီမှာဦးလေး နောက်ကြည့်မှန်ကကြည့်လိုက်"

"အေး…ကြည့်ပြီ"

"ဟိုကားတစ်စီးကျော်မှာ အညိုရောင်တောင်းအော့ တွေ့လား"

"အေး…တွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကားကို မျက်ခြေပြတ်အောင်မောင်းပေး ဘယ်ရောက်ရောက်ဗျာ"

စက်ကွင်းပြောတော့ ဒရိုင်ဘာဦးလေးကြီးက သူတို့နှစ်ယောက်ကို အရင်ကြည့်သည်။ ပြီးမှ နောက်ကကားကို လှမ်းကြည့်သည်။

"ဟုတ်ပြီ…ဒီလောက်ဆို ငါသဘောပေါက်ပြီ၊ ဒီလိုပဲကွ မိဘနဲ့သားသမီးကြားက ကွဲလွဲမှုဆိုတာ၊ ခေတ်အဆက်ဆက်ရဲ့ ယဉ်ကျေးမှုလို့တောင် ပြောလို့ရနေပါပြီ၊ စိတ်ချ မောင်ရင်တို့ အဲဒီကားအညိုရဲ့စက်ကွင်းကလည်း လွတ်ရမယ်၊ အေးအေးဆေးဆေး လည်းရှိမဲ့နေရာကို ဦးလေးလိုက်ပို့ပေးမယ်"

လိမ္မော်ရောင်ကောင်းကင်က အရောင်ချက်ချင်းဖျော့ကျကာ ဝန်းကျင်တစ်ခုလုံး လူတို့အစားထိုးသော မာကျူရီမီးရောင်က လင်းလက်လာ၏။ စက်ကွင်းနှင့် အပြာရောင်ရဲ့ ရင်ထဲမှာတော့ တခြားဘာမှသတိမရအောင် စိုးရိမ်ခြင်းအမှောင်ထုက ကြီးစိုးလျက်။



## အခန်း (၂၀)

"အစောကြီးကတည်းက ကွဲကွဲပြားပြားမှမပြောတာ"

"ဩော်…ပြောရအောင် အသည်းအသန်ပြေးခဲ့ရတာလေ၊ အဲဒီတုံးကတော့ ကယ်ပါယူပါ တစာစာနဲ့ အော်နေပြီးမှ"

"ဘယ်သူကအော်လို့လဲ"

"မင်းလေ"

"လာအော်မနေပါနဲ့"

အပြာရောင်က ခုတင်ပေါ်မှာ စိတ်ပျက်လက်ပျက်ထိုင်နေသည်။ စက်ကွင်းက ပြတင်းပေါက်နားမှာ လိုက်ကာကို အသာလေး ဟကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကား ရန်ကုန်ပြန်မသွားသေးတာ သေချာတယ်"

တစ်ယောက်တည်း ရေရွတ်သလိုပြောသည်။ အပြာရောင်ကတော့ တည်းခိုခန်းဆိုတဲ့ အခန်းပတ်ဝန်းကျင်ကို မျက်လုံးကစားသည်။

အဖြူရောင်နံရံ၊ အဖြူရောင်လိုက်ကာ၊ အဖြူရောင် အိပ်ရာခင်းတွေနှင့် သန့်စင်ခြင်းဆောင်ပေမဲ့ ရင်ထဲမသန့်စင်နိုင်တာတော့ သူမကိုယ်တိုင်အသိဆုံးဖြစ်သည်။ တစ်လမ်းလုံး အနောက်ကကားကို အာရုံစိုက်နေသဖြင့် ရန်ကုန်မြို့တွင်းက ထွက်လာတာတောင် သူမတို့မသိတဲ့အဖြစ်။ တောင်အနေ့ကားကို မတွေ့တော့မှ သက်ပြင်းချပြီး ကိုယ့်ကားရပ်ရာနေရာကိုကြည့်သည်။

"ရွှေဂဟေဆက်"

တည်းခိုရိပ်သာ။

ဆိုင်းဘုတ်ကြီးက ပြုံးပြနေတာများ အပြာရောင်တို့အသက်ရှူတောင်ရပ်သွားသလား ထင်သည်။

"ဒီ…တည်းခိုခန်းက"

မေးရန်စကားက ဆုံးခန်းတိုင်မရောက်ခဲ့။ ဒရိုင်ဘာဦးလေး





ကြီးက သူမဘက်ကတံခါးကို အရင်ဆင်းဖွင့်ပေးသည်။

"ဆင်း…ကလေးမ"

အပြာရောင်က အံ့သြသွား၏။

"ဆင်းပြီးဘာလုပ်ရမှာလဲ"

အပြာရောင် အူကြောင်ကြောင်ပြန်မေးသည်။

"ဒီလိုပဲဖြစ်တတ်ပါတယ်၊ နိုးရာလိုက်ပြေးခါစဆိုတော့ မရဲသေးဘူးပေါ့၊ ယောကောင်လေး ဆင်းပါကွ၊ မင်းကဦးဆောင်ရမဲ့ ဥစ္စာ"

"ဗျာ"

"မင်းက ယောကျ်ားကွ၊ အူကြောင်ကြောင်လုပ်မနေနဲ့"

အပြာရောင်ဘေးမှာထိုင်နေသော စက်ကွင်းကို အဘင်းကြီး ခေါ်ချသည်။ ပြီးတော့ ခြိမ်းခြောက်လိုက်သေး၏။

"မင်းတို့မိဘတွေရဲ့ကားက ဒီမြို့အဝင်မှာ ပြတ်ကျန်ခဲ့တာနော်၊ အခုနေ မြန်မြန်ဆင်းပြီးပုန်းနေကြ၊ တော်ကြာ ပြန်တွေ့သွားမှ ဘာမှမဘာရဘဲ အသည်းကွဲသွားဦးမယ်"

ထိုစကားကြောင့် အပြာရောင်လည်း ကားပေါ်မှဆင်းရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ရောက်နေတာက ရန်ကုန်နဲ့ မနီးမဝေးဆိုပေမဲ့ ကိုယ့်ကားလည်းမပါ။

ညကြီးမင်းကြီးမှာ ရန်ကုန်ပြန်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အခြေအနေ။ ဒီကြားထဲ ဟိုလူသတ်သမားတွေရဲ့ရန်က ရှိသေးသည်။ သူတို့က ဒီမြို့ထဲက မထွက်သေးဘူးဆိုတော့ အပြာရောင်က ဒူးနှစ်ဖက်ကို ရင်ခွင်ထဲပွေ့ပိုက်ထားလိုက်၏။

"ကျစ်…ကိုယ့်ကားရှိရက်နဲ့ တက္ကစီနဲ့ပြေးရတယ်လို့"

အပြာရောင်မှ ရေရွတ်သံက တစ်ယောက်တည်းကြားသာရုံပေမဲ့ အဆုံးသတ်မှာ မျက်စောင်းက စက်ကွင်းထံ ပျံ့ဝဲပြေးထွက်သွားသည်။ စက်ကွင်းက ဆိုဖာမှာ ခပ်လျောလျောမှီထိုင်နေရင်းက သူမမျက်စောင်းကြောင့် အသက်ဝင်လာသလိုရှိကာ ဆတ်ခနဲကိုယ်ကိုပတ်ထိုင်သည်။

"ရှူးနေလား မင်းက"

ကြည့်စမ်း နှစ်ယောက်တည်းရှိတာကို ဒင်းက အရင်စရန်ထောင်တာဖြစ်သည်။ ဒါမျိုးဆို အပွဲပွဲနွှဲလာသော အပြာရောင်တို့က သည်းမခံတတ်ပေ။





"ဘာကိစ္စရှူးရမှာလဲ၊ ရှူးတာကရှင်"

"ငါက ဟုတ်လား"

"ဟုတ်တယ်"

"ဟ…ငါ့ကားနဲ့ထွက်ပြေးမှာတော့ ဒီကောင်တွေ ငါ့ကားနံပါတ်မှတ်မယ်၊ အဲဒီကမှ ဟစ်စရီကိုလိုက်ရင် ငါ့အိမ်၊ ငါ့အလုပ်အကုန်သိသွားမှာပေါ့၊ မင်းနည်းနည်းစဉ်းစားလေ၊ ဘွန်း ဒါမျိုးပေါ့ ဘုန်းကြီးအမှုရှာပတ်ဆိုတာ"

"ပတ်မှာပဲ…ရှင် ကိုယ်လွတ်ရုန်းပြီး ပြေးကြည့် ကျွန်မက အဲဒီလူတွေကို ပခုံးတို့ပြီးသွားပြောမှာစိတ်ချ၊ ရှင်လူသတ်တာကို သူပါသိနေပါတယ်လို့"

"ဟွန့်…ပခုံးတို့ချိန်တောင်မရဘူး ဟိုက အရိုးတခြား အသားတခြား"

"ရှင်နော်…စကားကိုကြည့်ပြော"

"ကြည့်ပြောနေတာပဲ"

"ရှင်"

အပြာရောင်က ခေါသမွန်ပြီး ခုတင်ပေါ်က ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းသည်။ ထိုအခိုက် တစ်ခန်းလုံးလင်းကျင်းနေသော မီးထ[illegible]
ဖျတ်ခနဲမှိတ်ကျသွား၏။

"အမေ့...လာပြီနဲ့တူတယ်"

အပြာရောင်က မှောင်နှင့်မည်းမည်းမှာပင် စက်ကွင်းခါ[illegible]
ကို ပြေးဖက်သည်။ ပြတင်းပေါက်မှတစ်ဆင့် တိုးဝင်လာသော
လရောင်ကြောင့် တစ်ခဏအတွင်း အခန်းတွင်းကိုမြင်ရသေ[illegible]
အပြာရောင်က သူ့ကိုဖက်ထားသောလက်အား မလွှတ်။

"သေချာတယ် အပြာရောင်တို့ ဒီမှာရှိတာသိသွားလို့
မီးဖြတ်ပြီးလာတာနေမှာ၊ ရှင် ဘယ်လိုလုပ်မလဲဟင်၊ အပြာရောင်ကို
ထွက်ပြေးရင်ကောင်းမလား၊ ရှင် အပြာရောင်ကို တစ်ယောက်တည်း
တော့ မထားခဲ့ပါနဲ့နော်၊ ထားခဲ့ရင်လည်း ရှင်ပါမြင်တယ်လို့
အပြာရောင်ကပြောမှာ၊ မယုံရင်ထားခဲ့ကြည့်"

ကြောက်လွန်းလို့ စက်ကွင်းရင်ခွင်ထဲဝင်ပုန်းနေပြီး ပုန်းရင်း
ကပဲ လာခြိမ်းခြောက်နေတဲ့သူမကြောင့် စက်ကွင်းမှာ ရယ်လည်း
ရယ်ချင် စိတ်လည်းရှုပ်စွာ နဖူးပြင်ကို လက်ဖဝါးနှင့် ဆွဲပွတ်သည်။

"နေပါဦး...မင်းကိုဘယ်သူက ထားခဲ့မယ်ပြောလဲ"





မေးလိုက်မှ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ငြိမ်ကျသွား
သည်။ စက်ကွင်းက အပေါ်မှ စီးမိုးမြင်နေရသော မျက်တောင်ရှည်
တွေနှင့် နှာသီးဖျားလေး။ ထို့နောက် ခပ်စူစူနှုတ်ခမ်းတွေကိုကြည့်
ရင်း ရင်ထဲဘာဖြစ်လာမှန်းမသိဘဲ ကတုန်ကယင်ကြီး ဖြစ်လာရ
သည်။

ကိုယ့်ရင်ခွင်ထဲ သူမရောက်နေတာ အခုမှမဟုတ်ပေမဲ့
သတိထားမိတဲ့အချိန်မှာ ရင်ခုန်သံတွေ ကသောင်းကနင်းဖြစ်လာတာ
လည်း ထိန်းသိမ်းမရခဲ့။ စက်ကွင်းက မေးဖျားကနေ သူမမျက်နှာ
လေးပင့်မော့တော့ ကြောက်လန့်တကြား မျက်ဝန်းတွေက မှောင်ထဲ
မှာတောင် အရောင်တလက်လက် တောက်ပဆဲဖြစ်သည်။

"မင်းကို မထားခဲ့ဘူး၊ အမြဲ ကိုယ့်အနားမှာထားမယ်၊
ဒါပေမဲ့ မင်း ကိုယ့်ကို တစ်ခုတော့ပြန်ပေးရမယ်"

"ဘာပေးရမှာလဲ ပိုက်ဆံလား"

"မဟုတ်ဘူး...ဒါ"

"စက်ကွင်း...ရှင်နော်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် စကားသံတွေ ဒီနေရာမှာပဲ တိတ်ကျသွားသည်။ အခန်းထဲ မီးမှောင်နေသလို သူမမျက်ဝန်းတွေကို သူနမ်းလိုက်တော့ အပြာရောင် အသိတရားတွေပါ ဖျတ်ခနဲ အမှောင်ကျသွား၏။

ချစ်ခြင်းတရားက ဆင်ခြင်နိုင်စွမ်းကို ဖြုန်(စ်)ပျက်စေသည် ဆိုလျှင် ထပ်ဆင့်ကဲလာသော အနမ်းတွေကြားမှ အပြာရောင်အတွက် ဖြုန်(စ်)ပျက်ခဲ့တာ ဆင်ခြင်တုံတရားမဟုတ်တဲ့ နှလုံးသားပါ အမှောင်ထုထဲ ပြုတ်ကျခဲ့ပေမဲ့ သူမသတိရနေခဲ့တာတော့ ပန်းနုရောင်လွင်ပြင်ထဲ သူနဲ့ကိုယ်နှစ်ယောက်တည်း။



## အခန်း (၂၃)

"ကျွန်တော်တို့ တကယ့်ကိုစိတ်ပူသွားတာ"

ကိုထွန်းဇော်က အရင်စပြောသည်။

"ဟုတ်တယ်...တစ်ညလုံးပြန်မလာကြတော့၊ အပြာရောင် ဘာဖြစ်တာလဲဟင်"

အတူတူဝင်လာတဲ့သူချင်း အပြာရောင်တစ်ယောက်တည်း ဆိုပဲ ကွက်မေးရသလား။ ညကအဖြစ်အပျက်ကို ပြန်သတိရတဲ့ အခါ အပြာရောင် သွေးကြောတွေထဲ ဖိုးခနဲ ဖျင်းခနဲဖြစ်သွားတာ တော့ ဝန်ခံရပါမည်။

ရှက်စိတ်သည် လူတစ်ကိုယ်လုံးကို ဝါးမျို ပစ်လိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားရကာ နတ်ကျသလို တဆတ်ဆတ်တုန်ယင် လာတ
ထိန်းမရ။ အနမ်းတွေဖြန့်ကျက်နေရာယူသွားခဲ့သော သူ
မျက်နှာပြင်က ထိခိုက်ကြေမွတတ်သော ပန်းတစ်ခင်းဖြစ်သည်

"ဆောရီး"

တောင်းပန်သံ။ ပြီးတော့ အမှောင်ထုကြီးထဲ အပြာရောင်
ထားခဲ့ကာ အခန်းအပြင်သို့ သူထွက်သွားခဲ့လေသည်။ အချစ်
ချစ်ပြီးမှ အဲဒီလိုဘွာခတ်ရစတမ်းလား။

အားကိုးတကြီး ဖက်တွယ်ခဲ့သည်။ သူကလည်း အသ
တကြည် ခွင့်ပြုခဲ့ပြီးမှ အလစ်အငိုက်မှ ချန်ထားရစ်သောသူ
စောင့်စည်းတတ်သူဆိုပြီး ကြည်ညိုရမလား။ ရက်စက်သူလို့အပြ
စွပ်စွဲရမလား။ အတွေးအိမ်ထဲ တိုးကြည့်တာနဲ့ မီးနဲ့ပိုနီးလာသ
ပူလောင်ခြင်းကို ခံစားနေရသည်။ အပြာရောင်က လက်ထဲဆွဲထ
သော အိတ်တွေနှင့် ကြမ်းပြင်ပေါ် ချထားသော ခွေးရုပ်ကြီး
ကောက်ပွေ့လိုက်၏။

"အပြာရောင် နားချင်ပြီ"

အပြာရောင် ဘယ်သူ့မျက်နှာမှမကြည့်ဘဲ အိပ်ခန်း





တောက်လျှောက်တက်သွားခဲ့သည်။ အပြာရောင်မရှိတော့တာနှင့်
ရွှေစာတို့ လင်မယားရဲ့အကြည့်က စက်ကွင်းထံရောက်လာ၏။
ထိုထွန်းဇော်က စက်ကွင်းကိုပဲ မရဲတရဲကြည့်၏။

"ဆရာတို့ ရှော့ပင်(န်)ထွက်ရင်း တစ်ညလုံးရန်ဖြစ်လာ
တာတော့ မဟုတ်ပါဘူးနော်"

ရန်ဖြစ်တာထက်ဆိုးသော အဖြစ်အပျက်လို့ သူအော်ပြော
လိုက်ချင်သည်။ သို့ပေမဲ့ ထိုအရာတိုင်းသည် စိတ်တွင်းမှပဲဖြစ်
သည်။

"ကျွန်တော်လည်း နားချင်ပြီ၊ ဖုန်းလာရင် ခေါ်မပေးပါနဲ့"

"ဟုတ်ကဲ့ဆရာ"

ကျန်ရစ်တဲ့သူတွေကို စက်ကွင်းကျောခိုင်းခဲ့သည်။ အခန်း
တွင်းရောက်မှ ခေါင်းအုံးမှာမျက်နှာအပ်တော့ နွေးထွေးသော
အထိအတွေ့ကို သတိရသွားတဲ့အခါ ရင်တစ်ခုလုံး လှိုက်မောတုန်ခါ
လာသည်။

ချစ်၍အနမ်းဖြစ်သလား။ အနမ်းကြောင့် အချစ်ဖြစ်သလား။
သူ့အတွက်ကတော့ မရိုးသားခြင်းနှင့်စခဲ့သော ရင်ခုန်သံဟာ အခု



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာတော့ ထိန်းချုပ်ရခက်နေပြီဖြစ်၏။

"ခေါက်…ခေါက်…ဆရာ"

အပြင်မှတံခါးခေါက်သံကြောင့် စက်ကွင်း ခေါင်းထော

သွားရသည်။ ဒါ ကိုထွန်းဇော်ရဲ့ခေါ်သံ။ ဒီလူ ငါ နားတော့မ

ဆိုတာ မသိဘူးလား။ အလကားရတဲ့ခေါသတွေက အနားရှိတဲ့

အပေါ်ပဲ လိမ့်ထွက်နေ၏။

"လာပြီ"

သူက တံခါးနားသွားကာ ဆွဲဖွင့်ပေးလိုက်သည်။

"ကျွန်တော် နားမယ်ဆိုတာ"

စကားက တစ်ဝက်တပျက်မှာ ရပ်တန့်သွားရသည်

သူ့အခန်းဝမှာ ရပ်နေသူက ကိုထွန်းဇော်မဟုတ်ပါ။

"အ…ဘိုး"



# အခန်း (၂၂)

"မြေး"

"ဗျာ"

"သူလေးက ဘယ်သူလဲကွ"

"ဟို…အဲဒါက"

ဦးမိုးကျော်က ထမင်းဝိုင်းမှာ ပြင်ဆင်ပေးနေတဲ့ မရွှေစာ

တို့လင်မယားအပြင် အပြာရောင်ကို လှမ်းမေးသည်။ ရုတ်တရက်

မို့ မရွှေစာတို့လည်း ဘာဖြေရမှန်းမသိ။ ဆရာ့ထံသို့သာ လှမ်းကြည့်

ရသည်။ အပြာရောင်က ထမင်းပန်းကန်ကို အဘိုးရှေ့အရင်ချပေး

သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ အကျႌအင်္ကျီအားထပ်ဖြည့်ထားတာပါအတိုး"

"သြော်...သြော်"

ဦးမိုးကျော်က ဘာတစ်ခွန်းမှထပ်မပြောတော့။

"သမီးချယ်ရီ"

"လာပြီ အတိုး၊ ဒီမှာအတိုးအတွက် မြင်းခွာရွက်သုပ်လေး လုပ်နေလို့"

မီးဖိုခန်းထဲက မိန်းမအသံထွက်လာမှ အပြာရောင်က မျက်လုံးဝိုင်းခဲ့ဖြစ်သွားသည်။ တစ်နေကုန် စိတ်ညစ်ညစ်နဲ့ ထိုးအိပ်နေတာ ညနေစောင်းမှနိုးသည်။ နိုးလာလာချင်းလည်း အောက်ထပ်ဆင်းသင့်မဆင်းသင့် စဉ်းစားနေရင်းမှ မခံမရပ်နိုင်အောင် ဗိုက်ကအချက်ပြလာသဖြင့် အပြာရောင် ထမင်းစားခန်းထဲ ရောက်လာတာဖြစ်၏။

"ဆရာကြီးရောက်နေတယ် အပြာရောင်၊ လာ တစ်ခါတည်းထမင်းပွဲပြင်ရင်း လူလုံးပြလိုက်၊ ဘယ်လောက်ကြာကြာနေမယ်မှန်းမသိတော့ အပြာရောင် ပုန်းနေလို့လည်းမကောင်းဘူး"

မရွှေစာ ပြောတာကိုနာခံပြီး ထမင်းဝိုင်းဝင်ပြင်ပေးကာ





ပြောင်းလဲခြင်းကို မျက်ဝါးထင်ထင်တွေ့ရခြင်းဖြစ်သည်။ မရည်ရွယ်ပါဘဲ အပြာရောင်နဲ့သူ အကြည့်ချင်း ခလုတ်တိုက်ပြီးမှ ကပျာကယာပြန်လွှဲတော့လည်း အသည်းအသန်။

"လာပြီ...အတိုးရေ၊ ချယ်ရီက လက်စွမ်းဝင်ပြတာ၊ အပွန်း စက်ကွင်းကိုလည်း စားစေချင်လို့"

စက်ကွင်းတဲ့လား။ အခေါ်အဝေါ်ကို ကြည့်ခြင်းဖြင့် ရင်းနှီးမှုအတိုင်းအတာကို ခန့်မှန်း၍ရသည်။ အပြာရောင်က ဖန်ပန်းကန်ပြားလေးထဲ လှလှပပထည့်လာသည့် မြင်းခွာရွက်သုပ်နှင့်အပြိုင်ခါးနားအထိ ဆံပင်ရှည်ရှည်၊ မျက်တောင်ကော့ကော့မှာ ပုလဲရောင်နှစ်နေအောင်ဆိုးထားသော နှုတ်ခမ်းတွေက မိန်းမချင်းငေးကြည့်ချင်စရာကောင်းသည်။

ဗမာအင်္ကျီပေမဲ့ ဇာအပါးသားကို ရင်ဘတ်နား ဖြတ်ဆက်ထားကာ အပြာရင့်ရောင်ဝတ်ထားတာမို့ ဖြူသော အသားကပိုပေါ်လွင်၏။ အပြာရောင် ငေးကြည့်နေတုန်းမှာပဲ နေချယ်ရီဆိုတဲ့မိန်းမက မြင်းခွာရွက်သုပ်ကို စားပွဲအလယ်မှာ လှလှပပချပေး၏။

"ကဲ...မြည်းကြည့်ပါဦး အတိုးအကြိုက် ချဉ်ချဉ်လေး"



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ့်အကြိုက်ကရော”

ကိုယ်တဲ့။ အဲဒီအသုံးအနှုန်းကြောင့် အပြာရောင်ရင်ထဲ အောင့်ခနဲဖြစ်သွားသည်။ အပြာရောင်ကျတော့ ဒီလိုနူးညံ့ချိုသာသော စကားမျိုး အသုံးအနှုန်းမျိုးမပြောနဲ့ မင်းနဲ့ငါနဲ့က တစ်ပြားသားမှ မလျှော့။ ကြည့်တဲ့အကြည့်တောင် အမြဲတစေ စူးစူးရဲရဲ။

“စက်ကွင်းအကြိုက်က ဆီချက်များများနဲ့ ထည့်သုပ်ထားတယ်လေ၊ တကတည်း အတိုးကိုကြေးတိုက်နေတာ၊ ဟွန်း… မုန်းစရာ”

“တကယ်မုန်းလို့လား”

အတိုးကိုဘေးထားပြီး သူကမေးတော့ ချယ်ရီက မျက်စောင်းရွယ်သည်။

“မမုန်းဘူး…ချစ်တယ်၊ ကဲ ရှင်းပြီလား”

အပြာရောင် မျက်ဝန်းထဲ ပြာခနဲဖြစ်သွားကာ ရင်ထဲမှုန်မှိုင်းသွားတာက ဘယ်တော့မှ ပြန်မလင်းတော့သည့်အတိုင်း ရယ်သံချိုချိုတွေက နားထဲ သံရည်ပူလောင်းထည့်လိုက်သလို ဆူလောင်ပွက်သွား၏။





“ရော့…အပြာရောင် ငါးမန်တောင်ဟင်းချိုလေး သွားချပေးလိုက်”

“ဟုတ်ကဲ့”

မရွှေစာကမ်းပေးသော ပန်းကန်လုံးကိုမြင်ပေမဲ့ လက်ထဲ မိမိရရမကိုင်မိလိုက်ဘဲ လွတ်ကျသွား၏။

“ခွမ်း…ဖွမ်း”

“အမလေး”

“ဟယ်”

ကျကွဲသွားတဲ့အသံကြားမှ စိတ်နဲ့လူ တစ်ပေါင်းစည်းထဲ ပြန်ဖြစ်သွားသည်။

“အယ်…ကွဲသွားပြီ”

“နောက်ဆုတ်လိုက် အပြာရောင်၊ ခြေခံပေါ် အပူရည်တွေကျသွားပြီ”

“အပူလောင်ကုန်တော့မှာပဲ မရွှေစာရယ်၊ နင်ကလည်း သေချာထည့်မပေးဘူး”

“အောက်ကပန်းကန်ပြား ခံပေးရမှာကို ငါမှားတာပါ”



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ဝိုင်းလာသူတွေထဲမှာ အပြာရောင် တိတ်တဆိတ် မှျော်လင့်နေသူ ပါမလာခဲ့။

ခြေခုံပေါ်ပူခြင်းက နှလုံးသားအရည် ပျော်ခြင်းအား နှိုင်းနိုင်မည်တဲ့လား။ တွေးရင်း အပြာရောင် မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက်ကျလာခဲ့၏။ မီးမှောင်ထဲကတစ်ည။ အနမ်းနွေးနွေး တို့ဖြင့် သူမရှိသော အခန်းထဲမိုးလင်းခဲ့ရသည်။ ည တိုညရဲ့အမိပ္ပာယ် သတ်မှတ်ချက်ကို သူဖွင့်ဟလေမလားလို့ တွေးတိုင်း ကိုယ့်မှာ ရင်ခုန်သံတွေနဲ့ အလူးအလဲ ရန်ဖြစ်ရတာ ကိုယ့်ကိုယ်ကိုအသိဆုံး။ အခုတော့ သူ့မှာရှိခဲ့သော အချစ်က ကိုယ့်အတွက်မဟုတ်မှန်းသိတော့ အပြာရောင်ရင်ထဲ နင့်ခနဲဖြစ်သွား၏။

"ဟယ်…အပြာရောင် ငိုနေတယ်၊ အရမ်းပူသွားလို့လား ဟင်"

မျက်ရည်ပေါက်ပေါက်ကျနေရာက အပြာရောင် ခေါင်းခါသည်။

မရွှေစာက အပြာရောင်မျက်ရည်တွေကိုကြည့်ပြီး အလန့်တကြားမေးသည်။ အပြာရောင်က လက်ဖမိုးနှင့် မျက်ရည်တွေ





ပွတ်ဆွဲသုတ်လိုက်၏။

"ရပါတယ်၊ အပြာရောင် ဘာမှမဖြစ်ဘူး"

"မဟုတ်တာကွယ်၊ ဟင်းရည်ပူတွေ အပြာရောင့် ခြေထောက်ပေါ်မှောက်ကျတာပဲ ပူမှာပေါ့"

"လာ…လာ မရွှေစာ အပြာရောင်ခြေထောက်ကို ဆေးလူးပေးမယ်"

"အပြာရောင် ကိုယ့်ဟာကိုယ်ပဲလုပ်လိုက်ပါ့မယ် မရွှေစာ"

"အပြာရောင်"

နောက်ကိုလှည့်မကြည့်။

ပြောပြီး နာကျင်သောရင်ဘတ်ထဲက နှလုံးသားကို မချိမဆန့်သယ်ပိုးရင်း အပြာရောင် ထွက်လာခဲ့သည်။ စက်ကွင်းရင်ထဲမှာ အပြာရောင်အတွက် နေရာမရှိမှတော့ သူမမှာ မျှော်လင့်နားခိုရာဆိုတာ အခုတော့ နတ္ထိ။

ရှင့်ကို အပြာရောင်မုန်းပါရစေ စက်ကွင်းဆိုတဲ့သူရယ်။

ㄱ ㄱ ㄱ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ပြောစမ်းပါ…နှင့်မျက်လုံးတွေ မရှိးတော့တာငါသိတယ်"

"မိချယ်"

ချယ်ရီစကားအဆုံးမှာ စက်ကွင်းက ချယ်ရီ့နာမည်ကို လှမ်းခေါ်သည်။ စက်ကွင်းအကြောင်းကို သိနေသည့်ချယ်ရီက စက်ကွင်းကိုကြည့်ပြီး ရယ်သည်။

"နင်နဲ့အပြောရှောင်"

"တော်တော့လို့ဆိုနေ"

"ငါတကယ်ပြောတာ စက်ကွင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတကယ်လဲ"

"ဖြစ်ရပြန်ပြီ"

"နင်ဆရာဝန်မလုပ်နဲ့ မိချယ် ရှေ့နေလုပ်စား၊ လူကိုများ စစ်စစ်ပေါက်ပေါက်နဲ့ လျှောက်မေးနေတယ်"

"ဟဲ့…မေးရတာပေါ့"

ချယ်ရီက လမ်းလျှောက်နေရာမှ ပြုံးခနဲရပ်ပြီး စက်ကွင်းဘက် လှည့်ကြည့်သည်။

"နေရင်းထိုင်ရင်း ငါ့မှာ ဘာလိုလိုညာလိုလို အထင်ခံရသေးတယ်၊ တကတည်း ငါ့ဘဲကိုကြို့ချင်လို့ နင့်အိမ်ခဏလာတည်းပါတယ် လူကိုတွေ့တာနဲ့ တန်းခိုင်းတော့တာပဲ၊ နင်ဟာလေ ငယ်ကျင့်မပျောက်သေးဘူး"

ချယ်ရီက စက်ကွင်းနားသံယံစပ်က ဆံပင်ကို ဆောင့်ကာဆွဲပြီးပြောတော့ စက်ကွင်းက ရယ်ကျဲကျဲနှင့် ဒီတိုင်းငြိမ်နေလိုက်ရသည်။ ချယ်ရီက ဝီရနှင့်မောင်နှမဝမ်းကွဲ။ တောင်ကြီးမှာကတည်းက ငယ်သူငယ်ချင်းတွေဖြစ်ခဲ့ကြပြီး ဆယ်တန်းအောင်ပြီးမှ လိုင်းအသီးသီးကွဲကုန်ကြတာဖြစ်၏။

စိုးမိုး၀၁၇၆၀



ချယ်ရီနှင့်သူက ဆေးတက္ကသိုလ်ဝင်ပေမဲ့ သူက ရိုးရိုးဓေဂျာပဲယူကာ အဝေးသင်လျှောက်ခဲ့သည်။ ချယ်ရီကတော့ ဒေါက်တာဖြစ်မှ ချယ်ရီက သူမနှင့်အတန်းတူ ဒေါက်တာအုပ်စိုးနှင့်ချစ်သူတွေဖြစ်ကာ လက်ထပ်ရန်အတွက် ရည်ရွယ်ထားသူ။

"အတိုး…မြေးအိမ်မှာတည်းဖို့ ညှိသည်ပါတယ်ဟော့"

စက်ကွင်းကို တွေ့တွေ့ချင်း အတိုးပြောတုံးက သူ ချယ်ရီပါလာမည်ဟု မထင်ထားခဲ့။ ချယ်ရီကိုတွေ့တော့ ဝမ်းသာအားရဖြစ်တာထက် ငယ်သူငယ်ချင်းဆိုတဲ့အသိက သူတို့ကြားက အထိတ်နေ့ရက်တွေကို နွေးထွေးစွာ ပြန်အောက်မေ့စေ၏။

"ကိုအုပ်စိုးက L.A မှာ ဘွဲ့လွန်သွားတက်တာ၊ အဲဒါ ရှေ့တစ်ပတ်မန်းဒေးမှာ ပြန်လာမယ်တဲ့၊ ငါ ကိုအုပ်စိုးလည်းကြိုရင်း နင်နဲ့လည်းတွေ့ရအောင် အတိုးနဲ့လိုက်လာတာ"

ချယ်ရီ ပြောတုံးကတည်းက စက်ကွင်းအတွေးထဲ အပြာရောင်ကို စမ်းသပ်ရန်အကြံအစည်က ဝင်ရောက်ခဲ့ပြီးဖြစ်၏။

"ငါတို့သရုပ်ဆောင်တာကို အတိုးတောင်မျက်စေ့လည်သွားတယ် မဟုတ်လား"

စိုးမိုး၀၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



စက်ကွင်းက ပြုံးစေ့စေ့နဲ့မေးပေမဲ့ ချယ်ရီက လိုက်မပြုံး။

"ကောင်မလေး တော်တော်ခံစားသွားရတယ်နဲ့တူတယ်"

"နင်ကလည်း ငါခံစားရမှာတော့ ထည့်မတွက်ဘူး"

ချယ်ရီကို ပခုံးချင်းပစ်တိုက်ပြီးပြောသည်။ မရည်ရွယ်ဘဲ ခြံထဲတစ်ပတ်လမ်းအတူလျှောက်ကြသည်။

"ငါအကဲခတ်ရသလောက် သူလည်း နင့်အပေါ်ချစ်နေ တာ သေချာပါပြီဟ"

"နင်မသိပါဘူး မိချယ်ရယ်"

"ဘာမသိတာလဲ"

"သူက အရှောင်အတိမ်းသိပ်ကောင်းတာ"

"ဘယ်လို"

ချယ်ရီက နားမရှင်းသလို ဆံပင်တွေအား နားရွက်နောက် သိမ်းရင်းပြန်မေး၏။

"ဟုတ်တယ်...ပြီးတော့ အရွဲ့တိုက်ချင်တဲ့စိတ်လည်း ရှိတယ်"

"ဒါကတော့ မိန်းကလေးကိုဟဲ့"





စက်ကွင်းက ဝီရခံခဲ့သမျှမှ အစပြု၍ သူ့အိမ်ပါလာတဲ့ အထိ တချို့အကြောင်းတွေကို လျှို့ဝှက်ထားကာ ပြောပြမိသည်။ ချယ်ရီက သူပြောတာ နားထောင်နေ၏။

"ဒါဖြင့် သူ မစေ့စပ်ချင်လို့ အကြောင်းပြပြီး နင့်နောက် လိုက်လာတာပေါ့၊ အဲဒီလိုလား"

"ငါ့အထင်ပါ"

"အေးလေ...မိန်းကလေးတစ်ယောက်အတွက် မချစ် မနှစ်သက်တဲ့သူနဲ့ လက်မထပ်ချင်တာ မမှားပါဘူး၊ ဒါဆို နင်နဲ့ ဒီလောက်အကြာကြီး နေနေတာကျတော့ရော နင့်ကိုချစ်လို့ဆိုပြီး မယူဆသင့်ဘူးလား"

ချယ်ရီ့အမေးမှာ စက်ကွင်း ရုတ်တရက် တွေဝေသွားရ သည်။ ချယ်ရီကတော့ သူ့ကိုကြည့်သည်။

"နင် အသည်းကွဲမှာကြောက်နေတာလား၊ စက်ကွင်း သတ္တိမရှိဘူးလို့တော့ ငါမစွပ်စွဲချင်ဘူး စက်ကွင်း၊ ဒါပေမဲ့ အချစ်ဆို တာ ရဲရဲချစ်ရဲမှ အချစ်လို့ခေါ်တာ၊ ကာကွယ်တာ၊ တားဆီးတာတွေနဲ့ နင် မရဲ့မရဲဖြစ်နေရင်တော့ သေချာတယ် နင်အသည်းကွဲမှာ၊



www.burmeseclassic.com

www.burmeseclassic.com



သေမှာကြောက်တဲ့သူက နှစ်ခါသေရသလိုပေါ့၊ ဘာဖြစ်လဲ အသည်းကွဲ ချင်ကွဲပေါ့၊ အရေးကြီးတာ အရှင်ချစ်ရဖို့၊ အိုကေ”

စက်ကွင်းတစ်ယောက်တည်း ခေါင်းငိုက်စိုက်ကျသွားသည်။ သတ္တိမရှိတာတော့မဟုတ်။ ဒါပေမဲ့ မပိုင်ဆိုင်ခင်ကတည်းက ဆုံးရှုံးရမည်ဆိုလျှင် စက်ကွင်း သူမကို အဆုံးရှုံးမခံနိုင်တာဖြစ်၏။

“ဘာပဲဖြစ်ဖြစ် ဖွင့်ပြောဟာ၊ ဒါမှမဟုတ် ငါ အောင်သွယ် လုပ်ပေးရမလား”

မေးလာတဲ့ချယ်ရီကို သူ ခေါင်းခါပြသည်။

“မလိုပါဘူး”

“ငါတို့က ရင်ဘတ်ချင်း တံတားလှမ်းခင်းရုံပဲ၊ အားလုံး နားလည်ပြီးသား”

“ဒါဖြင့်လည်း လာဒိုပြမနေနဲ့ကိုယ်တော်၊ အပြာရောင် ကိုယ်တိုင် နင့်ကိုချစ်နေတာ ငါသိတယ်”

မြှောက်ပေးသူချယ်ရီနှင့် စက်ကွင်း အကြည့်ချင်းဆုံပြီး ဟက်ဟက်ပက်ပက်ရယ်သည်။

“ဆရာ…ဆရာ လုပ်ပါဦး”





ခြံထဲအထိ ဆင်းချလာတဲ့ မရွှေစာကြောင့် စက်ကွင်းအလန့် တကြားလှည့်ကြည့်လိုက်၏။

“ဘာဖြစ်တာလဲ မရွှေစာ”

“အပြာရောင် မရှိတော့ဘူးဆရာ”

“ဟင်”

“ဘာ”

လန့်ခြင်းထက် မယုံနိုင်ခြင်းကပိုသည်။ အပြာရောင်ဆိုတာ သူ့ရင်ခွင် အရိပ်မှလွဲ၍ ထွက်သွားစရာမရှိဟူသောအသိက လွဲမှားခဲ့ပြီလား။

“တကယ်ပြောတာ ဆရာ အိမ်မှာ အပြာရောင်မရှိတော့ဘူး”

“နေပါဦး မရွှေစာရဲ့ ဟို အိမ်ထဲတစ်နေရာရာများသွားနေသလား၊ တစ်အိမ်လုံးနှံ့အောင်ရှာပြီးပြီလား”

ချယ်ရီက ဝင်မေးတော့ မရွှေစာက ဇက်ကျိုးကျမတတ် ခေါင်းညိတ်ပြသည်။

“ရှာစရာမလိုတော့ပါဘူး ချယ်ရီရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အပြာရောင် ဒီကထွက်သွားပြီဆိုတာ မှန်တင်ခဲ့ပေါ့ စာရေးခဲ့တယ်၊ ပြီးတော့ ဆရာဝယ်ပေးထားတဲ့ ပစ္စည်းတွေ ဘာမှ မယူဘဲ ထွက်သွားတာ"

"ဘယ်လိုလုပ်ကြမလဲစက်ကွင်း"

"ငါ သူ့ကိုလိုက်ရှာမယ်ချယ်ရီ"

"ဟဲ့…နေဦးလေ၊ ငါပါလိုက်ခဲ့မယ်"

"မလိုက်နဲ့ ငါသွားပြီ"

"စက်ကွင်း"

"ဟဲ့…နေဦးဆို"

ချယ်ရီလှမ်းခေါ်ပေမယ့် စက်ကွင်းက လှည့်မကြည့် သူတို့များက ပြေးသွား၏။ ချယ်ရီပါ ပြေးလိုက်သည်။

"ဟာ…ဒါဆို ရှာရတော့မှာပေါ့"

စက်ကွင်း ဝရုန်းသုန်းကားနှင့် ပေါ်တီကိုအောက် ထိုးရပ်ထားသောကားပေါ် ပြေးတက်သည်။ ကားစက်နှိုးရင်း သူမနှင့်တွေ့လျှင် သူ့ထံအမြန်ဆုံးအကြောင်းကြားနိုင်မည့် လူတစ် ထံ ဆက်သွယ်သည်။





"စက်ကွင်း နေဦးဆို"

"ဟဲ့…နင်နဲ့ ငါပါလိုက်မယ်သိလား၊ နင် သူ့ကိုတွေ့ရင် တစ်ခါတည်း အကြောင်းစုံရှင်းပြလို့ရအောင်"

စက်ကွင်းရဲ့ ကားတံခါးဖွင့်ပြီး ဧွေ့ခနဲဝင်ထိုင်တဲ့ ချယ်ရီ ကို သူမတားနိုင်တော့။ ကားလေးက စိတ်ရဲ့စေညွှန်ရာအတိုင်း ဝေါခနဲဦးမော့ပြီး ပြေးသည်။ ထိုယောက်ယက်ခတ်နေသော ခြင်းကွင်းအား သေွးအေးအေးနှင့် အိမ်ပေါ်မှစောင့်ကြည့်နေသူက ဦးမိုးကျော်။ စက်ကွင်းကား ခြံထဲကထွက်သွားမှ ဦးမိုးကျော်က ဖုန်းခလုတ်တွေကို နှိပ်ခေါ်သည်။

"ပန်းလား…ကိုယ်ပါ"

"အခြေအနေကတော့ မထင်မှတ်ဘဲ ရှုပ်ကုန်ပြီနဲ့တူပါရဲ့၊ အင်း အကြောင်းထူးရင် ကိုယ်ထပ်ဆက်ပါ့မယ်"

ပြောပြီး ဖုန်းချကာ နှုတ်ဖျားမှ ပန်း…ပန်း…သြော် မောင့်အသည်း ပန်းဟု တဖွဖွရေရွတ်နေ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အန္တရာယ်တွေကြုံလာရင် မင်းကစောင့်ရှောက်ထား ×××× အိုး×××အိုး ××× နင် ကိုယ်ရံတော်လို ကာကွယ် ××× အမြဲတမ်းငါ့ရဲ့အနား ××× အိုး ××× အိုး ဘယ်လိုရန်တွေလာပစေ ရင်ဆိုင်ကာရှင်း ××× အိုး ××× အိုး လုံခြုံနေတယ် အကြင်နာရင်ခွင်ငယ်လေးရဲ့ထဲ×××× ရေး ×××ရေး ×××ရေး

အို…မင်းအနားရှိရင် ××× ဒါ ငါ့အတွက်အားအင်မိုးထက်ကကြယ်စင် ×××လှမ်းကာခူးလိုက်ချင် ××× မင်းကငါ့ရဲ့ကမ္ဘာကြီး ××× မင်းကငါ့ရဲ့အိပ်မက်သခင် ×××× ဒီလိုမင်းအနားရှိရင် ကြောက်စိတ်များကင်းစင် ×××× အဆုံးမဲ့တဲ့သံသ



www.burmeseclassic.com

www.burmeseclassic.com



ရာတောင် ကူးကာဖြတ်လိုက်ချင် ××× မင်းက ငါ့ရဲ့ကမ္ဘာကြီး မင်းကငါ့ရဲ့အိပ်မက်သခင် ××××"

ညြှရှတဲ့ အဆိုတော်ရဲ့အသံနှင့် တေးသံသာက အပြာရောင်နားထဲမှတစ်ဆင့် နှလုံးသည်းပွတ်ထိ စီးဆင်းသွားပေမဲ့ အခါများစွာကလို ချိုမြိန်ခြင်းမရှိတော့။ အပြာရောင်က မြစ်တစ်ဖက်ကမ်းဆီ ကူးလူး ဆက်သွယ်ထားတဲ့ တံတားကြီးကို လှမ်းကြည့်ပြီး နှလုံးသားချင်း တံတားထိုးရတာ ဘာကြောင့်ခက်ခဲနေပါလိမ့်လို့ တွေးမိသည်။ ဒါကြောင့် ယုဝကပြောခဲ့သည်။

"အချစ်ဆိုတာ မိတ္တူဆွဲသလို ချုံ့လို့ချဲ့လို့မရသလို အသွားအပြန်ရှိတယ်လို့လည်း တထစ်ချကြီး ပြောလို့မရဘူးဟဲ့၊ မေတ္တာမှာ အသွားအပြန်ရှိတာမှန်ပေမဲ့ ၁၅၀၀ နဲ့ ၅၂၈ သုံးချိုးတစ်ချိုးကွာမှတော့ တန်ဖိုးချင်းကွာတာ ဘယ်ဆန်းပါ့မလဲ"

ဒီနေရာမှာတော့ ယုဝရဲ့ဒဿနက မှန်တယ်လို့ဆိုရမှာ တစ်သက်မှာတစ်ခါသာ ရှယ်စူးခဲ့သောအချစ်သည် အခုတော့ မစရသေးဘဲ ဆုံးသွားခဲ့ပြီဖြစ်၏။

တခြားလူတွေအတွက် ဘဝမှာ အချစ်က ဘယ်လောက်





အရေးပါသလဲ။ ဘဝနဲ့အချစ် ဆက်စပ်နေသလား အပြာရောင်မသိပါ။ ဒါပေမဲ့ ရင်ထဲမှာ ထိရှမှုကတော့ ဖြစ်ခဲ့ပါပြီ။ အပြာရောင်အတွက်တော့ အချစ်နဲ့ဘဝက ထပ်တူညီသော အချိုးကျခြင်းမျိုးနှင့် ချိတ်ဆက်ထားခဲ့သည်။

"ဟော့...မပြေးနဲ့"

အော်သံကျယ်ကြီးက လေပြည်ညှင်းနဲ့အတူ သုတ်ခနဲပါလာ၏။ အပြာရောင်က လေအရှိန်ကြောင့် ဖရိုဖရဲဖြစ်နေသော ဂါဝန်ကိုသိမ်းကာ နောက်လှည့်ကြည့်သည်။

"ဟင်...လူသတ်သမား"

အကျင့်ပါနေသော ခြေထောက်က ပြေးရန်ဟန်ပြင်ပြီး လက်ထဲကပိတ်ထားသောဖုန်းကို ပြန်ဖွင့်ကာ စက်ကွင်း သူ့ထံဆက်သွယ်ရန် သတိရဖြစ်သွား၏။

"ဟင့်အင်း သူ့ဆီကိုဖုန်းမဆက်ဘူး"

မာနနှင့် နာကြည်းမှုရောပြွန်းကာ ခေါင်းခါငြင်းဆန်၏။ ဖုန်းပေါ်တင်ထားသော လက်သာစေ ဖုန်းကိုပါ မြစ်ပြင်ကျယ်ထဲ လွှဲလွှင့်ပစ်ကာ ရောက်ရာနေရာမှာပဲ ခြေစုံရပ်နေတော့ ရှူးသိတ်



www.burmeseclassic.com

www.burmeseclassic.com



သမားနှင့် သူ့အပေါင်းအပါတစ်စုက တအံ့တသြဖြစ်သွား၏။

"မင်း…မင်း မပြေးဘူးလား၊ ဒါမှမဟုတ် ဟိုလူကို လှမ်းမခေါ်ဘူးလား"

"မခေါ်ဘူး"

"ဟား…သတ္တိကောင်းလှချည်လား"

အပြာရောင်က နေရာတင်ပေကပ်ကပ်နှင့် ရပ်နေ၏။

"ကဲ…ပြော ရှင်တို့ ကျွန်မကိုသတ်မှာလား၊ ရှင်တို့ အကြောင်းတွေ အကုန်သိထားတဲ့ အပြာရောင်ကိုသတ်မှာလား၊ သတ်ချင်သတ်လိုက်၊ အပြာရောင် မကြောက်ဘူး"

"သတ်ကြလေ"

"ကျွန်မကိုသတ်ပါ"

အပြာရောင်ပြောတော့ အဲဒီလူသတ်သမားအုပ်စုက သူမအနားသို့ပင် မလာရဲတော့ဘဲ နေရာတင်ရပ်နေကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာဆက်လုပ်ရမလဲ တိုင်ပင်နေကြဟန်ရှိသည်။ ခဏကြာမှ လူသတ်သမားက သူ့လူတွေကို မျက်စပစ်ပြသည်။





"ကျွန်မ အသက်မရှင်ချင်တော့ဘူး၊ ရှင်တို့မသတ်ရင် ကိုယ့်ဘာသာသတ်သေမယ်"

"ဟိတ်…နေဦး"

"မင်းတို့ သူ့ကိုကြည့်ထားစမ်း၊ ထွက်မပြေးစေနဲ့၊ ငါ ဆရာကြီးဆီကို ဖုန်းခေါ်လိုက်ဦးမယ်"

"မင်းထွက်မပြေးနဲ့နော်"

ညွှန်ကြားချက်ပေးပြီး အပြာရောင်နဲ့ဝေးရာမှာ ဖုန်းသွားပြောသည်။ အပြာရောင်ကတော့ ခပ်တည်တည်ပင် လက်ပိုက်ရပ်နေ၏။ စိတ်ထဲမှာ နာကျင်ကြေကွဲမှုဒဏ်ရာတွေနှင့် နှလုံးသားက ဟင်းလင်းပြင်ဖြစ်နေ၏။

"မပြေးပါဘူး…ဆရာကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်ရတာ ပိုကောင်းကောင်းသေးတယ်၊ ရှင်တို့ဆရာအလာကို ကျွန်မစောင့်မှာပါ"

ထုံးစံအတိုင်း မကြားတကြား ရေရွှတ်ကာ မတုန်မလှုပ် ရပ်နေခဲ့သည်။ တကယ်ပါ။ အသည်းကွဲသွားပြီးလျှင် သတ္တိတွေ ထွက်လာတတ်သလား။ အပြာရောင် ကြားတော့မကြားဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သေမထူးနေမထူးဆိုတာ ဒါမျိုးလားလို့တွေးကြည့်ရမလို ဖြစ်နေလေပြီ။ ခဏကြာတော့ ဆရာကြီးဆိုသူနှင့် ဖုန်းပြောပြီးသွားဟန်တူသည်။ လူသတ်သမားက အပြာရောင်ထံ ပြန်လျှောက်လာ၏။

"ဟော့ကောင်တွေ သူ့ကိုခေါ်ခဲ့၊ ဆုံရပ်ကိုသွားမယ်"

"လာ…လိုက်ခဲ့"

အပြာရောင်လက်မောင်းအား တစ်ဖက်တစ်ချက်ဆီ ဆွဲခေါ်မည့်လက်တွေကို သူမက တွန်းဖယ်ပစ်သည်။

"မကိုင်နဲ့…ကျွန်မဘာသာသွားမယ်"

"သတ္တိတော့ ကြိုက်သွားပြီ"

ပြောပြီး ကားဆီအရောက်လျှောက်လာသည်။ ကားနားရောက်တော့လည်း ကိုယ့်ဟာကိုယ်ပဲ တက်ထိုင်ကာ အားလုံးကို တည်တည်ငြိမ်ငြိမ်နှင့် ပြန်ကြည့်ပုံက မှန်တိုင်းပဲလာလာ လေပြည်လေညှင်းပဲတိုက်တိုက် အားလုံးကို ရင်ဆိုင်တော့မည့်ဟန်ပန်အပြည့်နှင့် သူတို့ကတောင် အပြာရောင်ကို ပြန်ကြောက်သည့်ပုံ ပေါ်နေတာမို့ တကယ်ပါ ချစ်သူကပေးမည့် အချစ်မရမှတော့ သေသွားတာမှ ကောင်းပါ





လိမ့်မည်။ ကိုယ့်ကိုယ်ကို သတ်မသေ၍ အဖန်ငါးရာငါးကမ္ဘာလည်း မခံရ။ ကိုယ့်ကိုယ်ကို လုပ်ကြံဖို့ထိလည်း သတ္တိမရှိတာကြောင့် ခင်းတို့သဘော။ အပြာရောင်ကတော့ သတ်သတ်သေသေဘာမဆို အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင်…ဒါ ရှင်တို့ရဲ့ဆုံရပ်"

တစ်လမ်းလုံး အပြာရောင်မျက်လုံးတို့ အဝတ်နက်ကြီးညည်းပြီးခေါ်လာခဲ့သည်။ ဓာတ်လှေကားစီးရတာလည်းသိသည်။ နောက် တံခါးဖွင့်သံနှင့်အတူ အေးစိမ့်သွားသောအခန်းထဲ အပြာရောင် ရောက်လာတာလည်း သိသည်။ ထိုနောက်မှာ အဝတ်နက်ဖြည်ချပေးမှ တစ်ခန်းလုံး လှည့်ပတ်ကြည့်တော့ ဒါ ကွန်ဒိုခန်း။

"ဟုတ်တယ်…ဟိုဘက်က မိဖြိုးတို့ ကဲကဲတို့အခန်း၊ ဒါဆို ဒီအခန်းကရှင် လူသတ်တဲ့အခန်းပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဟင်"

"ဒါဆို ရှင် လူသတ်သမား"

အပြာရောင်က ထိုင်နေရာမှ ဝုန်းခနဲထကာအော်ကာ လက်ညှိုးငေါက်ငေါက်ထိုးသည်။

"လူသတ်သမားမဟုတ်ပါဘူးဗျာ"

အစွပ်စွဲခံရသူက မျက်နှာငယ်လေးနှင့် တောင်းပန်သည်။

"ဒီမှာ ကျွန်မမျက်လုံးတွေနဲ့ တပ်အပ်မြင်ခဲ့တာ ရှင်မလိမ်နဲ့"

"မလိမ်ပါဘူးဗျာ"

ထိုလူက လက်တကာကာနှင့်ငြင်းသည်။

"ဟောကောင်တွေ မင်းတို့ဝင်ပြောကြဦး"

သူ့လူတွေကို စစ်ကူခေါ်လေသည်။ အပြာရောင်ကတော့ ရှင်းပြဖို့ အနားသို့ဝိုင်းလာသည့် လူနှစ်ယောက်ကို ဝေ့ခနဲကြည့်သည်။

"ငါ့မယုံငါ့သားမေးဆိုတာမျိုး ဖြစ်နေပြီ၊ ရှင်နဲ့ အလိုရ





အလိုပါတွေကို ရှင်းပြပါဆိုတိုင်း ကျွန်မက ယုံမယ်ထင်သလား၊ လာမရှုပ်နဲ့ မရဘူး"

"ဒါဆို ကိုယ်ရှင်းပြရင်ရော"

ရင်းနှီးလွန်းတဲ့ ဒီအသံကြောင့် အပြာရောင်က နောက်သို့ ဆတ်ခနဲလှည့်ကြည့်သည်။

"ဟင်"

"စက်ကွင်း"

ရင်ထဲမှာ စက်ကွင်းဆိုတဲ့အမည်က အကျယ်ကြီးမြည်ဟီးသွားသည်။ သူက အပြာရောင်နားအထိ လျှောက်လာပြီး မျက်နှာက မရယ်ပေမဲ့ ရယ်မြူးရိပ်သန်းသော မျက်ဝန်းတွေနှင့်ဖြစ်သည်။

"တကယ်ပြောတာ၊ ကိုယ်ရှင်းပြရင်ယုံမှာလားအပြာရောင်"

"ယုံမှာပါဆရာရဲ့၊ ရှင်းပြလိုက်ပါ၊ ဆရာ့ကိုအားကိုးပါတယ်ဆရာ"

အရေးထဲ လူသတ်သမားက ဝင်တောင်းပန်နေသေးသည်။ အပြာရောင်ကတော့ ယုံသည်မယုံသည် ခေါင်းထဲမှာမတွေးမိ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုငေးကြည့်ကာ သူဘယ်လိုလုပ်ပြီး ဒီနားရောက်လာသလဲလို့ တွေးနေမိတာ တကယ်ဖြစ်၏။

"ရှင်ဒီကိုဘာလာလုပ်တာလဲ"

"ထွက်ပြေးသွားတဲ့သူကို လိုက်ဖမ်းတာ"

"ဘာ"

"တကယ်တော့ သူတို့က လူသတ်သမားတွေမဟုတ်ပါဘူး၊ သည်းထိတ်ရင်ဖို ဇီဒီယိုရိုက်ပြီး ကိုယ်တိုင်သရုပ်ဆောင် ကိုယ်တိုင်ထုတ်လုပ်မဲ့သူတွေ"

"ရှင်…သရုပ်ဆောင်၊ ထုတ်လုပ်သူဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

အပြာရောင်က အံ့သြခြင်းတွေ အခုမှ တစ်ကပြန်စသည်။ အသည်းအသန် မေးတော့ လူသတ်သမားဟု ထင်နေသူက ထပ်တလဲလဲ ခေါင်းညိတ်ပြ၏။

"မယုံရင် ဒီမှာကြည့်ပါဗျာ"

အနားရှိ တီဗီကိုလှမ်းဖွင့်ပြ၏။ အရင်ဆုံးပေါ်လာသော မိန်းမတစ်ယောက်အား လည်ပင်းညှစ်နေသည့်ပုံပေမဲ့ မိန်းမမဟုတ်





ဘဲ အင်္ကျီတွေဘာတွေဝတ်ပြီး ချုပ်ထားတတ်သည့် အရုပ်မကြီး ဖြစ်နေသည်။ ပြီးတော့ ထိုအရုပ်ကြီးကိုထမ်းကာ ပြတင်းပေါက်မှ ပစ်ချဟန်အထိပဲပါကာ ထိုနေရာတင် အဆက်ပြတ်သွား၏။

"တကယ်တော့ ကျွန်တော်တို့ဇာတ်လမ်းကိုလည်း ဆင်ဆာတင်ပြီးသားပါ၊ ကားထွက်ဖို့ဖြစ်ပြီး တည်းဖြတ်ရင်း တချို့ အခန်းတွေကို မကြိုက်တာနဲ့ ပြန်ရိုက်ကြရင်းက စက်ကွင်းက မြင်သွားတော့ ရှင်းပြဖို့အတွက် ကျွန်တော်လာခဲ့တာပါ၊ အဲဒီတုံးက ဒီနစ်ကောင်လည်းပါတယ်ဗျ၊ ကျွန်တော့်နောက်မှာ ကျွန်တော်လာ ဘာကိုပဲတွေ့ပြီး အပြာရောင်က ထွက်ပြေးတော့ အဲဒီမှာ ဇာတ်လမ်း တွေ ပိုရှုပ်ကုန်တာမျိုးပါ"

"ဒါဆို ရှင်တို့ အပြာရောင်နောက်ကိုလိုက်နေတာပေါ့ ဗျာ"

"ရှင်းပြဖို့ပါပဲ"

"အပြာရောင်က အထင်လွဲပြီး ရဲစခန်းတွေ ဘာတွေ ရောက်သွားရင် ကျွန်တော်တို့အနုပညာလောကမှာ တအား ရုပ်ပျက် ဆင်းပျက် ဖြစ်သွားမယ်၊ ဇာတ်လမ်းလည်းမထွက်ခင် ပေါက်ကြား



www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးတာနဲ့"

"ဒါဆိုလည်း ပြီးတာပါပဲ၊ ရှင် လူသတ်သမားမဟုတ်ဘူးပေါ့၊ ရပါပြီ၊ ကျွန်မကိုသွားခွင့်ပြုပါဦး"

အပြာရောင်က အခန်းဝသို့ ချက်ချင်းလှည့်ထွက်သည်။

"ဟော့…နေဦး"

နောက်ကနေ စက်ကွင်းက လက်လှမ်းဆွဲ၏။

"မပြီးသေးဘူး…နောက်ထပ်ရှင်းပြစရာတွေ ကျန်သေးတယ်"

"ရှင် ကျွန်မလက်ကိုလွှတ်"

"မလွှတ်ဘူး"

"ဟင်"

"အို…မကြားချင်ဘူး"

အပြာရောင်က ချက်ချင်းပြန်ရုန်းသည်။ စောစောအနားမှာရှိခဲ့သော လူတွေက အလှို့အလှို့ဖြင့် အခန်းပြင်ထွက်သွားကြသည်။ အခုတော့ အခန်းကျယ်ကြီးထဲမှာ သူနဲ့အပြာရောင်နှစ်ယောက်တည်း။





"အပြာရောင်"

"ဘာလဲ"

"ကိုယ်ပြောတာနားထောင်ပြီးမှ သွားရမယ်"

စက်ကွင်းက အပြာရောင်လက်နှစ်ဖက်ကို ဆွဲ၍ သူ့ဘက်သို့ တည့်တည့်လှည့်ပြီး အပြာရောင်မျက်နှာကို ချစ်မြတ်နိုးစွာ စိုက်ကြည့်သည်။

"အဲဒီစီဒီယိုရိုက်တဲ့လူတွေအကြောင်း ကိုယ်တည်းခိုခန်းမှာကတည်းက သိတာ"

"ဘာ"

"ကိုယ့်ကိုစိတ်ဆိုးလား အပြာရောင်"

"ရှင် လူလိမ်လူညာပဲ"

"အဲဒါ အပြာရောင်ကိုချစ်လို့"

အပြာရောင်က ဒေါသနှင့် ချက်ချင်း မျက်လုံးတွေ စူးရဲသွားသည်။ စက်ကွင်းက ရယ်မြူးရိပ်သမ်းသောမျက်နှာဖြင့် ဒါးဖောင်းဖောင်းကြားထဲက နှာတံစင်းကော့ကော့လေးတွေ၊ ချက်တောင်ကော့တွေ ဝန်းရံထားတဲ့မျက်ဝန်းတွေမှစကာ နှုတ်ခမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



နေသော ပါးပြင်လေးတွေအထိ စေ့စေ့စပ်စပ်လေး လိုက်ကြည့်သည်။

"မပြောနဲ့ မကြားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင့်ကိုမုန်းလို့"

"တကယ်ပြောတာလား၊ အဲဒီညက အပြင်ထွက်ထိုင်နေတုံး မင်း လူသတ်သမားလို့ စွပ်စွဲတဲ့သူက ကိုယ်နဲ့တွေ့ပြီး လာရှင်းပြတာ"

"အလကားလူ"

"ထင်လို့ပါ၊ အပြာရောင်ကိုချစ်တဲ့လူဆိုရင် ပိုမုန်းတယ်"

"လွှတ်"

"မလွှတ်ဘူး"

"ကိုယ်တို့ အဲဒီတည်းခိုခန်းမှာရှိတာ သူသိသွားတယ်လေ၊ အဲဒါကြောင့် သူကပြောသွားတာ၊ အစ်ကို့ချစ်သူကောင်မလေးကို ရှင်းပြပေးပါတဲ့၊ ကိုယ်ကမရှင်းပြခဲ့တာ မင်းသိရင် အနားကထွက်ပြေးသွားမှာစိုးလို့"





"ကိုယ် အဲဒီထဲက အပြာရောင်ကို"

"ဒီမှာ...အပြာရောင်က ရှင့်ချစ်သူမဟုတ်ဘူး၊ ရှင်နဲ့ မချယ်ရီက"

"ဟော့...ကိုယ်နဲ့ချယ်ရီက ဘာမှမဆိုင်ဘူးနော်၊ ချယ်ရီက ကိုယ့်သူငယ်ချင်း"

"ဘာမဆိုင်တာလဲ၊ ရှင်တို့ပဲ အတိုးကိုအလယ်မှာထားပြီးတော့"

"အဲဒါ မင်းရဲ့စိတ်ကိုစမ်းသပ်တာ"

"ဘာပြောတယ်"

အပြာရောင်က ဆတ်ခနဲဖြစ်သွား၏။

"အပြာရောင် ကိုယ့်ကိုချစ်ရင် သဝန်တိုရမယ်"

"ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ ကိုယ်ထင်တဲ့အတိုင်းပဲ ရည်းစားတွေလည်းထားဖူး၊ မကြိုက်တော့ရင် ပစ်ပြေးနဲ့ဆိုတော့ ကိုယ်လည်း အဲဒီလိုပစ်ပြေးခံရမှာကြောက်လို့"

"တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဗျာ…ကောင်မလေးတစ်ယောက် ကိုယ့်ကို ချယ်ရီနဲ့သဝန်တိုပြီး ပြစ်ပြေးသွားထဲက ကိုယ့်ကိုဘယ်လောက်ချစ်လဲဆိုတာ သိသွားတာ"

"ရှင့်ကို ဘယ်တုန်းကမှမချစ်ဘူး"

"တကယ်လား"

"တကယ်ပေါ့"

"ကောင်းပြီ…ကိုယ့်ကို တကယ်ချစ်မချစ်သိရအောင် လက်တွေ့စမ်းကြည့်မှ ဖြစ်မယ်"

"လာခဲ့"

"ရှင်နော်…လွှတ်ဆို"

"အို"

"ချစ်တယ် အပြာရောင်ရယ်"

"ရှင့်ကို အပြာရောင် မုန်းတယ်သိလား"

"မုန်းတယ်"

အပြာရောင်ကအော်ရင်း အဖျားခတ်မှာ အသံတိမ်ဝင်သွားသည်။ ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ မျက်ရည်တွေက





အလိုလိုစွေသီလာခဲ့၏။

"အပြာရောင် ရည်းစားထားခဲ့ပေမဲ့ အဲဒါချစ်လို့မှမဟုတ်တာ၊ အပြာရောင်က အပျော်အနေနဲ့ထားခဲ့တာ၊ အဲဒါက တစ်နေ့ ဒီလိုအထင်သေးစရာဖြစ်"

"ဘယ်သူက အထင်သေးတယ်ပြောလို့လဲ"

ဖျတ်ခနဲ အပြာရောင်မော့ကြည့်တော့ သူ့မျက်ဝန်းထဲမှာ ရယ်မြူးရိပ်တွေနဲ့ ကြည်စင်နေခဲ့သည်။

"အခုပဲ ဦးစက်ကွင်းက"

ထိန်းချုပ်ထားသော မျက်ရည်တွေက ချောင်းရေလျှံသလို တသွဲ့သွဲ့ပြာဆင်းလာတာမြင်တော့ စက်ကွင်း မထိန်းချုပ်နိုင်တော့ သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ရင်း မျက်ရည်တွေကို သူ့အနမ်းများဖြင့် ခြောက်သွေ့သွားစေခဲ့သည်။

"ချစ်ခဲ့တာ စတွေ့ကတည်းက"

"ဘယ်လို"

"ဟောဒီလို…ဟောဒီလိုချစ်တာ"

"ဟင့်အင်းဆို"



www.burmeseclassic.com

www.burmeseclassic.com



"အို"

သူချစ်စကားကျတော့ ရင်ခွင်ထဲမှ လူးလဲခေါင်းထောင်ထကာ ပြန်မေးသည်။ စက်ကွင်းက မော့လာတဲ့မျက်နှာလေးအား နေရာမလပ် နမ်းရှိုက်လိုက်၏။

"အနားမှာရှိနေပေမဲ့ ဘယ်တော့ထွက်ပြေးသွားမလဲလို့ စိုးရိမ်နေခဲ့တာ၊ ထွက်မပြေးအောင် အချစ်နဲ့ နှောင်ဖွဲ့ဖို့ဆိုတာက လည်း မင်းကချစ်တတ်ပါ့မလားဆိုတာ မသိတော့"

"ချစ်တတ်လို့လည်း ရှင့်အနားနေ၊ ရှင်ခိုင်းတာလုပ်ရင်း ရှင့်အနားနေခဲ့တာ"

"အဲဒီလောက်ဆိုရပြီ"

ထပ်မံဝေ့ဝဲလာသောအနမ်းတွေကို အပြာရောင်က ရှောင်ရှားဖြစ်၏။

"တော်ပြီလို့ဆိုနေ ရှင်နော်"

"ဟို…ရှင့်အဘိုးက မိန်းမပေးစားဖို့ဆိုတာ"

"အင်း…သူ့ငယ်ချစ်ဦးရဲ့မြေးနဲ့တဲ့၊ ငယ်ချစ်ဦးက





ဒေါ်ပန်းဝေတဲ့"

"ဟင်…အပြာရောင်ဘွားကို ပြောတာလား"

"အင်း"

"ဟင်…ဒါဆိုရှင်က"

"အပြာရောင်က ကိုယ့်ရဲ့သတို့သမီး"

"ဟယ်"

ဒီတော့မှ အပြာရောင်က လိပ်ပတ်လည်သွား၏။

"ဒါဆို ဘွားနဲ့အဘိုးက"

"ကိုယ်တို့ရဲ့အောင်သွယ်တော်"

ပြောပြီးတာနဲ့ အငိုက်ဖမ်းသော အနမ်းသူခိုးက ပါးပြင်တင် ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ နားသယ်စပ်မှတစ်ဆင့် သူမလည်တိုင်ဆီ အနမ်းတွေ ကျူးကျော်လာ၍ အပြာရောင်မျက်ဝန်းအစုံက ရှက်စိတ်ဖြင့် မှေးမှိတ်သွား၏။

"ချစ်တယ်အပြာရောင်ရယ်"

"အပြာရောင်ရောပဲ"

ချစ်သူမို့ ကြည်ဖြူစွာ အပြာရောင်က လည်စင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ပါမည်။ သူခူးယူခြွေချင်လည်း သူ့သဘောမို့ ဒီတစ်ခါ ကြည်ကြည်ဖြူဖြူ ချစ်အနမ်းတွေအောက်မှာ မျက်ဝန်းအစုံကို ညင်သာစွာ မှေးမှိတ်စေ့ပိတ်ပစ်လိုက်၏။

ချစ်အနမ်းတွေက နွေးထွေးသောလေပြည်နုထဲမှာ မျောလွင့်လျက် အချစ်ကို နှစ်ဦးကို ကျေကျေနပ်နပ် လက်ခုပ်သြဘာပေး ဝှဏ်ပြုလိုက်ကြသည်။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ

ရွှေအူတာ

ကိုးမိုး၁၁၃၆၀

BURMESE CLASSIC .com

www.burmeseclassic.com